စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ဒဂုန်တာရာ

ရုပ်ရှင်၊ ဂီတ၊ စာပေသမိုင်း၊ စာပေရေးရာ၊ စာအုပ်နှင့်အနာဂတ်စိတ်ကူး၊

# သဇင်သင်းပြန်တော့



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ရုပ်ရှင်၊ဂီတ၊စာပေသမိုင်း၊စာပေရေးရာ၊စာအုပ်နှင့်အနာဂတ်စိတ်ကူး၊



Ocean 3

ISBN9789997116635
DGT21
9 789997 116635
4,500.00KS

mgyoe.com

သဇင်သင်းပြန်တော့၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - လင်းဝဏ္ဏ
စာမျက်နှာ ၃၂၂ မျက်နှာ၊ ၁၄ ⋅ ၅ စင်တီ × ၂၀ ⋅ ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၄ သမိုင်းသစ်စာအုပ်တိုက်၏ ပထမအကြိမ်မူ

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သဇင်သင်းပြန်တော့

ဒဂုန်တာရာ

ဒုတိယအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူ၏ မှတ်ချက် က

## (က) ရုပ်ရှင်

– ယနေ့မြန်မာရုပ်ရှင်ဘယ်လဲ ၁

၁။ နိဒါန်း ၁

၂။ အမျိုးသားလွတ်လပ်ရေးနှင့် ရုပ်ရှင် ၅

၃။ ရုပ်ရှင်တွင် ဝတ္ထုစာပေ၏အခန်း ၈

၄။ သရုပ်ဆောင်သူဟူသော အဓိပ္ပာယ် ၁၂

၅။ သရုပ်ဆောင် ကပြမှု ၁၆

၆။ သရုပ်ဆောင်မှုအနုပညာနှင့်ဝတ္ထု ၂၀

၇။ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး၊
ဝတ္ထု၊ ဇာတ်လမ်းနှင့် အနုပညာဆု ၂၄

၈။ ရုပ်ရှင်ညွှန်ကြားရေးဆရာ၏အခန်း ၂၉

၉။ ရုပ်ရှင်ညွှန်ကြားမှုနှင့် သဟာယ အနုပညာများ ၃၃

၁၀။ ဇာတ်ပုံနှင့်အလှဗေဒ ၃၇

၁၁။ ရုပ်ရှင်ဝေဖန်ရေး၏ ပြည်သူ့ကဏ္ဍ ၄၁

၁၂။ ပြည်သူ့တိုက်ပွဲနှင့် ရုပ်ရှင်၏အခန်း ၄၅

၁၃။ အနာဂတ် မြန်မာ့ရုပ်ရှင် ၄၉


mgyoe.com

mgyoe.com

## (ခ) ဂီတမှတ်တမ်း


– အသံလွှင့်ရုံ၊ ရန်ကုန်၊ ပီကင်း၊ မော်စကို ၅၃


## (ဂ) စာပေသမိုင်း


– ယနေ့ မြန်မာစာပေ ၆၀

၁။ စာပေဝေဖန်ရေးနှင့်တုံ့ပြန်ချက်များ ၆၀

၂။ စာပေဝေဖန်ရေးနှင့် စာပေလှုပ်ရှားမှု ၆၆

၃။ ခေတ်စမ်းစာပေနှင့် လှိုင်းဂယက် ၇၂

၁။ တက္ကသိုလ်ပရဝဏ်မှ ပဲ့တင်သံ ၇၂

၂။ အနောက်မှ ပန်းရနံ့ ၇၈

၄။ စာပေသစ်နှင့်လှိုင်းဂယက် ၈၄

၁။ လွတ်လပ်စ ပျိုမျစ်သော အမျိုးသားနိုင်ငံတော်နှင့်စာပေ ၈၄

၂။ ဒီမိုကရေစီ စာပေလှုပ်ရှားမှု ၈၈

၃။ စစ်နှင့်တော်လှန်ရေးအတွင်းမှ ပညာရှင်လူငယ်များ ၈၉

၄။ ဆိုရှယ်လစ်ရည်မှန်းချက်နှင့် စာပေအနုပညာ ၉၃

၅။ အယ်ဒီတာစားပွဲမှ အတွေ့အကြုံ ၉၅

၆။ အမျိုးသားလွတ်လပ်ရေးနှင့် ဆန်းသစ်မှု ၉၉

၇။ ဘဝပတ်ဝန်းကျင်နှင့် စိတ်ကူး ၁၀၁

၈။ သရုပ်ဖော်စာပေဝါဒနှင့် လူငယ် ၁၀၂

၉။ စာပေပြဿနာများ ၁၀၆

၁၀။ ပန်းနုရောင် ဆယ်နှစ်ခေတ် ၁၀၈

၁၁။ စာပေပုံသဏ္ဌာန်များ ၁၁၀

၁၂။ အနှစ် ၂၀–က ရေအယဉ် ၁၁၁

၅။ စာဖတ်ပရိသတ်နှင့် စာပေခေတ် ၁၁၃

၁။ စာရေးသူနှင့် စာဖတ်သူ ၁၁၃

၂။ မြို့နေပညာတတ်ပိုင်း ၁၁၅

၃။ လူငယ်စာဖတ်ပရိသတ် ၁၁၉


mgyoe.com

mgyoe.com

၄။ လူငယ်ပညာရှင်၏ ခေတ်ကိုတုံ့ပြန်ချက် ၁၂၃
၅။ လူငယ်တို့၏ ရသခံစားမှု ၁၂၆
၆။ ဂန္ထဝင်စာပေဝါဒ ၁၂၈
၇။ စိတ်ကူးယဉ်စာပေဝါဒ ၁၃၄
၈။ မြန်မာရှေးဟောင်း ဂန္ထဝင်စာပေအစဉ်အလာ ၁၃၉
၉။ ကိုးကွယ်မှုနှင့်အနုပညာ ၁၄၁
၁၀။ မြေရှင်ပဒေသရာဇ်စနစ်နှင့်စာပေ ၁၄၆
၁၁။ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၏စာပေပွင့် ၁၅၁
၁၂။ နှုတ်ခမ်းနီတို့၏ အသည်းစွဲ ၁၅၄
၆။ လူကြိုက်များသောစာပေ ၁၅၇
၁။ လူကြိုက်များသော စာပေ၏အဓိပ္ပာယ် ၁၅၇
၂။ ဆိုရှယ်လစ်ခေတ်နှင့် လူကြိုက်များသောစာပေ ၁၆၁
၃။ အရွယ်နှင့်ခေတ်ကို ကိုယ်စားပြုသောဝတ္ထု ၁၆၃
၄။ စွန့်စားခန်း၊ စုန်း၊ ကဝေ၊ တစ္ဆေ၊
လျှို့ဝှက်သည်းဖို၊ စုံထောက် ၁၆၈
၅။ လူကြိုက်များသော ဝတ္ထုရေးဆရာ၏ဆည်းဆာရောင် ၁၇၄
၆။ မြို့ပြနှင့်ကျေးလက် ၁၇၆
၇။ ပြည်သူနှင့် စာပေမဟာမိတ် ၁၇၇

## (ဃ) စာပေသမိုင်းမှတ်စု

၁။ စာပေဆည်းဆာ ၁၈၀
၂။ ပန်းနုရောင်၊ နေဝန်းနီနှင့် စိတ်ကူးရုပ်ပုံ ၁၈၆
၃။ ပန်းနုရောင်၊ ရွှေရောင်၊ မြရောင်၊ စိန်သားရောင် ၁၉၄

## (င) မိမိစာပေကိုသုံးသပ်ခြင်း

– ကြာပန်းရေစင်ပြဿနာများ ၂၀၁
– မိမိဝတ္ထုအား ပြန်လည်ကြည့်ရှုချက် ၂၀၁
၁။ စာပေဝေဖန်ရေးအမျိုးမျိုး ၂၀၁

mgyoe.com

mgyoe.com

၂။ ဘာကြောင့် ဝတ္ထုရေးသလဲ ၂၀၃
၃။ ငြိမ်းချမ်းရေးနှင့်စာပေ ၂၀၆
၄။ ငြိမ်းချမ်းရေးနှင့် အဖွဲ့အစည်းများ၏အခန်း ၂၁၀
၅။ ကျယ်ပြန့်သောစည်းရုံးရေး ၂၁၆
၆။ ခံစားမှုဖော်ပြဝတ္ထုပုံသဏ္ဌာန် ၂၂၁
၇။ စာပေနှင့် ဝါဒဖြန့်ချိရေး ၂၂၆
၈။ ဝတ္ထုထဲမှ ဇာတ်ဆောင်များနှင့် တကယ့်ဘဝ ၂၃၀
၉။ ဇာတ်လမ်းမဲ့ဝတ္ထု ၂၃၁
၁၀။ အနုပညာလွတ်လပ်ခွင့်နှင့်အချိန်၊ ဒေသ ၂၃၇
၁၁။ လှိုင်းဂယက် ၂၄၁

## (စ) စာပေရေးရာ အမှာ

၁။ တမာရိပ်၊ နေကြာနှင့် အာဖရိကဒေဝီ ၂၄၃
၂။ လည်ဆွဲသန္တာ ၂၄၆
၃။ နွေပေါင်းများစွာ ဖြတ်ကျော်ပြီ ၂၅၃
၄။ ချစ်တငွေ့ငွေ့ဝတ္ထု ၂၆၁
၅။ ငုရွှေဝါ ၂၆၇
၆။ မလှကျော့၏ သမုဒ္ဒရာနှင့်ရေတစ်စက် ၂၇၄

## (ဆ) မှိုင်းဗေဒ

– ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၂၈၂
– သူ၏ဘဝနှင့်စာပေ ၂၉၇

## (ဇ) စာအုပ်စာတမ်း

၁။ ခေတ်ပေါ်မြန်မာစာစည်းလုံးညီညွတ်ရေး ၂၉၃
၂။ အရွက်နှင့်အရိုး ၂၉၇
၃။ ထနောင်းရိပ်အိပ်မက်နှင့် စက်လူရုပ် ၃၀၁
၄။ သမိုင်းနှင့်ဝတ္ထု ၃၀၄

mgyoe.com

mgyoe.com

၅။ အရင်းရှင်သတင်းစာပညာကို လှေ့လာခြင်း ၁၀၈
၆။ မှန်နန်းဆောင်မှ ဒဂုံရိပ်သာသို့ ၁၁၂
၇။ ယနေ့စာပေလောက ၁၁၆

(ဈ)အနာဂတ်စိတ်ကူး

– စာရေးဆရာအသင်း ၁၁၉

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏ မှတ်ချက်

## (က)

ယခုစာအုပ်သည် လွန်ခဲ့သော ဧပြီလထုတ် 'စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ်' စာအုပ်၏ အဆက်၊ သို့မဟုတ် ဒုတိယတွဲဟု ခေါ်ရပေမည်။ စက္ကူအခက်အခဲကြောင့် (၂) တွဲ ခွဲ၍ ထုတ်ဝေရခြင်း ဖြစ်သည်။ သို့တိုင်အောင် ယခုစာအုပ်တွင်လည်း ကျွန်တော်၏စာပေ၊ အနုပညာရေးရာ ဝေဖန်သုံးသပ်ချက် ဆောင်းပါးများ ကျန်နေပေသေးသည်။ စာပေရေစီးကြောင်း၊ မြန်မာ့ဂီတနိဒါန်း၊ အမှာစာအချို့နှင့် စာအုပ်စစ်တမ်း၊ စာပေနှင့်ဆု စသော ကဏ္ဍအချို့ ဖြစ်သည်။ နောင်အခါ ယင်းဆောင်းပါးများကို တစ်တွဲတည်းနှင့် အကုန်ပါဝင်အောင် ထုတ်ဝေရန်ရည်ရွယ်ထားပါသည်။ ယခု စာအုပ်တွင် စာပေရေးရာများက များနေသည်ကို တွေ့ရပေမည်။ ဂီတ၊ ပန်းချီ၊ ပြဇာတ်သဘင်များ မပါနိုင်တော့ပေ။

ဆောင်းပါးများပါရှိသော ကာလကိုကြည့်လျှင် ၁၉၄၈ မှ ၁၉၇၃ အထိ ကာလကို ဖြတ်သန်းထားသည်။ အစောဆုံးမှာ ၁၉၄၈ က ရေးသော ချစ်တင့်ငွေ့ငွေ့ဝတ္ထုအမှာနှင့် နောက်အကျဆုံး ၁၉၇၃

mgyoe.com

mgyoe.com



က ရေးသော လည်ဆွဲသန္တာအမှာစာ ဖြစ်သည်။ ငွေရတုကာလဟုပင် ဆိုနိုင်သည်။ အမှာစာများတွင် ကျွန်တော်သည် စာပေအယူအဆများကို ဖော်ပြထားလေ့ရှိသည်။ ဆောင်းပါး အများစုမှာ ၁၉၆၇ သည်ဘက်ဖြစ်သည်။

စာအုပ်စစ်တမ်းကဏ္ဍာ ဝေဖန်စာများမှာ 'ဗညားနွဲ့' ဟူသော ကလောင်အမည်ဖြင့် ရေးသော ဆောင်းပါးများဖြစ်ကြသည်။ နိုင်ငံရေး၊ စာပေနှင့် အနုပညာဝေဖန်ရေးစာများကို ကလောင်နာမည်အမျိုးမျိုးဖြင့် ရေးသားလေ့ရှိသည်။ စုစုပေါင်း ကလောင်အမည် (၃၆) ခုခန့်ရှိသည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် အယ်ဒီတာလုပ်ရသောအခါ အမည်ချင်း မထပ်အောင် နာမည်အမျိုးမျိုး ယူရသည်။ ဂီတ၊ ပန်းချီ၊ ရုပ်ရှင်စသော အနုပညာ ဝေဖန်စာများရေးသောအခါ ဘာသာရပ်လိုက်၍ နာမည်တစ်မျိုးစီ ယူထားရသည်။ စာပေဝေဖန်စာများရေးသောအခါ အခြားနာမည်ဝှက်နှင့်ရေးလျှင် ပို၍ လွတ်လပ်သောကြောင့် ဖြစ်သည်။ သို့သော် ဆောင်းပါးပေါင်းချုပ်များ ထုတ်လိုက်သောအခါ ရေခဲသည် အရည်ပျော်ကျသွားရတော့သည်။

## (ခ)

စာပေသမိုင်းကဏ္ဍမှ 'ယနေ့မြန်မာစာပေ' မှာ ကျွန်တော်ထောင်က လွတ်သည့် နှစ် ၁၉၆၇–၌ စတင်ရေးသော အခန်းဆက်ဆောင်းပါး အစုအဝေးဖြစ်သည်။ ၁၉၆၈ အထိရေးသည်။ ခေတ်ပေါ်မြန်မာစာပေ သမိုင်း၏ နိဒါန်းမျှသာ ရှိသေးသည်။ စာပေဝေါဟာရများ၏ အနက်ကို ရှင်းလင်းဖော်ပြရုံသာရှိသေးသည်။ ဆက်၍ မရေးဖြစ်သဖြင့် ပြည့်စုံခြင်း မရှိဟု ဆိုရပေမည်။ ကျွန်တော်ထောင်ထဲတွင်ရောက်ရှိနေသော ၁၉၆၃ မှ ၁၉၆၇ ကာလရှိ မြန်မာစာပေအခြေအနေကိုလည်း ကျွန်တော် ကောင်းစွာ မသိပေ။ မဂ္ဂဇင်းများသာ ဖတ်ခဲ့ရသည်။ လုံးချင်းဝတ္ထုများ၊ ကဗျာများ မဖတ်ခဲ့ရပေ။ 'လူကြိုက်များသောစာပေ' အကြောင်းရေးရာ၌ ယေဘုယျသဘော၊ ၁၉၆၉ အထိ ဖြစ်ပေါ်တိုးတက်နေပုံကိုသာ သုံးသပ်ထားခြင်း ဖြစ်သည်။ ယခုအခါ စုန်း၊ ကဝေ၊ တစ္ဆေ၊ ဝတ္ထုများ မရှိတော့

mgyoe.com

mgyoe.com



ပေ။ ယင်းအစား ၁၉၆၉ သည်ဘက်၌ လျှို့ဝှက်သည်းဖို စုံထောက်များ၊ အပစ်အခတ် အသတ်အပုတ်နှင့် လိင်ဖွဲ့နွဲ့မှုများက ပိုကဲလာသည်။ ဂျိမ်းစ်ဘွန်းသြဇာများ ဝင်နေသည်။ မြန်မာပြည်၌ မဖြစ်သောအရာများကိုသာ ရေးနေကြသည်။ ယင်းအချက်တို့ကို ဖြည့်စွက်ပေးရပေမည်။ 'ယနေ့မြန်မာစာပေ' အခန်း၌ ဝတ္ထုများအကြောင်းကိုသာ ဆိုလိုရင်း ဖြစ်သည်။ ကဗျာဖြစ်ပေါ် တိုးတက်မှုမပါပေ။

နိုင်ငံရေးအရ လွတ်လပ်သော်လည်း စီးပွားရေးအရ မလွတ်လပ်ဟူသော အယူ အဆတစ်ခုပါသည်။ နိုင်ငံရေးလွတ်လပ်မှုဟူသည် လွတ်လပ်ရေးကြေညာခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အခြေခံကား စီးပွားရေးလွတ်လပ်မှု (အမှီခိုကင်းမှု) ပင်ဖြစ်ပြီး စီးပွားရေးလွတ်လပ်မှု မရှိက နိုင်ငံရေးလွတ်လပ်မှုသည် မခိုင်မာတော့ပေ။ ယင်းသို့ တစ်ခုနှင့် တစ်ခု ဆက်စပ်မှီတွယ်နေသည်။ ဖွံ့ဖြိုးစနိုင်ငံများမှာ ယင်းသဘောပင် ဖြစ်ပေသည်။

၂၄-၁၀-၇၄
ဒဂုန်တာရာ

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (က) ရုပ်ရှင်

## ၁။ ယနေ့ မြန်မာရုပ်ရှင် ဘယ်လဲ

### ၁။ နိဒါန်း

(၁)

မြန်မာရုပ်ရှင်သက်တမ်း (၅၀) ပြည့်ပေပြီ။ ရွှေရတုသဘင်နှစ်သို့ပင် ရောက်ပေပြီ။ အမျိုးသားနေ့ ရွှေရတုသဘင်သည် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၏ အမှတ်အသားကို ထင်လင်းအောင် ပြသည်။ တက္ကသိုလ် ရွှေရတုသဘင်သည် ပညာရေးအလင်းရောင်ကို တင်စားလိုက်သည်။

မြန်မာရုပ်ရှင် ရွှေရတုသည် မည်သည့် ယဉ်ကျေးမှုတံခွန်ကို လွှင့်ထူမည်နည်း။ အမှန်အားဖြင့် မြန်မာရုပ်ရှင်သည် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲအတွင်းက မွေးဖွားခဲ့သည်။ ဦးထွန်းရှိန် ဈာပန သတင်းကားဖြင့် ရုပ်ရှင်ကော်ပြားသည် စတင်လှုပ်ရှားခဲ့သည်။ ထို့နောက် ပီမိုးနင်း၏ 'မေတ္တာနှင့်သူရာ' ဝတ္ထုဇာတ်လမ်းကို မူတည်၍ ရိုက်ကူးသည်။ ကောင်းမြတ်သော အစဉ်အလာပင်။

'မှုန်ခြင်း တုန်ခြင်းကို သည်းခံပါ' ဟူသော စာတန်းကို ရှေးဦးမြန်မာရုပ်ရှင် ပရိသတ်သည် တုန်တုန်မှုန်မှုန် ပိတ်ကားပေါ်တွင် ဖတ်ကာ ကြည့်ခဲ့ကြရသည်။ နယ်ချဲ့လက်အောက်ခံခေတ်၊ ကိုလိုနီခေတ်မို့ စက်မှုဘက်က ချို့ယွင်းခဲ့ရသည်။ နှစ်ပေါင်း (၃၀) ကျော် အသံတိတ်ကားများ ရိုက်ကူးခဲ့ရသည်အထိ ရှိခဲ့သည်။

mgyoe.com

mgyoe.com


ယခု လွတ်လပ်ရေး ကြေညာပြီးသည်မှာ အနှစ်–၂၃ နှစ် ရှိပေပြီ။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီးခေတ် စသော ရာဇဝင်ခေတ်များကို ဖြတ်သန်းခဲ့ပြီ။ မြန်မာရုပ်ရှင်သည် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသလော။

(၂)

မြန်မာရုပ်ရှင်သည် ခေတ်များကို ဖြတ်သန်းခဲ့ရသည်။ မြန်မာရုပ်ရှင်နှစ်ဦးကာလကား မြန်မာနိုင်ငံ၏ မြေရှင်ပဒေသရာဇ်တစ်ပိုင်း၊ လက်အောက်ခံ ကိုလိုနီဖြစ်ရာ အတွေးအခေါ်၌ ပဒေသရာဇ်ယဉ်ကျေးမှုသဘောရှိကာ စက်မှုဘက်၌ တုန်မှုန်ခဲ့ရသည်။ ဗိုလ်ဟိန်း၊ ဗိုလ်ဝစသော ဗိုလ်ကားများခေတ်စားခဲ့သည်။ ရှေးပဒေသရာဇ်ခေတ်က တစ်ယောက်ကောင်း၊ သူရဲကောင်းဝါဒ၊ ဗိုလ်မင်းဝါဒ၏ ထင်ဟပ်ချက်ဖြစ်သည်။ ဗိုလ်ကားများပြိုင်ကြရာ တစ်ယောက်က 'ဗိုလ်တကာ့ဘုရင်' ဟု ထလုပ်လိုက်မှ ဗိုလ်ခေတ်စဲသွားတော့သည်။ မြတဘက်၊ မြအေးယဉ် စသော မြေလျှိုး မိုးပျံများ၊ သိုက်သမိုင်းကားများခေတ်စားခဲ့သည်။ ထို့နောက် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဒီရေကမြင့်မားလာသော ၁၉၃၉ ပတ်ဝန်းကျင်၌ကား ဘဝကို သရုပ်ဖော်သော၊ ခေတ်ကိုပြုပြင်သော၊ နိုးကြားအောင် လှုံ့ဆော်သော ကားများ ထွက်စပြုလာသည်။ ယင်းသည်ကား ကိုလိုနီခေတ် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၏ ထင်ဟပ်ချက်ဖြစ်ပေသည်။ ယဉ်ကျေးမှုသည် နိုင်ငံရေး၏ထင်ဟပ်ချက် မဟုတ်ပေလော။

၁၉၄၈ ၌ လွတ်လပ်ရေးရသည်။ သို့သော် အာဏာရသူတို့သည် အမှိုက်ကင်းမဲ့သော စီးပွားရေးစနစ်ကို မထူထောင်ဘဲ အရင်းရှင်စနစ်ကို ဖာထေးပြုပြင်ထားသော၊ နယ်ချဲ့သမားကို အားကိုးသော၊ ဒီမိုကရက်တစ် ဆိုရှယ်လစ်စီးပွားရေးစနစ် (ဝါ) အရင်းရှင်ပြုပြင်ရေးစနစ်ကိုသာ ထူထောင်လိုက်ရာ မြန်မာနိုင်ငံသည် ကိုလိုနီ အမွေအနှစ် မကင်းစင်ဘဲ ဖြစ်ရသည်။ အမျိုးသားလွတ်မြောက်ရေးအခန်း ကုန်ဆုံးအောင် တိုက်ပွဲမဝင်ရခြင်း၏လက္ခဏာဖြစ်သည်။ ယင်းခေတ်၌ တစ်ဖက်က အရင်းရှင်ပေါက်စများက အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလာကြသည်။ အရင်းအနှီးအချို့သည် ရုပ်ရှင်လုပ်ငန်းသို့ စီးဝင်လာကြသည်။ ရုပ်ရှင်ထုတ်လုပ်သူများ မှိုပေါက်လာသည်။ ရုပ်ရှင်ညွှန်ကြားရေးဆရာအသစ်၊ မင်းသား–မင်းသမီးအသစ်၊ ဇာတ်ဆောင်သစ်များလည်း ပေါ်ထွက်လာကြသည်။ နာမည်ကျော်စာရေးဆရာများ၏ ဝတ္ထုများဝယ်ယူ၍ ရိုက်ကူးသောအစဉ်အလာများ စည်ပင်ထွန်းကားလာသည်။

mgyoe.com

mgyoe.com


အရင်းရှင်သည် သူ၏လုပ်ငန်းတိုးတက်လာအောင် လုပ်သင့်သလောက်လုပ်သည်။ သူ၏ ထုတ်ကုန်များ လုံနှစ်သက်မှ သူ၏လုပ်ငန်း လည်း တွင်ကျယ်မည်မဟုတ်လော။ သို့သော် ရှေ့အလားအလာကို မျှော်၍သာ လုပ်ငန်းတိုးတက်မှုကို စိတ်ဝင်စားခြင်း ရှိပေမည်။

## (၃)

ယနေ့ခေတ်၌ ရုပ်ရှင်လုပ်ငန်းမှာ အခြေခံအားဖြင့် အရင်းရှင်စီးပွားရေးစနစ် အငယ်စားပင်ဖြစ်နေပေသေးသည်။ သို့သော် ဇာတ်လမ်းစိစစ်ရေး၊ ကော်ပြားနှင့် ရုပ်ရှင်ပစ္စည်းများ ဝယ်ယူရေး၊ ရုံများပြည်သူပိုင်လုပ်ရေး၊ ကားများငှားယူပြသရေး စသော အနုပညာပိုင်းနှင့် ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးအပိုင်းကို နိုင်ငံတော် အစိုးရက ကွပ်ကဲထိန်းသိမ်းထားသည်။ ကွပ်ကဲကန့်သတ်ထားသော အရင်းရှင်လုပ်ငန်း ဖြစ်နေပေသည်။ ရုပ်ရှင်ကောင်စီမှာ ထုတ်လုပ်သူ၊ အနုပညာရှင်၊ အတတ်ပညာရှင်နှင့် ရုပ်ရှင်အလုပ်သမားများ ပူးတွဲထားသော အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် ရုပ်ရှင်လုပ်ငန်း ဆက်သွယ်ထားသော ဆက်သွယ်ရေးအဖွဲ့အစည်းလည်း ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့မြန်မာရုပ်ရှင် တိုးတက်ရေးသည် ထုတ်လုပ်သူနှင့် နိုင်ငံတော်အစိုးရတို့အပေါ်၌ ပူးတွဲတာဝန်ကျရောက်နေသည်ဟု ဆိုရပေမည်။

ကားများကိုလည်း ကိုလိုနီခေတ်က ဓာတ်ပုံရိုက်စက်ဟောင်းများဖြင့်ပင် ရိုက်နေရဆဲ။ အသံဖမ်းဓာတ်ခွက် အရိပ်မလွတ်၊ ကျိုးငှက်သံများ ပါနေသည် စသည်ဖြင့် ဝေဖန်နေရဆဲပင် ရှိသည်။ အနုပညာဘက်၌လည်း ညွှန်ကြားရေးဆရာများက အမူအရာကို စနစ်တကျ သင်ကြားညွှန်ပြခြင်းများ အားလျော့နေသေးသည်။ ခေတ်ကို သရုပ်ဖော်သော ဇာတ်လမ်းများ နည်းနေသေးသည်။

ခေတ်မီစက်မှု၊ ခေတ်မီရုပ်ရှင်ပညာသင်ကျောင်းများ၊ တက်ကြွသော ရုပ်ရှင်ဝေဖန်ရေးများ ပေါ်ထွက်ရေးကို ရုပ်ရှင်ရွှေရတု၌ ဆွေးနွေးသင့်သည်။

ယခုကား ကားငှားပြသရေးမူကြောင့် ထုတ်လုပ်သူများ နောက်ထပ်ကားထုတ်လုပ်ရေးအတွက် တွေဝေငေးငိုင်နေကြဆဲ။

ယနေ့ရုပ်ရှင်လုပ်ငန်းမှ ပွဲခွန်တော် ၂၀–ရာခိုင်နှုန်း၊ ထုတ်လုပ်သူနှင့် အနုပညာရှင်များထံမှ အမြတ်တော်ကြေး၊ ရုံခ၊ ကားငှားခစသော ဝင်ငွေများ နိုင်ငံတော်အစိုးရက ရရှိနေသည်။ ရုပ်ရှင်လုပ်ငန်းကို ကွပ်ကဲရာ၌ ထုတ်လုပ်သူများ မက်လုံး မရှိက ကားထွက်

mgyoe.com

mgyoe.com


လျှော့သွားမည်။ သို့မဟုတ် ရုပ်ရှင်ဇာတ်ကားများကို နိုင်ငံတော်အစိုးရက ထုတ်လုပ်မည်လော။

မည်သည့်လမ်းသည် ရုပ်ရှင်အနုပညာ၊ အတတ်ပညာ တိုးတက်ရေးသို့ ရှေ့ရှုပေမည်နည်း။

❐

mgyoe.com

mgyoe.com

## ၂။ အမျိုးသားလွတ်လပ်ရေးနှင့် ရုပ်ရှင်

(၁)

မြန်မာရုပ်ရှင် ရွှေရတုသဘင်နှစ်၌ မြန်မာရုပ်ရှင်၏ အနုပညာဘက်တိုးတက်ရေးနှင့် အတတ်ပညာဘက် တိုးတက်ရေးတို့အကျုံးဝင်သော မြန်မာရုပ်ရှင်၏ နောင်ရေးကို မစဉ်းစားသင့်ပေဘူးလော။ ရုပ်ရှင်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပေရာ ယင်းစီးပွားရေးလုပ်ငန်းအနေဖြင့် ဖွဲ့စည်းတည်ရှိနေသောကဏ္ဍကို သုံးသပ်ကြည့်ရပေမည်။

အနုပညာဘက်၌ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဇာတ်ဆောင် ကပြမှု၊ ဂီတ၊ ပန်းချီ၊ ဗိသုကာ၊ ရုပ်ရှင်ညွှန်ကြားမှု စသည်များ ပါဝင်နေသည်။ အတတ်ပညာဘက်၌ အသံ၊ ဓာတ်ပုံ၊ မြင်ကွင်း အကျယ်အဝန်း စသည်များ ပါဝင်သည်။ (ရုပ်ရှင်ညွှန်ကြားမှုမှာ အနုပညာနှင့်အတတ်ပညာ ၂–ရပ်စလုံးနှင့် ပတ်သက်နေသည်။) ယနေ့ အနုပညာရှင်နှင့် အတတ်ပညာရှင်များသည် ရုပ်ရှင်အလုပ်သမားများအဖြစ် ဖွဲ့စည်းလျက်ရှိသည်။ ရုပ်ရှင်ကားများကို ငွေရင်းစိုက်၍ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ရုံငှား ကာပြသခြင်း (ယခုအခါ ရောင်းဝယ်၊ ရုံငှားပြသခြင်းကို အစိုးရလုပ်ကိုင်လာပြီ။) စသော အရင်းရှင်လုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်းများပါဝင်သည်။ ၁၉၆၅ မှစ၍ နိုင်ငံတော်အစိုးရက ရုပ်ရှင်လုပ်ငန်းကို ကွပ်ကဲထိန်းချုပ်ခဲ့သည်။ မရိုက်မီဇာတ်လမ်းစိစစ်ခြင်း၊ ရိုက်ပြီး

mgyoe.com

ကားများကို ဆင်ဆာအဖွဲ့က စစ်ဆေးခြင်း၊ လျှောက်ထားသော ရုပ်ရှင်ကုမ္ပဏီသစ်များ စစ်ဆေးကာ မှတ်ပုံတင်ထုတ်ပေးခြင်း၊ ရုပ်ရှင်စက်မှုပစ္စည်းများ ကော်ပြားများရောင်းချခြင်း၊ ပွဲခွန်တော်နှင့် ရုပ်ရှင်အနုပညာရှင်နှင့် ထုတ်လုပ်သူများထံမှ အမြတ်တော်ခွန်ရရှိခြင်း၊ ရုပ်ရှင်ကောင်စီ အစည်းအဝေးများတွင် အစိုးရ ကိုယ်စားလှယ်များက တက်ရောက်ခြင်း၊ ၁၉၆၈ မှစ၍ ရုပ်ရှင်ရုံများ ပြည်သူပိုင်သိမ်းယူကာ ငှားရမ်းပြသခြင်း၊ ဓာတ်ဆောင်နှင့်ညွှန်ကြားသူအား ရုပ်ရှင်အကယ်ဒမီဆုပေးခြင်း၊ ယခုအခါ ရုပ်ရှင်ကော်ပိုရေးရှင်းဟူသော ရုပ်ရှင် ကုန်သွယ်ရေးဌာန သီးခြားထူထောင်ခြင်း စသည်အားဖြင့် နိုင်ငံတော်အစိုးရကဏ္ဍ၏ ပမာဏသည် ပို၍ ကြီးမားကျယ်ပြန့်လာသည်။ ရုပ်ရှင်လုပ်ငန်းတိုးတက်ရေး၊ ဆုတ်ယုတ်ရေး၌ တာဝန်ပို၍ ရှိလာသည်။

ယင်းတို့ကား ရုပ်ရှင်လုပ်ငန်း၏ အရင်းရှင် စီးပွားရေးဘက်၊ နိုင်ငံတော်အစိုးရဘက်များဖြစ်၍ ပြည်သူ့ဘက်၌ကား ရုပ်ရှင်ပရိသတ်က လက်မှတ်ဝယ်ယူကြည့်ရှုခြင်း၊ ရုပ်ရှင်ကားများကို ဆောင်းပါးရှင်တို့က ဝေဖန်ခြင်း စသည်တို့ ရှိသည်။

မြန်မာ့ရုပ်ရှင်၏ တိုးတက်ရေး ပြဿနာများကို လေ့လာသုံးသပ်မည်ဆိုလျှင် ယင်းသို့ ထွေပြားစုံများလှပေသော ကဏ္ဍအသီးသီးကို တွေ့ရမည်။ ကဏ္ဍဆိုင်ရာ တာဝန်အရပ်ရပ်ကိုလည်း တွေ့ရပေမည်။ တစ်ကဏ္ဍနှင့်တစ်ကဏ္ဍ ဆက်စပ်နေသော သဟာယ ပြဿနာများကိုလည်း တွေ့ရပေမည်။

## (၂)

မြန်မာ့ရုပ်ရှင် နှစ် (၅၀) သက်တမ်းကို တစ်ဖန် ခေတ်ပိုင်း၍ ခြားလိုက်ရန် လိုပေလိမ့်မည်။ ၁၉၂၀ ရုပ်ရှင် စပေါ်သောနှစ်မှ ၁၉၄၈ လွတ်လပ်ရေးကြေညာသော နှစ်အထိ (၂၈ နှစ်သော သက်တမ်း။ ယင်းမှာ အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီခေတ် ဖြစ်ပေသည်။ ၁၉၄၈ မှ ယနေ့အထိ ၂၃ နှစ်မှာ လွတ်လပ်ရေးရပြီး ယနေ့ခေတ်။ လွတ်လပ်ရေးရပြီး ယနေ့ခေတ်ကိုပင်လျှင် ယနေ့အစိုးရက ကွပ်ကဲထိန်းချုပ်သောနှစ်၊ ရုပ်ရှင်ရုံ ပြည်သူပိုင်သိမ်းသောနှစ်၊ လွန်ခဲ့သော ၂ နှစ် ၃ နှစ်ခန့်ကာလကို အသေးစိတ်ခွဲခြားနိုင်ပေသေးသည်။

မြန်မာရုပ်ရှင်သည် ခေတ်အသီးသီးကို ဖြတ်သန်းလာခဲ့သည်။ လူထုနှင့်ဆက်သွယ်ရေး၌ (တခြားသော လူထုဆက်သွယ်ရေးပုံသဏ္ဍာန်များဖြစ်သော စာအုပ်၊ သတင်းစာ၊ ရေဒီယို၊ ဓာတ်သဘင် စသည်တို့နည်းတူ) ရုပ်ရှင်၏ အရေးပါအရာရောက်

mgyoe.com

mgyoe.com

မှုသည် လျော့ပါးမသွားရုံမက တိုး၍ပင် ကျယ်ဝန်းလာသည်ကို တွေ့ရသည်။ စာပေသည် လူတို့အား စွဲလမ်းစေပြီး အသိဉာဏ်၌ ခိုင်မာကြာညောင်းစွာ ခိုဝင်နေသည် မှန်သော်လည်း ရုပ်ရှင်၊ ဇာတ်သဘင် စသည်တို့လောက် အောက်ခြေအထိ မရောက်နိုင်ပေ။ စာမတတ်သူကလည်း ရုပ်ရှင်ကြည့်နိုင်သည်။ ရုပ်ရှင်သည် ရုပ်မြင်သံကြားဖြစ်သဖြင့် လူတို့၏အာရုံကို ပို၍ ဆွဲဆောင်နိုင်သောအားများ ရှိနေသည်။

(၃)

မြန်မာရုပ်ရှင်သည် လွတ်လပ်ရေးရပြီး ကာလ၌ ပို၍ ပမာဏကျယ်ပြန့်လာသည်ဟု အကြမ်းဖျင်း ဆိုနိုင်ပေသည်။ ယင်းသည်ကား လွတ်လပ်ခါစ ထွန်းသစ်စနိုင်ငံတို့၏ သဘာဝပင် ဖြစ်သည်။ နိုင်ငံရေးအားဖြင့် နီးကြားလှုပ်ရှားခြင်းကိုမှီ၍ ယဉ်ကျေးမှုသည်လည်း နိုးကြားလှုပ်ရှားလာမည်မှာ ဓမ္မတာပင်ဖြစ်သည်။

သို့သော် စစ်မဖြစ်မီခေတ်ထက်၊ တစ်နည်းဆိုရသော် အင်္ဂလိပ်လက်အောက်ခံခေတ်၊ ကိုလိုနီဘဝခေတ်ထက် တိုးတက်ပါ၏လော။ ယင်းမေးခွန်းကိုကား မြန်မာရုပ်ရှင်နောင်ရေး စိတ်ဝင်စားသူများ၊ မြန်မာရုပ်ရှင် တိုးတက်ရေးပြုလိုသူများသည် စိစစ်ဝေဖန်သင့်လှပေသည်။

ကိုလိုနီခေတ်၌ ရုပ်ရှင်ထုတ်လုပ်သူ နည်းသေးသည်။ ရုပ်ရှင်အလုပ်သမားများ နည်းသေးသည်။ စက်မှုပစ္စည်းများ ကိုင်တွယ်တတ်ကျွမ်းမှု လိုသေးသည်။ အစိုးရ၏ အားပေးမှုနည်းသေးသည်။ ရုပ်ရှင်ပရိသတ်ထုဘက်မှ ပညာရေး၊ ဝေဖန်ရေး နည်းသေးသည်... စသည်ဖြင့် အကြမ်းဖျင်းနှိုင်းယှဉ်စရာများ တွေ့လာရပေမည်။ သို့သော် လွတ်လပ်ရေးရပြီးခေတ်၌ တိုးတက်လာပြီဟုဆိုလျှင် အရည်အချင်း တိုးတက်ရေးလော၊ အရေအတွက် တိုးတက်ရေးမျှသာလောဟူ၍ ဆန်းစစ်သင့်လှပေသည်။

သို့မှသာ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲခန်း၌ မည်မျှအထိ ရာဇဝင်ခန်းတာဝန်ကျေပွန် ကုန်ဆုံးအောင် ဆင်နွှဲပြီးသည်ဆိုသောအချက်ကို တွေ့ရှိရပေမည်။ တစ်နည်းဆိုရသော် လွတ်လပ်ရေးအင်္ဂါရပ်နှင့်အညီ အမှီခိုကင်းမဲ့သော ဖွံ့ဖြိုးတိုးတက်မှု ရှိလာပါ၏လောဟူသော ပြဿနာကို စောကြောရာလည်း ရောက်ပေသည်။

❒

mgyoe.com

mgyoe.com

# ၃။ ရုပ်ရှင်တွင် ဝတ္ထုစာပေ၏အခန်း

## (၁)

ယနေ့ မြန်မာရုပ်ရှင်လုပ်ငန်း၏ စီးပွားရေးအပိုင်း (အရင်းရှင်ကဏ္ဍနှင့် နိုင်ငံတော် အစိုးရကဏ္ဍ အပါအဝင်) ကို မသုံးသပ်မီ အနုပညာဘက်နှင့် အတတ်ပညာဘက်ကို လေ့လာကြည့်သင့်ပေသည်။

အမှန်အားဖြင့် စီးပွားရေးအပိုင်းမှာ အဓိကကျသော အပိုင်းဖြစ်သည်။ ရုပ်ရှင် တိုးတက်ရေး၊ ဆုတ်ယုတ်ရေးကို ယင်းစီးပွားရေးအပိုင်းက အဆုံးအဖြတ်ပေးနေခြင်း ဖြစ်သည်။ သို့သော် အနုပညာဘက်၊ အတတ်ပညာဘက်အား စိစစ်ရင်း ဆက်စပ် နေသော စီးပွားရေးအပိုင်းသည်လည်း အကျုံးဝင်နေသည်ကို တွေ့ရှိလာရပေမည်။ သို့ဖြစ်ရာ အနုပညာဘက်၊ အတတ်ပညာဘက် အခြေအနေများကို လေ့လာစူးစမ်းခြင်း သည်ပင်လျှင် ယင်းအား အဆုံးအဖြတ်ပေးနေသော စီးပွားရေးလုပ်ငန်းပိုင်း၏ အတိုင်း အတာပမာဏကို လေ့လာခြင်းမည်ပေသည်။

ယင်းတို့ကို အထူးသတိပြုမိလာလျှင် ရုပ်ရှင်လုပ်ငန်း တိုးတက်ရေးလှုပ်ရှားမှု (ဝါ) ယဉ်ကျေးမှုဆိုင်ရာ လူထုလှုပ်ရှားမှုကို ဦးတည်နိုင်လာမည် ဖြစ်ပေသည်။

ယင်းရုပ်ရှင်လုပ်ငန်း တိုးတက်ရေး အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ လူထု လှုပ်ရှားမှုသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်ခြင်းလည်း ရှိပေသည်။ ပြည်သူလူထု

mgyoe.com

ယဉ်ကျေးမှု အဆင့်အတန်း မြှင့်တင်ရေးသည် လူတို့၏စားဝတ်နေရေးဟူသော စီးပွားရေးအဆင့်အတန်း၊ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနှင့် တစ်ပါတည်း ဆက်စပ်လုပ်ဆောင်ရမည့်အရေးပင် ဖြစ်ပေသည်။ ပြည်သူလူထုက ရုပ်ရှင်ကို လက်မှတ်ဝယ်ယူကြည့်ရှုနေသမျှ ကာလပတ်လုံး ပြည်သူလူထု၏အရေးအရာပင် ဖြစ်နေပေသည်။ (ဝါ) ရုပ်ရှင်ကို ပြည်သူလူထုက ဝေဖန်ခွင့်၊ ဖန်တီးခွင့် ရှိနေပေသည်။ ထို့ကြောင့်ပင်လျှင် မြန်မာရုပ်ရှင်တိုးတက်ရေးသည် ယဉ်ကျေးမှုဆိုင်ရာ လူထုလှုပ်ရှားမှု ဟု ဆိုခဲ့ခြင်း ဖြစ်ပေသည်။

## (၂)

ရုပ်ရှင်အနုပညာဘက်က စတင်ကြည့်လျှင် ပထမဆုံးဝတ္ထုကဏ္ဍကို တွေ့ရှိရ ပေမည်။

ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးမည်ဟု စိတ်ကူးသည်နှင့် တစ်ပြိုင်နက် မည်သည့်ဝတ္ထုကို ရိုက်ကူးရမည်ကို စတင်စဉ်းစားရပေသည်။ ဝတ္ထုရပြီးသောအခါမှ ယင်းဝတ္ထုဇာတ်လမ်းနှင့် ကိုက်ညီသော မည်သည့်ဇာတ်ဆောင်များကို သုံးမည်၊ မင်းသား၊ မင်းသမီး၊ လူကြမ်း၊ ဇာတ်ရံ... စသော ဇာတ်ဆောင်များကို ရွေးချယ်ရမည်၊ ဝတ္ထု၏ ရသကိုပေါ်အောင် ရိုက်နိုင်မည့် ရုပ်ရှင်ညွှန်ကြားရေးဆရာ ကို ရွေးချယ်ရမည်။ ဝတ္ထုဇာတ်လမ်းတွင်ပါဝင်သော နေရာဒေသ၊ အဆောက်အဦ၊ အိမ်ထောင်ပရိဘောဂ၊ အခင်းအကျင်း၊ အပြင်အဆင် စသော ဇာတ်ဝင်ပစ္စည်းများကို စဉ်းစားကြည့်ရမည်။ တည်ဆောက်ရမည်။ ဖန်တီးရမည်။ ရှာဖွေရမည်။ ဝတ္ထုဇာတ်လမ်း၏ ရသကို ဖော်ရ မည့်ဓာတ်ပုံရိုက်ကူးမှု၊ အသံသွင်းမှုများကို လျာထားရမည်၊ စသည်ဖြင့် ဝတ္ထုဇာတ်လမ်း ကို သတ်မှတ်ရွေးချယ်ပြီးသောအခါ ဆက်လက် လုပ်ဆောင်စရာများ ရောက်ရှိလာ တော့သည်။

သို့ဖြစ်ရာ ဝတ္ထုသည် ရုပ်ရှင်ဇာတ်ကားတစ်ကား ထုတ်လုပ်ရေးအတွက် မူတည် ရသော မူလအစ ဖြစ်သည်မှာ ထင်ရှားပေသည်။

မြန်မာရုပ်ရှင်သည် ဝတ္ထုစာပေ၏ ဖခင်ကြီးဟု ဆိုနိုင်သော နာမည်ကျော် စာရေးဆရာကြီး ပီမိုးနင်း၏ 'မေတ္တာနှင့်သူရာ' ဝတ္ထုဇာတ်လမ်းဖြင့် စတင်ခဲ့သည် ကို သတိရကြပေလိမ့်မည်။ ယင်းသည် ကောင်းမြတ်သော အစဉ်အလာဖြစ်ပေသည်။ ယင်းသို့ ရွှေရတုခေတ်၏ ပထမနှစ်ကာလမှ စခဲ့သော ယင်းအစဉ်အလာကို နှစ်

mgyoe.com

 mgyoe.com 

(၅၀) မြောက် ယနေ့ကာလ၌ မည်မျှထိန်းသိမ်းခဲ့သည်ကိုလည်း စောကြောသင့်လှပေသည်။ ယင်းနှင့်အတူ ဦးထွန်းရှိန် ဈာပနသတင်းကားဖြင့် ရုပ်ရှင်ကော်ပြား စတင်လူးလွန့်ခဲ့သော (ဝါ) အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုအတွင်းမှ မွေးဖွားခဲ့သော နိုင်ငံရေးအစဉ်အလာမြတ်ကိုလည်း မမေ့သင့်ကြပေ။

ဝတ္ထုရွေးချယ်ပြီးသည်နှင့် ဇာတ်ညွှန်းသည်လည်း တစ်ပါတည်းပါလာပေသည်။ ဝတ္ထုသည် ရုပ်ရှင်ရိုက်ကူးမည့် ဇာတ်လမ်း၏ ကျောရိုးအဘိဓမ္မာဖြစ်သည်။ ယင်းကို 'ရုပ်ရှင်ဘာသာ' သို့ ပြောင်းလဲမွမ်းမံရသည်မှာ ဇာတ်ညွှန်းဖြစ်သည်။ ဇာတ်ညွှန်းသည်လည်း ရုပ်ရှင်ရသဖော်ရန်အတွက် ဝတ္ထုပြီးလျှင် ဒုတိယအရေးကြီးပေသည်။

တစ်ခါတစ်ရံ ဇာတ်ညွှန်း၏ မွမ်းမံမှုကောင်းခြင်းကြောင့် မူလဝတ္ထုထက်ပင် 'ကြည့်ကောင်း' သည်ကို တွေ့ရတတ်သည်။ ဟဲမင်းဝေး၏ 'ကီလီ မန်းဂျားရိုးတောင်မှ နှင်းများ' ဟူသောကားမှ (၈) မျက်နှာမျှလောက်သာရှိသောဝတ္ထုကို ရိုက်ထားခြင်းဖြစ်ရာ မြင်ကွင်းနှင့်လှုပ်ရှားမှုများမှာ အသက်ဝင်၍ 'ကြည့်ကောင်း' လှသည်ကို တွေ့ရ၏။ သို့သော် မူလဝတ္ထု၏ အဘိဓမ္မာကား မပျက်သွားခဲ့ပေ။ အချို့သောကားများကား ဝတ္ထု၏ဇာတ်လမ်းဇာတ်ကွက်သာယူပြီး ဝတ္ထုရေးဆရာ၏ အဘိဓမ္မာကို ဖျက်ပစ်သည်များကိုလည်း တွေ့ရတတ်သည်။ မြန်မာရုပ်ရှင်တွင်လည်း တွေ့ရတတ်သည်။

ဝတ္ထုနှင့်ဇာတ်ညွှန်း ရပြီးသောအခါ ဇာတ်လမ်းအကျဉ်းချုပ်နှင့် ဇာတ်လမ်းစဉ် (ဇာတ်ညွှန်းမဟုတ်) ကို ဇာတ်လမ်းစိစစ်ရေးအဖွဲ့သို့ တင်ပြရသည်။ (၁၉၆၅ မှ စသည်) အဖွဲ့၏ ခွင့်ပြုချက်ရမှ ဇာတ်ကားရိုက်ကူးခွင့်ရသည်။ ယင်းအဖွဲ့တွင် အစိုးရ၏ ကိုယ်စားလှယ်များသာ ပါဝင်၍ ပြည်သူ့ဘက်မှ အနုပညာရှင် ကိုယ်စားလှယ် မပါဝင်ပေ။ ထိုအခါ ဝတ္ထု၊ဇာတ်လမ်းအမျိုးအစား ရွေးချယ်မှုကို နိုင်ငံတော်အစိုးရက အဆုံးအဖြတ်ပေးနေသည်ဟု ဆိုရပေမည်။

ပုဂ္ဂလိကရုပ်ရှင် ထုတ်လုပ်သူများ ခေတ်ကမူ (၁၉၆၅ မတိုင်မီ) ရုပ်ရှင်ထုတ်လုပ်သူများက ဝတ္ထု၊ဇာတ်လမ်းကို ရွေးချယ်ဆုံးဖြတ်ကြသည်ဖြစ်ရာ အရင်းရှင်ရွေးချယ်မှုဟုပင် ဆိုရပေမည်။ ရုပ်ရှင်ပရိသတ်ကြိုက်မည့်ကား၊ ဝင်ငွေကောင်းမည့်ကားကိုသာ ရွေးချယ်ဆုံးဖြတ်မည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ အနုပညာရှင်များ ပိုင်ဆိုင်သော ကုမ္ပဏီဖြစ်က အနုပညာသဘော ပို၍သက်ရောက်နိုင်ပေမည်။ ယနေ့

mgyoe.com

mgyoe.com

ထွက်ပေါ်နေသော ရုပ်ရှင်ဇာတ်ကားများကိုကြည့်၍ ရုပ်ရှင်ဇာတ်လမ်းစိစစ်ရေးအဖွဲ့၏ ဝတ္ထုဇာတ်လမ်းရွေးချယ်ရေးမူကို အကဲခတ်နိုင်ကြပေသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ရုပ်ရှင်အပေါ် ကွပ်ကဲမှုတာဝန်မှာ မည်မျှ မသေးငယ်သည်ကို တွေ့ရှိနိုင်ပေသည်။ ဝတ္ထု၏ အဘိဓမ္မာသည် ရုပ်ရှင်တိုးတက်ရေး၊ ဆုတ်ယုတ်ရေးကို အဆုံးအဖြတ်ပေးပေသည်။

❒

mgyoe.com

mgyoe.com

# ၄။ သရုပ်ဆောင်သူဟူသော အဓိပ္ပာယ်

(၁)

ဝတ္ထုနှင့်ဇာတ်ညွှန်း ရွေးချယ်ပြီးသောအခါ ဇာတ်ဆောင်ကပြမှုကဏ္ဍသည် ရောက်လာတော့သည်။

ဇာတ်ဆောင်ကပြမှု၊ ယင်းဝေါဟာရသည် ပြဇာတ်ဝေါဟာရမှဆင်းသက်လာခြင်းဖြစ်သည်။ ဝေါဟာရဟူသည် လက်တွေ့လုပ်ငန်း၏ သဘောတရားကို ထင်ဟပ်ပြရခြင်းဖြစ်သည်။ လက်တွေ့လုပ်ငန်းကို ကိုယ်စားပြု၍ ဖော်ပြမှသာလျှင် ဝေါဟာရ(ဝါ) လူအများ သုံးစွဲလက်ခံထားသော စကားလုံးဖြစ်လာပေမည်။ ထို့ကြောင့် ဝေါဟာရ၏အဓိပ္ပာယ်များကို စိစစ်သုံးသပ်ကြည့်ခြင်းပင်လျှင် လုပ်ငန်း၏သဘော၊ လက်တွေ့၏သဘောများကို ပြန်၍ ဖော်ခြင်းမည်တတ်ပေသည်။

ပြဇာတ်မှ ဆင်းသက်လာသော ဝေါဟာရကို သုံးနှုန်းရခြင်းကပင်လျှင် ရုပ်ရှင်သည် ပြဇာတ်မှ ဆင်းသက်လာသော သဘာဝရှိခြင်းကို ပြဆိုပေသည်။ ဤနေရာ၌ မြန်မာရုပ်ရှင်သမိုင်းကို စာတမ်းပြုစုခြင်းမဟုတ်သဖြင့် မည်သို့မည်ပုံ ရုပ်ရှင်သည် ပြဇာတ်မှ ဆင်းသက်လာပုံ ဗီဇဗေဒများကို မတင်ပြတော့ပြီ။ အနောက်နိုင်ငံ ရုပ်ရှင်အနုပညာသဘောတရား ဆရာများကား ဇာတ်ခုံနှင့် ရုပ်ရှင်ကော်ပြား ဆက်သွယ်ပုံကို များစွာဖော်ပြခဲ့ကြဖူးပြီ။

mgyoe.com

mgyoe.com


ပြဇာတ်ကား လူ၏အကြောင်း၊ လူ့ဘဝ၏အကြောင်းကို ဇာတ်ခုံပေါ်၌ ကပြသော အနုပညာဖြစ်သည်။ ဇာတ်ခုံပေါ်၌ (ရုပ်ရှင်၌ကား ပိတ်ကားပေါ်၌) လူများ ထွက်ကာ တကယ့်လူ့ဘဝတွင်ရှိသော လူများ၏ ကိုယ်စားလှယ်များ အတုပြုလုပ်၍ ကပြခြင်း ဖြစ်သည်။ ယင်းတို့ကို 'ဇာတ်ဆောင်' ဟုခေါ်လိုက်ကြသည်။ ဇာတ်ထဲ၌ ပါဝင် ဆောင်ရွက်သူဟု အကြမ်းအားဖြင့် အဓိပ္ပာယ်ရသည်။ ဇာတ်ဟူသည် လူ့ဘဝ အကြောင်းဖြစ်ရာ ဇာတ်ဆောင်ဟူသည် ဇာတ်ထဲကလူ၏နေရာ၌ ပါဝင် ကပြ ဆောင်ရွက်ရသူဖြစ်သည်။ ယင်းသဘောကိုပင် ဝတ္ထုရေးဆရာများက ဇာတ်ကောင်ဟု ခေါ်ကြသည်။ ဇာတ်ဆောင်ဟူ၍လည်း ခေါ်ကြသည်။ အဓိပ္ပာယ်မှာ အတူတူပင်။

အင်္ဂလိပ်ရုပ်ရှင်ဝေါဟာရ၌ ယင်းဇာတ်ဆောင်ကို 'ပုံသွန်းထားသောသူ' ဟု အဓိပ္ပာယ်ထွက်သည်။ ဂရိ၊ လက်တင်စကားမှ ဆင်းသက်လာသောစကားလုံး ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားထဲ၌ ပါဝင်သူ၏ ပုံကို သွန်းလုပ်ထားခြင်းကို အဓိပ္ပာယ် ယူ၍ သုံးထားသော ဝေါဟာရဖြစ်သည်။ သူ့အဓိပ္ပာယ်နှင့် သူ့ဝေါဟာရ ညီညွတ်ပေ သည်။ ရုပ်ရှင် ဇာတ်ကားထဲ၌ သူတောင်းစားခန်း ကပြရမည်ဆိုလျှင် ယင်းသူတောင်း စား၏ရုပ်ပုံကို သူ၏အမူအရာ၊ သူ၏လှုပ်ရှားမှုတို့ဖြင့် သွန်းလုပ်ထားခြင်းဖြစ်သည်။ ဝတ္ထုစာပေသဘောတရား၌ ယင်း 'ပုံသွန်းထားသောသူ' ဟူ၍ အဓိပ္ပာယ်ရသော ဝေါဟာရကိုပင် သုံးသည်။ ထိုအခါ ယင်းဝေါဟာရ၏အဓိပ္ပာယ်မှာ လူ၏စရိုက်၊ လူ၏သဘာဝ၊ လူ၏ကျင့်ကြံပြောဆိုလုပ်ကိုင်မှုဟူသော အဓိပ္ပာယ်များလည်း ပါလာ ၏။ ပို၍ ကျယ်ဝန်းသောအဓိပ္ပာယ်များ ဆောင်လာသည်ဟု ဆိုရပေမည်။ ပြဇာတ်၊ ရုပ်ရှင်တို့၌ သုံးသောအခါလည်း ယင်းအဓိပ္ပာယ်များပင် ဆောင်လျက် ရှိပေသည်။ ပြင်သစ်ရုပ်ရှင် ဝေါဟာရကမူ ယင်းဇာတ်ဆောင်ကို 'အဓိပ္ပာယ်ဖော်သူ' သို့မဟုတ် 'ဘာသာပြန်သူ' ဟူသော ဝေါဟာရဖြင့် သုံးသည်။ ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သော လူပုဂ္ဂိုလ် (ဇာတ်ဆောင်) ၏ လူ့သဘာဝ၊ လူ့စရိုက်တို့ကို အဓိပ္ပာယ်ဖော်သူ၊ တစ်နည်း ဘာသာ ပြန်ပေးရသူဟူသော အနက်များထွက်ပေသည်။

မြန်မာရုပ်ရှင်ဝေါဟာရကလည်း ဇာတ်ဆောင်သူ၊ သို့မဟုတ် 'သရုပ်ဆောင်သူ' ဟု သုံးကြသည်။ သရုပ်ဆောင်ဟူသော ဝေါဟာရမှာလည်း သင့်မြတ်သောစကားလုံး ဖြစ်သည်။ သရုပဟူသော ပါဠိစကားအနက်မှာ တူခြင်းဖြစ်သည်။ သူတောင်းစား ဆိုလျှင် သူတောင်းစားနှင့်တူအောင် ကပြခြင်းဟူသော အဓိပ္ပာယ်ထွက်၍ ဆီလျော် မှန်ကန်သော ဝေါဟာရပင်ဖြစ်သည်။ အဓိကဇာတ်ဆောင်များကို ဇာတ်လိုက်မင်းသား၊

mgyoe.com

mgyoe.com


ဇာတ်လိုက်မင်းသမီး၊ လူကြမ်းမင်းသား၊ လူကြမ်းမင်းသမီး စသည်ဖြင့် ယင်းဇာတ်ဆောင်ကပြမှုကို အသေးစိတ်ခေါ်ကြသေးသည်။ မင်းသား၊ မင်းသမီး ဟူသော အသုံးအနှုန်းမှာ ရှေးပဒေသရာဇ်ခေတ်လက်ထက် ပြဇာတ်ပေါ်သည့်ခေတ်က အသုံးအနှုန်းပင်ဖြစ်ပေမည်။ ရှေးက ပြဇာတ်တွင် အဓိကဇာတ်ဆောင်များမှာ (ဇာတ်ထဲ၌) ဘုရင်မင်း၏သား၊ ဘုရင်မင်း၏သမီးများပင် ဖြစ်ပေသည်။ ဝိဇယမင်းသား၊ ပွတ်စပါးမင်းသမီး။

ရှေးပြဇာတ်၌ ဆင်းရဲသားများအကြောင်း သရုပ်ဆောင်ကပြမှုမှာ မရှိသလောက် ဖြစ်သည်။ နန်းတွင်းဘုရင်၏ သားတော်၊ သမီးတော်များ၏ ဇာတ်အကြောင်းသာ ကပြကြသည်။ ခြွင်းချက်မှာ ဦးပုည၏ ရေသည်ပြဇာတ်။

ဝေါဟာရများကို ကြည့်ခြင်းဖြင့် ရုပ်ရှင်သည် ပြဇာတ်မှ ဆင်းသက်ကြောင်းသာဓကပြခြင်းဖြစ်သည်ကို မှတ်သားအပ်ပေသည်။

(၂)

ယနေ့ခေတ် ရုပ်ရှင်၌ မင်းသား၊ မင်းသမီးများသည် 'ဇာတ်ဆောင်' မဟုတ်တော့ဘဲ ရှေးပဒေသရာဇ်ခေတ် ပြဇာတ်လာ ဝေါဟာရအတိုင်းပင် 'မင်းသား၊ မင်းသမီး' ဖြစ်နေကြသည်ကို တွေ့ရသည်။

ဥပမာ... မင်းသားမောင်လှချင်၊ မင်းသမီး ခင်လှချင်ဆိုပါတော့၊ (မင်းသား၊ မင်းသမီးဟူသော ဝေါဟာရကိုပင် သုံးနေရသည်ကို သည်းခံပါ) သူတို့သည် သူတို့၏ ပုဂ္ဂလိကဘဝဖြစ်သော မောင်လှချင်၊ ခင်လှချင်ဟုသာ အသိက စွဲလမ်းငြိတွယ်လျက်ရှိသေးသည်။ ရုပ်ရှင်ပိတ်ကားပေါ် (ရုပ်ရှင်ရိုက်ကူးသောခြံ) ရောက်သွားသောအခါ မိမိအိမ်မှာနေသော မောင်လှချင်၊ ခင်လှချင် မဟုတ်တော့ပြီ။ ဝတ္ထုဇာတ်လမ်းထဲမှ လူများကို သရုပ်ဆောင်သော ရုပ်ရှင်ဇာတ်ကားထဲမှ လူများသာဖြစ်ကြောင်း မေ့သွားသလောမသိ။ မောင်လှချင်သည် ဇာတ်ကားထဲမှ တောသား သရုပ်ဆောင်ရမည်ဖြစ်သော်လည်း မိမိအိမ်မှာ (ပုဂ္ဂလိကဘဝ) နှစ်သက်စွာဝတ်ခဲ့သော ဘောင်းဘီဖင်ကျပ်၊ ဂျာကင်အင်္ကျီနှင့် ဖြစ်နေတော့သည်။ ခင်လှချင်ကလည်း ရုပ်ရှင်ဇာတ်ကားထဲမှ ဆင်းရဲသူသရုပ်ဆောင်ရမည်ဖြစ်သော်လည်း အိမ်တွင် မိမိနှစ်သက်သော စိန်လည်ဆွဲဆွဲထားလေတော့သည်။ ပျားအုံဆံထုံး ထုံးထားလေတော့သည်။ ယင်းသို့သော တကယ့်မင်းသား၊ မင်းသမီးများမှာ နှစ်စဉ် 'ရွှေစင်ရုပ်' ရနေကြတော့သည်။ (သိသာထင်ရှားစေရန် ဥပမာ အကြမ်းများ ပေးထားခြင်းမျှ ဖြစ်ပါသည်။)

mgyoe.com

mgyoe.com


ထိုအခါ ယင်းဇာတ်ဆောင်ကပြမှု၌ မည်သူတို့တာဝန်ရှိသနည်း။ ရုပ်ရှင်ညွှန်ကြားရေးဆရာလော၊ ထုတ်လုပ်သူလော၊ ဇာတ်ဆောင်သူများ ကိုယ်တိုင်လော၊ ရုပ်ရှင်ဆင်ဆာအဖွဲ့လော၊ ရုပ်ရှင်အကဲဖြတ်အဖွဲ့လော။ ယင်းတာဝန်ခန်းများကို စိစစ်ခြင်း သည် ယနေ့ရုပ်ရှင်တိုးတက်ရေးအတွက် အရေးမကြီးပါသလော။

❒

mgyoe.com

mgyoe.com

## ၅။ သရုပ်ဆောင်ကပြမှု

(၁)

သရုပ်ဆောင် (ဝါ) ဇာတ်ဆောင်ကပြမှုဟူသည် အဘယ်နည်း။

လူ့ဘဝထဲမှ လူပုဂ္ဂိုလ်၏ စိတ်ကူးရုပ်ပုံကို ပိတ်ကားပေါ်၌ (ပြဇာတ်ဆိုပါက ဇာတ်ခုံပေါ်၌) ပရိသတ်အား တင်ပြခြင်းဖြစ်ပေသည်။ စိတ်ကူးရုပ်ပုံဟူသည် လူ၏ စိတ်ကူးဖြင့် (ဝါ) အနုပညာရှင်၏ ဖန်တီးဆန်းသစ်မှုဖြင့် ဖော်ပြထားသော ရုပ်ပုံ (လူဇာတ်ဆောင်) ပင် ဖြစ်သည်။ ဥပမာ– ဝတ္ထုဇာတ်လမ်းထဲမှ ခနရှင်ဦးကြွယ်ဝ ဆိုပါတော့၊ ဦးကြွယ်ဝသည် လူ့အဖွဲ့အစည်းထဲတွင် တကယ်ရှိနေကြသော ခနရှင် လူပုဂ္ဂိုလ်များကို ကိုယ်စားပြုသူ ဖြစ်ရပေမည်။ လူ့လောကထဲ၌ ခနရှင်မြောက်မြား စွာ ရှိကြပေမည်။ ခနရှင်ဦးကကြီး၊ ဦးခခွေး၊ ဦးဂငယ်၊ ဦးဃကြီး... စသည် စသည်။ ယင်း ခနရှင်များ၏ စရိုက်၊ အမူအရာ၊ လူ့သဘာဝ၊ ရုပ်ပုံ ဟန်ပန်အနေအထား စသော ခနရှင်လူပုဂ္ဂိုလ်များအားလုံးကို စုပေါင်းကူးယူကာ 'ဦးကြွယ်ဝ' ဟူ၍ ဝတ္ထု ရေးဆရာက အမည်တပ်ပေးထားသည်။ လူပုဂ္ဂိုလ်တစ်ယောက်တည်း၌ ခနရှင်၏ ရုပ်ပုံလွှာကို ခနရှင်အများ၏ ရုပ်ပုံလွှာများအား ကိုယ်စားပြုကာ သွန်းလုပ်ထားခြင်းပင် ဖြစ်ပေသည်။

တစ်နည်းအားဖြင့် ခနရှင်၏ပုံစံဆိုပါတော့၊ ယင်းပုံစံကို သွန်းလုပ်ရသည်။ ယင်းသွန်းလုပ်ထားသော ရုပ်ပုံလွှာ (ဝါ) ပုံစံကို ဇာတ်ဆောင် (မင်းသား မောင်လှချင်)

mgyoe.com

mgyoe.com


က သရုပ်ဆောင်ကပြရခြင်း ဖြစ်ပေသည်။ ထိုအခါ မင်းသားမောင်လှချင်သည် တကယ့်သူ့ပုဂ္ဂလိက ဘဝတွင် နေထိုင်သော မောင်လှချင် မဟုတ်ရတော့ပြီ။ ဝတ္ထုဇာတ်လမ်းထဲမှ စာရေးဆရာက သူ၏အနုပညာစိတ်ကူးဖြင့် သွန်းလုပ်ဖန်တီးထားသော ခနရှင်ဦးကြွယ်ဝရုပ်ပုံ (စိတ်ကူးရုပ်ပုံလွှာ) ကို သရုပ်ဆောင်ကပြရသူသာ ဖြစ်လာရပေမည်။ ခနရှင်စရိုက်၊ ပြောဟန်ဆိုဟန်၊ အမူအရာ၊ ကိုယ်လက်လှုပ်ရှားဟန်၊ လေယူလေသိမ်း၊ စကားအသုံးအနှုန်းစသည့် ခနရှင်လူ့သဘာဝများနှင့်တူအောင် လေ့ကျင့်ကာ သရုပ်ဆောင်ရမည်ဖြစ်ပေသည်။ အပြင်ဘဝတွင် မောင်လှချင်သည် အသက် (၂၅) နှစ်ခန့် ရှိချင်ရှိမည်။ သို့သော် ခနရှင်ဦးကြွယ်ဝက အသက် (၄၀) ဆိုလျှင် (၄၀) နှင့်တူအောင် ကိုယ်ပုံသဏ္ဍာန်ကို ပြုပြင်ရပေသည်။ ယခုအခါ မိတ်ကပ်ဟုခေါ်သော ခြယ်သော ဆေးများရှိသည်။ ယင်းသည် ပန်းချီဆေးရေးသကဲ့သို့ မျက်နှာကို ဆေးရောင်ဖြင့်ခြယ်ရေးသော ဆေးမျိုးဖြစ်သည်။ မျက်နှာကို ရင့်အိုလာအောင်၊ နုပျိုလာအောင် ခြယ်၍ရသည်။ တင်းမာခက်ထန်သော မျက်နှာအမူအရာ ပေါ်လာအောင် ခြယ်၍ရသည်။ ပိန်၍လာအောင် ပါးသွယ်၍လာအောင် စသည်ဖြင့် အမျိုးမျိုး ပန်းချီကဲ့သို့ ခြယ်ရေးပြုပြင်၍ရသော ဆေးမျိုးဖြစ်သည်။ လှပချောမွေ့လာအောင် သက်သက်ခြယ်သော ဆေးမျိုးမဟုတ်ပေ။ အလှဆေးခြယ်သက်သက်မဟုတ်ပေ။ အပြင်၌ကား အလှဆေးခြယ်ဖြစ်ပေမည်။ ရုပ်ရှင်၌ကား မဟုတ်ပေ။ ယင်းဆေးဖြင့် ခနရှင်ဦးကြွယ်ဝအဖြစ် အသက် (၄၀) ထင်ရအောင် ခြယ်ရပေမည်။ အဆီအဆိမ့်စားသောက်ကာ စည်းစိမ်ယစ်နေရသဖြင့် မျက်နှာအစ်နေပုံပေါ်အောင် ခြယ်ရေးရမည်။ ပန်းချီလုပ်ငန်းတစ်မျိုးပင် ဖြစ်ပေသည်။ မောင်လှချင်သည် နဂိုက လူချော၊ အသက် (၂၅) နှစ်ခန့်ဖြစ်သော်လည်း ဇာတ်ဆောင်အဖြစ်၊ ဝတ္ထုဇာတ်လမ်းထဲမှ ခနရှင်ဦးကြွယ်ဝအဖြစ် သရုပ်ဆောင်ကပြရမည်ရှိသောအခါ ဦးကြွယ်ဝဟူသော ခနရှင်စိတ်ကူးရုပ်ပုံလွှာဖြစ်လာအောင် ခြယ်သရမည်ဖြစ်ပေသည်။ အပြင်က မောင်လှချင်မဟုတ်တော့။ ပိတ်ကားပေါ်မှ ခနရှင်ရုပ်ပုံလွှာကို ကိုယ်စားပြုသော ခနရှင်ဦးကြွယ်ဝအဖြစ် အသွင်ပြောင်းလဲလိုက်ရမည်ဖြစ်ပေသည်။ မျက်နှာအသွင်အပြင်သာမဟုတ်။ သွားပုံလာပုံ၊ ပြောပုံဆိုပုံတို့ကိုလည်း ခနရှင်ဦးကြွယ်ဝဖြစ်လာအောင် အကြိမ်ကြိမ် လေ့ကျင့်ပေးရမည်ဖြစ်ပေသည်။ ပုံသွန်းရမည် ဖြစ်ပေသည်။ ပြဇာတ်ဝေါဟာရအားဖြင့် ယင်းသို့လေ့ကျင့်ခြင်းကို 'ဇာတ်တိုက်' သည်ဟု ခေါ်ကြပေသည်။ ရုပ်ရှင်၌လည်း 'ဇာတ်တိုက်' သည်ဟု ခေါ်ဝေါ်ကြပေသည်။

mgyoe.com

mgyoe.com


# (၂)

အနုပညာရှင်ဟူသည် လေ့ကျင့်သူဖြစ်ပေသည်။ ပန်းချီ၊ ဂီတ၊ အကစသော အနုပညာရပ်များကိုကြည့်က မည်မျှလေ့ကျင့်ရသည်ကို သိနိုင်ပေသည်။ ပတ်ဒရူးစကီးအမည်ရှိ ကမ္ဘာကျော်ပိုလန်စန္ဒရားဆရာကြီးသည် တစ်နေ့လျှင် (၄) နာရီ အနည်းဆုံး စန္ဒရားခွဲထိုင်ကာ လေ့ကျင့်သည်။

ဇာတ်ဆောင်သည် အသားကျကာ 'အသွင်လက္ခဏာ' ပေါ်လာသည်အထိ ပင်ပန်းစွာ လေ့ကျင့်ကြရပေသည်။ အသေးစိတ်အမူအရာ ဟန်ပန်များရလာသည်အထိ လေ့ကျင့်ကြရပေသည်။ 'အချစ်သည် ဘက်စုံတောက်ပသောအရာဖြစ်သည်' ဟူသော ရုပ်ရှင်ကားတွင် တရုတ်ကပြားအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သော ဂျင်နီဖာဂျုံးသည် ရှန်ဟဲထဘီဟုခေါ်သော အောက်ပိုင်းအကျပ်ထဘီကိုဝတ်ကာ ခြေလှမ်းတို့၍တို့၍ လမ်းလျှောက်သောဟန်ရအောင် (၆) လခန့် လေ့ကျင့်ရသည်။ သို့မှသာ တရုတ်မဟန် ပေါ်လာတော့သည်။ 'မေ့၍မရသော တေးသီချင်း' ဇာတ်ကားခွဲ ပိုလန်စန္ဒရားဆရာ ရှိပန်းအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သော ကော်နယ်ဝိုင်းသည် သီချင်းအပိုဒ် တစ်ပိုဒ်စ, နှစ်ပိုဒ်စကို တကယ်တီးတတ်အောင် လေ့ကျင့်ရသည်။ တကယ်ခလုတ်ပေါ်လက်တင်ပြီး တီးကျင့်သောအခါမှ လက်မြှောက်ပုံ၊ လက်ချောင်းလှုပ်ပုံများမှာ တကယ့် စန္ဒရားဆရာ၏ 'အသွင်လက္ခဏာ' များ ဖြစ်ပေါ်လာလေသည်။ စန္ဒရားခုံခွဲ ထိုင်လိုက်သည့် ဟန်ကပင် ရိုးရိုးလူထိုင်သည်နှင့်မတူပေ။ ခြေထောက်ထားပုံမှာပင် စန္ဒရားဘယ်ညာ ခြေနင်းများခွဲ ထားပုံမှာ စန္ဒရားဆရာ၏ ထားပုံနှင့်တူအောင် လေ့ကျင့်ယူမှရပေမည်။ (မြန်မာဇာတ်ကားအချို့ခွဲ စန္ဒရားတီးခန်း တွင် လက်ကိုမြှောက်ကာ မြှောက်ကာဖြင့် ရေကူးသင်သလား မှတ်ရပေသည်။ ယင်းမှာ မလေ့ကျင့်သောကြောင့် ဖြစ်သည်။) ယင်းသို့ လေ့ကျင့်ပေးလေ၊ ဇာတ်တိုက်ပေးလေ၊ မိမိသရုပ်ဆောင်ရမည့် စိတ်ကူးရုပ်ပုံလွှာ (ဝါ) အနုပညာ စိတ်ကူးရုပ်ပုံလွှာနှင့် ပို၍တူလေဖြစ်မည်ဖြစ်ပေသည်။

'ပါရမီရှင် အနုပညာသည်' ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို ဖော်ရာခွဲ အင်္ဂလိပ်စာရေးဆရာကြီး ကာလိုင်းက ပါရမီရှင်ဟူသည်မှာ အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်သူဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုဖူးပေသည်။

ယင်းသို့လျှင် အထပ်ထပ်၊ အကြိမ်ကြိမ် လေ့ကျင့်ကာ ဇာတ်တိုက်လိုက်သော အခါ၊ မိမိ၏ မိတ်ဆွေသင်္ဂဟ ဆွေမျိုးများ အလယ်မှ မင်းသားမောင်လှချင် မဟုတ်တော့ဘဲ ပိတ်ကားပေါ်မှ ခနရှင်ဦးကြွယ်ဝဖြစ်လာလေတော့သည်။ အနုပညာရှင်

mgyoe.com

mgyoe.com


ဖန်တီးသော စိတ်ကူးရုပ်ပုံလွှာ ဖြစ်လာလေတော့သည်။ ပုံစံကျလာလေတော့သည်။

ဇာတ်ဆောင်တစ်ယောက်၏ အနုပညာရှင် အရည်အသွေးကို ပိတ်ကားပေါ်တွင် ထင်သော စိတ်ကူးရုပ်ပုံလွှာရိပ်ပေါ်၌သာ အကဲဖြတ်ရမည် ဖြစ်ပေသည်။ သူတို့စီးသော မော်တော်ကားနှင့် တိုက်အိမ်အပေါ်၌ မဟုတ်ပေ။ လက်ဝတ်ရတနာများပေါ်၌လည်း မဟုတ်ပေ။

ယင်းသို့ဆိုသဖြင့် ရုပ်ရှင်အနုပညာအဆင့်အတန်းသည် ဇာတ်ဆောင်ပေါ်၌သာ တည်သည်ဟု ဆိုလိုရင်း မဟုတ်ပေ။ ဝတ္ထု၊ ဇာတ်ညွှန်း၊ ရုပ်ရှင်ညွှန်ကြားမှုစသည်ပေါ်၌လည်း ဆက်စပ်တွဲဖက်၍ တည်ပေသေးသည်။ တွဲဖက်တာဝန်ရှိပေသည်။

❐

mgyoe.com

mgyoe.com

## ၆။ ဇာတ်ဆောင်မှု အနုပညာနှင့် ဝတ္ထု

### (၁)

ဇာတ်ဆောင်မှုအခန်းသည် ဇာတ်ဆောင်တစ်ဦးတည်းပေါ်၌သာ တည်သည် မဟုတ်။ ဝတ္ထု၊ ဇာတ်ညွှန်းနှင့် ရုပ်ရှင်ညွှန်ကြားမှုများပေါ်၌လည်း တည်ပေသေးသည်။

ဇာတ်ဆောင်တစ်ဦးသည် ဇာတ်ဆောင်ခန်း (အမူအရာ၌ မည်မျှစွမ်းရည်ရှိသည်ထား၊ သူပါဝင်ကပြသော ဝတ္ထုဇာတ်လမ်းက ဇာတ်ဆောင်ကပြခွင့်မပေးလျှင် သူ၏ဇာတ်ဆောင်မှု အရည်အသွေးကို တွေ့မြင်ရမည်မဟုတ်ပေ။ ဝတ္ထုဇာတ်လမ်းက ခွင့်ပေးပြန်သော်လည်း ရုပ်ရှင်ညွှန်ကြားရေးမှူးက ဝတ္ထုပါ လူ့စရိုက်၊ လူ့သဘာဝနှင့်ကိုက်ညီအောင်၊ ဝတ္ထုပါ စိတ်ကူးရုပ်ပုံလွှာအဖြစ် ပေါ်လွင်ထင်ရှားအောင် သရုပ်ပီသအောင် ညွှန်ကြားပြသမပေးလျှင်လည်း ဇာတ်ဆောင်ကပြမှု အရည်အသွေးကို မြင်တွေ့နိုင်မည်မဟုတ်ပေ။

ပထမ အရေးအကြီးဆုံးမှာ ဝတ္ထုပင်ဖြစ်သည်။

ဝတ္ထု၏အင်္ဂါရပ်များမှာ လူ့စရိုက်၊ လူ့သဘာဝ (ဝါ) လူ၏ရုပ်ပုံလွှာကို သရုပ်ဖော်ခြင်း၊ ခေတ်အခြေအနေကို ထင်ဟပ်ခြင်းနှင့် ဇာတ်လမ်းဇာတ်ကွက်ဖြစ်သည်။

ယနေ့ခေတ် မြန်မာရုပ်ရှင်ထုတ်လုပ်သူ အတော်များများမှာ လူ့စရိုက်သဘာဝ သရုပ်ဖော်သော၊ ခေတ်အခြေအနေကို ထင်ဟပ်သော ဝတ္ထုထက် ဇာတ်လမ်းဇာတ်

mgyoe.com

ကွက် ဝတ္ထုများကိုသာ ရိုက်ကူးလေ့ရှိကြသည်။ ယင်းသို့ ရိုက်ကူးသဖြင့် ဇာတ်ဆောင် ကပြမှု အရည်အသွေးဖော်ပြရန် အခွင့်အလမ်းနည်းပါးလေတော့သည်။ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဝတ္ထုတို့မည်သည် လူ့စရိုက်၊ လူ့သဘာဝကို လေးလေးနက်နက် သရုပ်ဖော် ရန် အခန်းများမပါဘဲ ဟိုအခန်းဝင် သည်အခန်းထွက် ကိုယ်လက်လှုပ်ရှားမှုလောက်၊ လမ်းလျှောက် ထိုင်,ထ,အိပ် စသော 'အပြုအမူ' လောက်၊ ထမင်းစားရေသောက် စကားမျိုးလောက်သာ ပြောဆိုရသဖြင့် ဇာတ်ဆောင်တို့အတွက် အမူအရာပြုလုပ်ရန် အခွင့်အလမ်းသိပ်မရှိတော့ပေ။ ရုပ်ရှင်ညွှန်ကြားရေး ဆရာအဖို့လည်း အဝင်အထွက် မှတ်သားရုံလောက်သာ ညွှန်ကြားပြသရမလို ဖြစ်နေပေသည်။

'ရတနာပုံ' ဇာတ်ကားကိုကြည့်။ ကိုတင်မောင်၊ ကြည်ကြည်ဌေး၊ တင်တင်မူ (၃) ပွင့်ဆိုင် ဇာတ်ဆောင်များသည် ရတနာပုံဝတ္ထုပါ လူ့စရိုက်၊ လူ့သဘာဝ (ဝါ) လူ့ရုပ်ပုံလွှာများကို ကိုယ်စားပြုကာ သရုပ်ဆောင်ကပြရပေသည်။ ဝင်လိုက် ထွက်လိုက် ထိုင်လိုက် ထလိုက် ကိုယ်လက်လှုပ်ရှားရုံသာ ဇာတ်ဆောင်များက လုပ်ကြရသည် မဟုတ်ပေ။ ထမင်းစားရေသောက်စကားမျိုးကိုသာ ပါးစပ်လှုပ်ရုံပြောကြရသည် မဟုတ်ပေ။ လူ့စိတ်ကို ပရိသတ်ခံစားသိမြင်လာအောင် သိရှိလာအောင်၊ ရုပ်ဖြင့် ဖော်ပြကြသည်။ ယင်းသည် ဇာတ်ဆောင်အနုပညာဖြစ်ပေသည်။ ရုပ်အချောအလှကို အားကိုး၍မရပေ။ အဝတ်အစားခေတ်ဆန်မှုကိုလည်း အားကိုး၍မရပေ။ လက်ဝတ် ရတနာများ ပြိုးပြိုးပြက်ပြက် ဝတ်ဆင်မှုကိုလည်း အားကိုး၍မရပေ။ ရင်ထဲ၌ လှုပ်ရှား နေသော ဝေဒနာ (ဝါ) စိတ်ခံစားမှုကို အပြင်ပ ရုပ်အမူအရာဖြင့် ပေါ်လွင်ထင်ရှား အောင် ကပြရမည်ဖြစ်ပေသည်။ ဝတ္ထုပါ လူ့စရိုက်လှုပ်ရှားမှု ဝေဒနာများ ဖြစ်ပေါ် လာအောင်၊ ပုံပေါ်လာအောင်၊ ရုပ်ပုံလွှာပေါ်လာအောင် လေ့ကျင့်ကာ ပုံသွန်းရမည် ဖြစ်ပေသည်။ ယင်းသို့ ပုံဖော်ခြင်းသည် ဝတ္ထုကခွင့်ပြုသလောက်သာ လုပ်ခွင့်ရှိပေ သည်။ မူလ ဝတ္ထု၌ လူ့စရိုက် လူ့သဘာဝများ (ဝါ) လူ့ရုပ်ပုံလွှာများ မပါလေသော အခါ ဇာတ်ဆောင်သည် ဘာမျှမတတ်နိုင်တော့ပေ။

ထို့ကြောင့် ရုပ်ရှင်အနုပညာအဆင့်အတန်း မြင့်မားရေး၌ ဝတ္ထုသည် ပထမ အရေးအကြီးဆုံးဟု ဆိုခဲ့ခြင်း ဖြစ်ပေသည်။

(၂)

လူစရိုက်၊ လူ့သဘာဝမပါတဲ့ ဝတ္ထုဇာတ်လမ်းတွေ ရိုက်နေကြသားပဲ၊ ပိုက်ဆံ

mgyoe.com

mgyoe.com

လည်းရနေကြသားပဲ၊ ဇာတ်လိုက်မောင်လှချင်လည်း နှစ်စဉ် ရွှေစင်ရုပ်ပိုက်နေရသားပဲ၊ ခင်လှချင်လည်း နှစ်စဉ်ရွှေစင်ရုပ် ပိုက်နေရသားပဲဟု စောဒက တက်စရာရှိသည်။ ရုပ်ရှင်လုပ်ငန်းသည် စီးပွားရေးသက်သက် လုပ်ငန်းမဟုတ်ပေ။ ပြည်သူလူထုနှင့် ဆက်ဆံရသော ယဉ်ကျေးမှုလုပ်ငန်းလည်းဖြစ်သည်။ ပညာနှင့်အတွေးအခေါ် ဖြန့်ဖြူးသောလုပ်ငန်းလည်းဖြစ်သည်။ တစ်နည်းဆိုရသော် ပညာရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူ့ဘက်မှ အမြင်သည်လည်း ရုပ်ရှင်အဆင့် အတန်းမြှင့်တင်ရေးကို အကျိုးပြုရာ၌ ပါဝင်အပ်ပေသည်။ ပြည်သူ့ဘက်မှ ရုပ်ရှင်ဝေဖန်ရေးသည် ပြည်သူ့ဘက်မှ အမြင်ဖော်ပြရေးပင် ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားစတင်သည်နှင့် ပထမတွေ့ရမည်မှာ ဇာတ်လမ်းစိစစ်ရေးပင် ဖြစ်သည်။ ဇာတ်ဆောင်များသည် လူ့စရိုက်၊ လူ့သဘာဝကို သရုပ်ဆောင် ကပြခွင့်ရရန်၊ လူ့စရိုက် လူ့သဘာဝကို သရုပ်ဖော်သော ဝတ္ထုများကို ရွေးချယ်ရမည်ဖြစ်ပေသည်။ ယခုအခါ ယင်းတာဝန်သည် ထုတ်လုပ်သူနှင့် ဇာတ်လမ်း စိစစ်ရေး အဖွဲ့ပေါ်၌ တည်ရှိနေပေသည်။ ဇာတ်လမ်းစိစစ်ရေးအဖွဲ့မှ ထုတ်လုပ်သူများတင်ပြသော ဝတ္ထုများကို ရွေးချယ်စိစစ်ရသည်။ ယင်းဇာတ်လမ်းစိစစ်ရေးအဖွဲ့မှ ခွင့်ပြုသောဝတ္ထုဇာတ်လမ်းကိုသာ ရုပ်ရှင်ထုတ်လုပ်သူများက ရုပ်ရှင်ရိုက်ကူးကြရပေသည်။ ယင်းဇာတ်လမ်းစိစစ်ရေးအဖွဲ့ကို နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဌာနက ခန့်အပ်ပေသည်။ ယင်းအဖွဲ့သည် ဝတ္ထုဇာတ်လမ်းများကို ရွေးချယ်ရာ၌ မည်သို့သောမူဖြင့် ရွေးချယ်သည်ကို တိုင်းပြည်သို့ ကြေညာထုတ်ပြန်ခြင်းမရှိသဖြင့် တိုင်းပြည်က မသိရပေ။ နိုင်ငံရေးအယူအဆများနှင့်ပတ်သက်၍ နိုင်ငံတော် အစိုးရက စိစစ်ခြင်းသည် သဘာဝကျပေသည်။ ယင်းနှင့်ပတ်သက်၍ မပြောလိုပေ။ သို့သော် ဝတ္ထုဇာတ်လမ်းစိစစ်ရာ၌ ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ပေးနိုင်မည့် ဝတ္ထုဇာတ်လမ်းများကို အထူးသတိပြု၍ ရွေးချယ်အပ်ပေသည်။ ဤကား အနုပညာဘက်မှ အမြင်ဖြင့် ကြည့်ရှုစိစစ်ရန်ဖြစ်ပေသည်။ သို့ဖြစ်ရာ ယင်းဇာတ်လမ်းစိစစ်ရေးအဖွဲ့တွင် ပြည်သူ့ဘက်မှ အနုပညာရှင် ကိုယ်စားလှယ်များ ပါဝင်အပ်ပေသည်။ အထူးသဖြင့် ဝတ္ထုရေးဆရာ၊ သို့မဟုတ် ဝတ္ထုများအား ဝေဖန်သော စာပေဝေဖန်ရေး ဆရာများ၊ တစ်နည်းဆိုရသော် ဝတ္ထုစာပေ၊ စကားပြေစာပေကို ကိုယ်စားပြုသော အနုပညာရှင်များ ပါဝင်အပ်ပေသည်။ ယင်းဇာတ်လမ်းစိစစ်ရေး အဖွဲ့သာမက နှစ်စဉ်ရွှေစင်ရုပ်များ ချီးမြှင့်နေသော မြန်မာရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည်လည်း နိုင်ငံတော်အစိုးရမူဝါဒကိုသာမက

mgyoe.com

mgyoe.com

အနု ပညာကို ကိုယ်စားပြုနေသောအဖွဲ့ ဖြစ်သင့်ပေသည်။ ယင်းအကဲဖြတ်အဖွဲ့သည် လူ့စရိုက်၊ လူ့သဘာဝကို သရုပ်ဆောင်ပြသသော ဇာတ်ဆောင်မှုပညာကို တင်စားနိုင်သည့် ဇာတ်ဆောင်များကိုသာ ဇာတ်ဆောင်ဆုပေးအပ်ရမည်ဖြစ်ပေသည်။ မိမိနှစ်သက်သော လူပုဂ္ဂိုလ်လည်း မဟုတ်ပေ။ အစိုးရဝါဒကို ထောက်ခံသော ဇာတ်ကားလည်းမဟုတ်ပေ။ ရုပ်ရှင်အနုပညာရပ်ကို ဆုပေးခြင်းသာ ဖြစ်ရပေမည်။ ပြည်သူတို့အား အကျိုးပြုသော အနုပညာရပ်ကို ချီးမြှင့်ခြင်းသာ ဖြစ်ရပေမည်။ သို့မှသာ ရုပ်ရှင်အဆင့်အတန်း မြင့်မားလာနိုင်ပေမည်။ ယင်းအဖွဲ့များသည် မည်သို့သော အနုပညာမူဝါဒများထားသင့်သနည်း။

❒

mgyoe.com

mgyoe.com



## ၇။ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး၊ ဝတ္ထုဇာတ်လမ်းနှင့် အနုပညာဆု

(၁)

ယနေ့ မြန်မာရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးနှင့် နိုင်ငံတော်အစိုးရက ရုပ်ရှင်လုပ်ငန်းအား ကွပ်ကဲချုပ်ကိုင်ထားသော စီးပွားရေးအဖွဲ့အစည်း၊ အနုပညာအဖွဲ့အစည်းများမှာ ဆက်စပ်လျက် ရှိပေသည်။

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်ကော်ပိုရေးရှင်းမှာ ရုပ်ရှင်လုပ်ငန်း၏ စီးပွားရေးအပိုင်းကို ကွပ်ကဲချုပ်ကိုင်သော စီးပွားရေးအဖွဲ့အစည်းဖြစ်သည်။ ပြည်သူပိုင် ရုပ်ရှင်ရုံများ အုပ်ချုပ်ရေး၊ ရုပ်ရှင်ကားများ ငှားရမ်းပြသရေး စသော စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်သည်။ ထိုအခါ ရုပ်ရှင်ကားများ ပိုမိုထွက်ရှိရေးကို ရှေ့ရှုလာရသည်။ တစ်နှစ်ကား (၁၀၀) ထွက်ရေးဟူသော ကြွေးကြော်သံသည် စီးပွားရေးကြွေးကြော်သံဖြစ်သည်။ အနုပညာ ကြွေးကြော်သံ မဟုတ်ပေ။

ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးအဖွဲ့၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ စသည်တို့သည် အနုပညာနှင့်ပတ်သက်နေသော အဖွဲ့အစည်းဟုဆိုရပေမည်။ နိုင်ငံတော်အစိုးရက ခန့်အပ်သော အဖွဲ့အစည်းများဖြစ်သည်။ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဟုခေါ်သော ရုပ်ရှင်ကားများအား နောက်ဆုံးစစ်ဆေးခွင့်ပြုသော

mgyoe.com

mgyoe.com

အဖွဲ့ကား ရှေးကိုလိုနီအင်္ဂလိပ်လက်အောက်ခံ ခေတ်ကတည်းက ရှိခဲ့သော ရုပ်ရှင်ဆင်ဆာ ဘုတ်အဖွဲ့အစဉ်အလာကို ဆက်ခံသော အဖွဲ့ ဖြစ်သည်။

အင်္ဂလိပ်ကိုလိုနီခေတ်က ပုလိပ်မင်းကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေး ရလာသောအခါ၌လည်း ယင်းအစဉ်အလာအတိုင်း ရဲမင်းကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ အစိုးရပေါ်လစီထိခိုက် မထိခိုက်ကို အဓိကထားသော အဖွဲ့ဖြစ်၍ အနုပညာအဖွဲ့အစည်းဟု မဆိုနိုင်ပေ။ နောက်ဆုံး ရဲအဖွဲ့၏ စစ်ဆေးခွင့်ပြုသော တရားဝင်လက်မှတ်ထုတ်ပေးသော အစိုးရလုပ်ထုံးအဖွဲ့အစည်းပင်ဖြစ်၍ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး၌ အရေးပါသောအဖွဲ့အစည်းမဟုတ်ဟု ယူဆဖွယ်ရှိပေမည်။ သို့သော် ယခုနှစ် ရွှေစင်ရုပ်ဆုပေးသော အခမ်းအနား၌ ၁၉၇၀ ပြည့်နှစ်အတွင်း ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့မှ စစ်ဆေးခဲ့သော မြန်မာရုပ်ရှင်ဇာတ်ကားများမှ ဖြတ်တောက်ခဲ့သော ပြကွက်အချို့နှင့် ဖြတ်တောက်ခံရသည့်အကြောင်းပြချက်များကို ကြေညာသည်။ ပြည်သူတို့က ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့၏ စစ်ဆေးပုံကို သိလာရပေပြီ။ မြန်မာရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကလည်း နှစ်စဉ် ရွှေစင်ရုပ်ဆုများပေးတိုင်း တစ်နှစ်အတွင်း ရုပ်ရှင်ကားများအား အကြမ်းဖျင်း သုံးသပ်ချက်များကို ဖော်ပြတတ်ပေသည်။

သို့ဖြစ်ရာ ရုပ်ရှင်ဇာတ်လမ်းစိစစ်ရေးအဖွဲ့နှင့် အကဲဖြတ်အဖွဲ့သည် နိုင်ငံတော်အစိုးရက ရုပ်ရှင်လုပ်ငန်းကို ကွပ်ကဲချုပ်ကိုင်ရာ၌ အနုပညာနှင့်ပတ်သက်သော အပိုင်းနှင့် ပတ်သက်၍ ယင်း (၂) ဖွဲ့တွင် သက်ဆိုင်သောတာဝန်များ ရှိနေပေသည်။ မြန်မာရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးမှာလည်း ယင်းအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိပေသည်။

## (၂)

ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးအဖွဲ့မှ ဝတ္ထုကို ရွေးချယ်လိုက်သည်။ ပုဂ္ဂလိက ရုပ်ရှင်ထုတ်လုပ်သူများက ရိုက်ကူးထုတ်လုပ်သည်။ ယင်းသို့ ပုဂ္ဂလိကထုတ်လုပ်သူများက ရိုက်ကူး၍ တစ်နှစ်အတွင်းပြသသော ရုပ်ရှင်ကားများထဲမှ ရုပ်ရှင်အကဲဖြတ်အဖွဲ့မှ ဆုများချီးမြှင့်ခြင်းဖြစ်သည်။ စင်စစ် ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးနှင့် တိုက်ရိုက်မဆိုင်သော်လည်း ဆုများသည် ရုပ်ရှင်ပညာ၏စံတစ်ခုခုကို ထူထောင်လိုက်ခြင်းမည်ပေသည်။ ဥပမာ– မင်းသား မောင်လှချင်၊ မင်းသမီး ခင်လှချင်အား ဇာတ်ဆောင်အတွက် ဆုချီးမြှင့်လိုက်သည်။ ထိုအခါ သူတို့၏ဇာတ်ဆောင်မှုသည်

mgyoe.com

 mgyoe.com 

စံနမူနာသဖွယ် ဖြစ်သွားတတ်သည်။ ဥပမာ– မောင်လှချင်ကို (၂) ကိုယ်ခွဲခန်း (ရသေ့နှင့်လမ်းသရဲနှစ်ကိုယ်ခွဲ) အတွက် ဓာတ်ဆောင်ဆုပေးလိုက်သည်။ ခင်လှချင်ကို မျက်ရည်ဖြိုင်ဖြိုင်ကျသော ငိုခန်းအတွက် ပေးလိုက်သည်။ 'ပြည်သူချစ် အသည်းတုံး' ဓာတ်ကားအတွက် ပေးလိုက်သည်။ ရုပ်ရှင်ညွှန်ကြားရေး ဆရာ ဦးဓာတ်နာအား ရုပ်ရှင်ညွှန်ကြားမှုအတွက် ပေးလိုက်သည်။ စသည် စသည်။ ဓာတ်ဆောင်မှုသာမက ရုပ်ရှင်ဓာတ်ကား၊ ညွှန်ကြားမှု ဓာတ်ပုံပညာ စသော ရုပ်ရှင်ပညာပိုင်းဆိုင်ရာများကို အကဲဖြတ်ကာ ဆုများပေးသည်။

ယင်းသို့သော အနုပညာဆိုင်ရာ အဖွဲ့အစည်းများရှိရာ၌ အကဲဖြတ်အဖွဲ့မှာ သူ၏သဘောထားအယူအဆများကို ဆုနှင်းအခမ်းအနား၌ ကြေညာလေ့ရှိသည်။ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့၏ ဖြတ်တောက်ချက်များကိုလည်း (ယခုနှစ် အထူးသဖြင့်) ဖော်ပြလေ့ရှိသည်။

ရုပ်ရှင်ဓာတ်လမ်း စိစစ်ရေးအဖွဲ့မှာ သူ၏မူဝါဒသဘောထားများကို မကြေညာပေ။ ဓာတ်လမ်း စိစစ်ရေးအဖွဲ့မှာ အနုပညာပိုင်းကို ကွပ်ကဲချုပ်ကိုင်သောအဖွဲ့ကဲ့သို့ ဖြစ်နေသည်။ ဝတ္ထုရေးဆရာ၊ ဓာတ်ညွှန်းရေးဆရာက တင်ပြသော ဓာတ်လမ်းမှာ ဓာတ်လမ်းစိစစ်ရေးအဖွဲ့လက်ထဲတွင် ရှိနေသည်။ ဓာတ်လမ်းစိစစ်ရေးအဖွဲ့က ခွင့်ပြုမှသာလျှင် ဓာတ်ကားသည် စတင်နိုင်သည်။ သို့ဖြစ်ရာ ဝတ္ထုဓာတ်လမ်းနှင့်ပတ်သက်လျှင် ယင်းဓာတ်လမ်းစိစစ်ရေးအဖွဲ့မှာ တာဝန်ရှိနေပေတော့သည်။

ထိုအခါ ယင်းအဖွဲ့မှပယ်သော၊ ခွင့်ပြုသော ဝတ္ထုအမျိုးအစားများကို ထုတ်လုပ်သူများက နားလည်လာကြပြီး ယင်းအဖွဲ့ 'အကြိုက်' ကို သိရှိလာသည်။ ယင်းအဖွဲ့ကြိုက်မည့်ဝတ္ထုကို ထုတ်လုပ်သူက တင်လာသည်။

## (၃)

ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး၌ ဝတ္ထုမှာ အဓိကအရေးကြီးဆုံးသောကဏ္ဍက ပါဝင်ပေသည်။ ဝတ္ထုသည် အဘိဓမ္မာဖြစ်သည်။ ဝတ္ထုသည် အတွေးအခေါ်တစ်ရပ်ကို ထင်ဟပ်ရာ အနုပညာပုံသဏ္ဍာန်ဖြစ်သည်။ ဝတ္ထုမှ ဓာတ်ဆောင်မှုစွမ်းဆောင်ရာဖြစ်သော လူ့စရိုက်လူ့သဘာဝ ထွက်လာရသည်။ လူ့စရိုက် လူ့သဘာဝကို သရုပ်ဖော်သော၊ တစ်နည်းဆိုရလျှင် လူ့စရိုက် လူ့သဘာဝပါသော ဝတ္ထုဓာတ်လမ်းရှိမှသာ (လူ့စရိုက် လူ့သဘာဝမပါသော ဝတ္ထုဓာတ်လမ်းများ အများကြီး ရိုက်ကူးကြသည်။

mgyoe.com

mgyoe.com

လူ့စရိုက် လူ့သဘာဝကို အဓိကမထားဘဲ ဇာတ်လမ်းဇာတ်ကွက်ကိုသာ အဓိကထားသော ဝတ္ထုများ အများကြီးရိုက်ကူးကြသည်။) ဇာတ်လိုက်မင်းသား၊ မင်းသမီးနှင့် အခြားသောဇာတ်ဆောင်များလည်း သူတို့၏ဇာတ်ဆောင်မှုပညာကို ပြသခွင့် (ဝါ) ဇာတ်ဆောင်မှုအနုပညာစွမ်းရည်ကို ထုတ်ခွင့်ရမည်ဖြစ်ပေသည်။ မည်မျှဇာတ်ဆောင်မှု အရည်အချင်းရှိသော ဇာတ်ဆောင်ပင်ဖြစ်စေ သူပါဝင်ကပြသော ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းက ဇာတ်ဆောင်ခွင့်မပေးလျှင် အပြေးကောင်းသောမြင်းအား ဇက်ချုပ်ထားသကဲ့သို့သာ ရှိပေမည်။

## (၄)

သွားလာဝင်ထွက်၊ ထမင်းစားရေသောက် နေ့စဉ်စကားများကိုသာပြော၍ တစ်ကားလုံးဆုံးသွားလျှင် ယင်းကဲ့သို့သော 'ဇာတ်လမ်းဝတ္ထု' ၌ ပါဝင်ကပြသော ဇာတ်ဆောင်သူများမှာ 'ဇာတ်ဆောင်အမူအရာ' လုပ်စရာ မလိုတော့ပေ။ ယင်းသို့သော ဇာတ်ဆောင်မျိုးကို အကဲဖြတ်အဖွဲ့က ရွှေစင်ရုပ်များ ချီးမြှင့်နေလျှင်လည်း ဇာတ်ဆောင် အနုပညာကို ချီးမြှင့်ရာမရောက်ဘဲ လူပုဂ္ဂိုလ်ကို ချီးမြှောက်ရာ ရောက်နေပေမည်။

ယင်းသို့ ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး၌ အချက်အချာကျသော ဝတ္ထုဇာတ်လမ်းကို ရွေးချယ်သောစိစစ်ရေးအဖွဲ့မှာ မည်မျှတာဝန်ကြီးမားသည်ကို သတိပြုအပ်ပေသည်။

ယင်းသို့ စိစစ်ရာ၌ တကယ်တမ်း ဝတ္ထုဇာတ်လမ်းတစ်ခုလုံးကို ဂဃနဏစိစစ်နိုင်ပါ၏လော။ ဇာတ်လမ်းအကျဉ်းချုပ်နှင့် ဇာတ်လမ်းစဉ်ကိုသာ စိစစ်ရေးအဖွဲ့အား တင်ပြရသည်။ ဇာတ်ညွှန်းတစ်ခုလုံးကို တင်ပြရသည်မဟုတ်ပေ။ ဇာတ်လမ်း အကျဉ်းချုပ်နှင့် ဇာတ်လမ်းစဉ်မှာ အနှစ်သာရမဟုတ်ပေ။ ထို့ထက် အရေးကြီးသည်မှာ ပြောစကားများ အပြည့်အစုံပါသော ဇာတ်ညွှန်းဖြစ်သည်။ ပြောစကားများက အဘိဓမ္မာကို ဖော်နိုင်စွမ်းရှိသည်။ ဇာတ်လမ်းအကျဉ်းချုပ်နှင့် ဇာတ်လမ်းစဉ်ကို စိစစ်ရေး အကြိုက်ရေးသားပြီး တကယ်ရိုက်ကူးသော ဇာတ်ညွှန်းအပြည့်အစုံတွင် မိမိလိုချင်သော ပြောစကားများ ထည့်သွင်းပါက ဘာမျှတတ်နိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ဇာတ်လမ်း စိစစ်ရေးမှာ တကယ်တမ်း ဂဃနဏစိစစ်ရာလည်း ရောက် မရောက် စဉ်းစားအပ်ပေသည်။ မလိုအပ်ဘဲနှင့် အနုပညာ၏ တိုးတက်ဖွံ့ဖြိုးရေးကို ကန့်သတ်ရာ၊ အဟန့်အတားပြုရာ ရောက်မနေပေဘူးလား။

mgyoe.com

ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ကို ပြုပြင်ဖွဲ့စည်းကာ ယင်း၏အင်အားကို တိုးဖြည့်လိုက်လျှင် နိုင်ငံတော်အစိုးရ၏ မူဝါဒ (ဝါ) နိုင်ငံရေးအရ ရုပ်ရှင်ဇာတ်ကားများကို စိစစ်သော ကိရိယာတစ်ခုသာမကဘဲ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ပေးသော အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်လာနိုင်ပေသည်။

ယခင် ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့မှာ အင်္ဂလိပ် ကိုလိုနီခေတ်က 'ပုလိပ်မျက်စိ' ဖြင့် ပြည်သူများကို ဒေါက်ထောက်ကြည့်သော၊ မိမိအား နန့်းလုမည့်အရေးကို စိစစ်သော အဖွဲ့သာလျှင်ဖြစ်သည်။ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးဆူပူမှုများ ဖြစ်လာနိုင်၊ မနိုင်စသော 'ငြိမ်ဝပ်ပိပြားရေး' ဘက်မှကြည့်သော အဖွဲ့သာလျှင်ဖြစ်သည်။ လွတ်လပ်သောအမျိုးသား မြန်မာနိုင်ငံတော်ဖြစ်လာသောအခါလည်း ယင်းသို့ 'ငြိမ်ဝပ်ပိပြားရေး' အမြင်မျိုးပင် ထားရှိခဲ့သည်။ ငြိမ်လည်းငြိမ်၊ ဝပ်လည်းဝပ်၊ ပိလည်းပိ၊ ပြားလည်းပြားနေရမည့် တုံးအောက်က ဖားဘဝမျိုး၊ ပြည်သူတို့မှာ အဘက်ဘက်က ဖိနှိပ်ခံနေရမည့်ဘဝမျိုးကိုသာ အုပ်စိုးသော လူတန်းစားက အလိုရှိခဲ့ပေသည်။ (ယင်း ငြိမ်ဝပ်ပိပြားရေးဟူသော ဝေါဟာရကို တီထွင်ပေးသော၊ သို့မဟုတ် ဘာသာပြန်ပေးသောစာတော်ပြန် အရာရှိများကား တော်ကြပေသည်)

သို့ဖြစ်ပေရာ ယင်းသို့သော ကိုလိုနီအမွေအနှစ်များကို ဖယ်ရှားခြင်းဖြင့် အမျိုးသားလွတ်မြောက်ရေးအခန်းသည် ပို၍တောက်ပလာပေမည်။

အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအခန်းသည်ကား လွတ်လပ်ရေးကြေညာပြီးနောက်လည်း ရှိနေပေသေးသည်။ ပြည်သူတို့၏ ဆန်းသစ်တီထွင်မှု၊ အနုပညာပွင့်ဖူးမှုတို့သည် အမျိုးသားလွတ်မြောက်ရေးအခန်း၏ အသီးအနှံများဖြစ်ရပေမည်။ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးကဏ္ဍ၌လည်း ယင်းနိုင်ငံတော်အစိုးရ၏ ရုပ်ရှင်လုပ်ငန်းအနုပညာဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများသည် ရုပ်ရှင်ပညာ (ဝါ လူထုအားဆက်သွယ်သော ပညာရေး အနုပညာလွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုသောအဖွဲ့အစည်းများသာ ဖြစ်သင့်ပေသည်။)

❒

mgyoe.com

mgyoe.com

## ၈။ ရုပ်ရှင်ညွှန်ကြားရေးဆရာ၏အခန်း

သင့်မြတ်သော ဝတ္ထုဇာတ်လမ်းရပြီ၊ သရုပ်ဆောင်စွမ်းသော ဇာတ်ဆောင်များ ရပြီ၊ ထို့နောက် ရုပ်ရှင်ညွှန်ကြားမှုအခန်းသည် ရောက်လာတော့သည်။

ယနေ့ရုပ်ရှင်သည် အသံနှင့် ရုပ်အမြင် (၂) ခုပေါင်းစပ်၍ ဖော်ပြရသောပညာ ဖြစ်သည်။ အသံတွင် ဂီတ၊ ပြောစကားသံ၊ ရသဟန်၊ အခြားသော လူ့လောကအသံ များပါဝင်၍ ယင်းအသံအားလုံးကို အသံဖမ်းစက်ဖြင့် ကူးယူရသည်။ မြင်ရသော ရုပ်ပုံများကို ဓာတ်ပုံကိရိယာစက်ဖြင့် ရိုက်ကူးဖော်ပြရသည်။ စက်မှုကိရိယာများ၏ သတ္တိများပါလာရသည်။ ဇာတ်သဘင်၊ ဂီတ၊ ဗိသုကာနှင့် ပန်းချီပညာများ ပါလာရ သည်။

အသံတိုင်းသည် ဂီတဆန်ရပေမည်။ ပြောစကားဟန်တိုင်းသည် ကဗျာဆန်ရ ပေမည်။ သရုပ်ဆောင်ဇာတ်သဘောပါရပေမည်။ အဆောက်အဦတည်နေဟန်တိုင်း သည် ဗိသုကာအလှဆန်ရပေမည်။ ရုပ်ရှင်ကော်ပြားတွင် ထင်လာသောအကွက်တိုင်း သည် ပန်းချီကားတစ်ချပ်၏ ဖွဲ့စည်းပုံအလှဆန်ရပေမည်။ သို့ဖြစ်ရာ ရုပ်ရှင်သည် ဇာတ်သဘင်၊ စာပေ၊ ဂီတ၊ ဗိသုကာ၊ ပန်းချီ (အကသဘောလည်း ပါ,ပါသေးသည်) စသည့် အနုပညာရပ်များ စုပေါင်းပါဝင်သော ဘက်စုံအနုပညာရပ်ဖြစ်သည်။ အသံ ဖမ်းစက်၊ ဓာတ်ပုံစက်များဖြင့် အသံနှင့်ရုပ်ကို ကူးယူသဖြင့် သိပ္ပံပညာရပ်ပါဝင်

mgyoe.com

mgyoe.com


ပေသည်။ သို့ဖြစ်ရာ ယင်းသို့ အနုပညာဘက်စုံ သိပ္ပံပညာ ဘက်စုံပါဝင်လျက်ရှိသော ရုပ်ရှင်ပညာကို ရုပ်ရှင်ညွှန်ကြားရေးဆရာများက စီမံရသည်ဖြစ်ရာ သူ၏တာဝန်ခန်းမှာ မသေးလှပေ။

စင်စစ် ရုပ်ရှင်ညွှန်ကြားရေးဆရာသည် လုပ်ငန်းသဘောအရ အနုပညာရှင်ကား မဟုတ်ပေ။ သူက ကိုယ်တိုင် ပါဝင်ဖန်တီးရသည် မဟုတ်ပေ။ ဝတ္ထုရေးဆရာ၊ ဇာတ်ညွှန်းဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာ၊ စာပေဆရာ၊ ဇာတ်ဆောင်သူများက သူတို့၏ စိတ်ကူးဖြင့် ဖန်တီးရသည်။ သို့သော် ရုပ်ရှင်ညွှန်ကြားရေးဆရာသည် ယင်းဖော်ပြပါ စာပေ၊ ဂီတ၊ ပန်းချီစသော အနုပညာရပ်များ (ဓာတ်ပုံမှစ၍ အသံပါ ထည့်သွင်းရပေမည်) ကို စည်းရုံးပေးသော အနုပညာစည်းရုံးရေးမှူးတစ်ယောက်ဟု ဆိုနိုင်ပေသည်။

ရုပ်ရှင်ညွှန်ကြားရေးဆရာသည် သူရိုက်ကူးသော ဇာတ်ကားအကွက်တိုင်း၊ အကွက်တိုင်းကို စာပေအနုပညာအမြင်၊ သဘင်အနုပညာအမြင်၊ ဂီတအနုပညာအမြင်၊ ပန်းချီအနုပညာအမြင် (တိုးတက်သော ရုပ်ရှင်ညွှန်ကြားရေးဆရာသည် အဘိဓမ္မာရေး အမြင်ကိုလည်း ထားရှိရပါမည်) ဖြင့် ကြည့်ရှုကာ စီစဉ်ညွှန်ကြားရပေသည်။

တစ်နည်းဆိုရလျှင် ရုပ်ရှင်ညွှန်ကြားရေးဆရာသည် အယ်ဒီတာနှင့်တူသည်။ အယ်ဒီတာကောင်း၌ ရွေးချယ်စီစဉ်တတ်သော ညွှန်ကြားမှုပညာ ရှိရပေသည်။ ရုပ်ရှင်ညွှန်ကြားရေးဆရာသည်လည်း အနုပညာအားလုံးကို စပ်ဟပ်စည်းရုံးပေးတတ်ရပေမည်။

ရုပ်ရှင်ညွှန်ကြားမှုလုပ်ငန်း၌ ရုပ်ရှင်သဘောတရားအရကြည့်လျှင် စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီစသော အနုပညာရပ်များ ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် ဇာတ်ကားတစ်ကားကို ခေါင်းဆောင်ရိုက်ကူးရသော ရုပ်ရှင်ညွှန်ကြားရေးဆရာသည် ယင်းဖော်ပြပါ အနုပညာရပ်များကို စပ်ဟပ် (စည်းရုံး) ပေးရသော အနုပညာ စည်းရုံးရေးမှူးဟု အဓိပ္ပာယ်ဖွင့်ရခြင်း ဖြစ်ပေသည်။ ဓာတ်ပုံရိုက်ကူးမှု၊ အသံဖမ်းမှုစသော စက်မှုအတတ်ပညာဖြင့် ယင်း စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီစသော အနုပညာဖန်တီးမှုများကို ဖော်ပြရသည်ဖြစ်ရာ စက်မှုအတတ်ပညာလည်း တွဲဖက်ပါဝင်သည်။ ရုပ်ရှင်ညွှန်ကြားမှုလုပ်ငန်းတွင် ယင်းအနုပညာ၊ စက်မှုအတတ်ပညာများ ပါဝင်နေသဖြင့် ရုပ်ရှင်ညွှန်ကြားရေးဆရာသည် ယင်းပညာ (၂) ရပ်ကို ခြုံငုံ၍ ဖွဲ့စည်းစပ်ဟပ်ပေးနိုင်ရပေမည်။ ဤကား ရုပ်ရှင်ညွှန်ကြားမှုနှင့်ပတ်သက်သော သဘောတရားဖြစ်၏။ သို့သော် လက်တွေ့ရုပ်ရှင်လုပ်ငန်း၌ကား တိုင်းပြည်အခြေအနေများအလိုက် ကွဲပြားခြားနားမှုရှိပေမည်။

mgyoe.com

mgyoe.com


အနောက်နိုင်ငံ၊ အရှေ့နိုင်ငံ ထပ်တူ ထပ်မျှ တူကြသည်မဟုတ်ပေ။ မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေး အခြေအနေများအရ တစ်ပြည်နှင့်တစ်ပြည် တူကြမည် မဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက် နေသောနိုင်ငံ၊ မဖွံ့ဖြိုးသေးသောနိုင်ငံ စသော စီးပွားရေး၊ နိုင်ငံရေးအခြေအနေများအရလည်း တူကြမည်မဟုတ်ပေ။ သူများလက်အောက်ခံနိုင်ငံ၊ လွတ်လပ်ခါစနိုင်ငံ (ဝါ) ထွန်းသစ်စနိုင်ငံ၊ အရင်းရှင်စီးပွားရေးနိုင်ငံ၊ ဆိုရှယ်လစ် စီးပွားရေးနိုင်ငံ စသော စီးပွားရေး၊ နိုင်ငံရေးစနစ်များအရလည်း ဖွံ့ဖြိုးတိုးတက်မှုသည် လည်း မတူကြပေ။ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတက်ကြွနေသော နိုင်ငံများမှ ယဉ်ကျေးမှုလှုပ်ရှားမှုနှင့် အရင်းရှင်နိုင်ငံများမှ ယဉ်ကျေးမှုလှုပ်ရှားမှုတို့သည်လည်း တူကြမည်မဟုတ်ပေ။ တစ်ဖန် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် တိုးတက်နေသော နိုင်ငံ များနှင့် အခြားနိုင်ငံများ၏ ယဉ်ကျေးမှု လှုပ်ရှားမှုများသည်လည်း တူကြမည်မဟုတ်ပေ။ ယင်းသို့ မတူကြသည့်အလျောက် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၌ မိမိအခြေအနေနှင့် မိမိတို့ရှိကြပေရာ ရုပ်ရှင်ညွှန်ကြားမှုသည်လည်း လက်တွေ့၌ အထူးသဖြင့် ရုပ်ရှင် ညွှန်ကြားရေးဆရာ၏အခန်းကို စစ်ဆေးသုံးသပ်ရာတွင် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားရပေမည်။

အမှန်အားဖြင့် လက်တွေ့လုပ်ငန်းများမှ သဘောတရားသည် ထွက်လာရ သည်။ ယင်းသဘောတရားသည်လည်း လက်တွေ့လုပ်ရပ်သစ်များကြောင့် ကြွယ်ဝ လာရသည်။ လုပ်ရပ်အသစ်များကြောင့် တိုးဖြည့်ရသည်။ လက်တွေ့လုပ်ရပ်များကို သဘောတရားက လမ်းညွှန်ကြရသည်။ ယင်းသို့ လက်တွေ့နှင့် သဘောတရားသည် ဆက်စပ်နေပေသည်။ လက်တွေ့ချည်းသက်သက် အားကိုးကာ ဘယ်လိုဖြစ်ဖြစ်၊ အလုပ်ဖြစ်ရင်ပြီးရောဆိုသော ဝါဒသည်လည်း ရုပ်ရှင်ပညာကို မတိုးတက်စေနိုင်ပေ။ ထို့အတူ သဘောတရားချည်း တရားသေ ချည်နှောင်၍ လုပ်၍လည်း အရာရာတိုင်း အောင်မြင်နိုင်မည်မဟုတ်ပေ။

(၂)

စက်မှုအတတ်ပညာထွန်းကားသော နိုင်ငံများ၊ စီးပွားရေးဖွံ့ဖြိုးသောနိုင်ငံများ ၌ ရုပ်ရှင်လုပ်ငန်းမှာလည်း ကျယ်ပြန့်စွာ တိုးတက်နေပေသည်။

သာမန်အားဖြင့် ရုပ်ရှင်ညွှန်ကြားရေးဆရာသည် အနုပညာအားလုံး၊ အတတ် ပညာအားလုံး ကျွမ်းကျင်နားလည်ရန် ခက်ပေသည်။ အထူးသဖြင့် အနုပညာဘက်

mgyoe.com

mgyoe.com


၌ ဘက်စုံနားလည်သူ ရှားပေသည်။ ရုပ်ရှင်ပညာမှာ အနုပညာဘက်စုံပါဝင်သော ပညာရပ်ဖြစ်ပေရာ ရုပ်ရှင်ညွှန်ကြားမှု၌ အခြားသောအနုပညာရှင်များ၏ အကူအညီ (ဝါ) စုပေါင်းအနုပညာညှိနှိုင်းရေးကို ရယူကြရပေသည်။ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ၌ စာတန်းထိုးသောအခါ ရုပ်ရှင်ညွှန်ကြားမှုဘက်၌ အနုပညာအတိုင်ပင်ခံများနှင့် အနုပညာညွှန်ကြားရေးဆရာများ၏ အမည်များကို တသီတတန်းကြီး ဖတ်ကြရပေလိမ့်မည်။ ယင်းတို့သည် အဓိပ္ပာယ်များစွာ ရှိပေသည်။ ပန်းချီညွှန်ကြားရေးဆရာ၊ ဂီတညွှန်ကြားရေးဆရာ၊ ဗိသုကာညွှန်ကြားရေးဆရာ၊ မိတ်ကပ်ဟုခေါ်သော ရုပ်သွင်ခြယ်လှယ်မှု ညွှန်ကြားရေးဆရာ စသည်ဖြင့် အရေးကြီးသောကဏ္ဍများ၌ အသီးသီးရှိကြသည်။ တစ်နည်းအားဖြင့် ဆိုရသော် သူတို့သည် အနုပညာ အတိုင်ပင်ခံ ညွှန်ကြားရေးဆရာများဖြစ်ကြသည်။ သူတို့သည် မိမိတို့၏သက်ဆိုင်ရာအနုပညာရပ်များ၌ ကျွမ်းကျင်သော အနုပညာရှင်များ၊ သို့မဟုတ် အနုပညာရပ် ပါရဂူများဖြစ်ကြရသည်။ ယုတ်စွအဆုံး မွမ်းမံပြင်ဆင်မှုညွှန်ကြားရေးဆရာ၊ အဝတ်အစားဆင်ယင်ထုံးဖွဲ့မှု ညွှန်ကြားရေးဆရာ၊ ပုံစံထုတ်ညွှန်ကြားရေးဆရာ စသည်ဖြင့်ပင်ရှိကြသည်။ ရုပ်ရှင်အနုပညာသည် အနုပညာပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ထားသော ဘက်စုံအနုပညာဖြစ်သဖြင့် သက်ဆိုင်ရာအနုပညာများ၏ ထူးခြားသောအနုအလှများဖြင့် မွမ်းထုံကြိုင်လှိုင်နေရပေမည်။

ရောင်စုံရိုက်ကူးသောခေတ်၌ကား သာ၍ပင် အနုပညာဆန်ရန် လိုလာပေသည်။ စီစီဒီမီရိုက်ကူးသော 'ပညတ်တော်ဆယ်ပါး' ဇာတ်ကား၌ ဇာတ်ကား၏ ကော်ပြားတစ်ကွက်တစ်ကွက်သည် ရှေးဂန္ထဝင်ဟန်ပန်းချီပုံကားချပ်တစ်ချပ်ဖြစ်နေသည်ကို တွေ့ရပေမည်။ ဂန္ထဝင်ဆန်သော ပန်းချီအရောင်များကို အထူးပြု၍ သုံးထားသည်။ ဇာတ်ကား၏ ခေတ်ကာလ၏ဟန်နှင့်ကိုက်ညီသော ပန်းချီ၊ ဂီတ၊ ဗိသုကာမှုတို့ကို သုံးထားသည်။

❒

mgyoe.com

mgyoe.com

## ၉။ ရုပ်ရှင်ညွှန်ကြားမှုနှင့် သဟာယအနုပညာများ

(၁)

သာမန်အားဖြင့် ရုပ်ရှင်ညွှန်ကြားရေးဆရာသည် ပန်းချီဆရာမဟုတ်ပေ။ သို့သော် သူ့၌ ပန်းချီအနုပညာကို အကဲဖြတ်တတ်သော အမြင်ရှိရပေမည်။ ရုပ်ရှင်ညွှန်ကြားရေးဆရာသည် ဂီတဆရာ မဟုတ်ပေ။ သို့သော် ဂီတအနုပညာကို အကဲဖြတ်တတ်သောအမြင် ရှိရပေမည်။ ရုပ်ရှင်ညွှန်ကြားရေးဆရာသည် ပြဇာတ်ဆရာ မဟုတ်ပေ။ သို့သော် ပြဇာတ်အနုပညာအမြင် ရှိရပေမည်။ ရုပ်ရှင်ညွှန်ကြားရေးဆရာသည် စာရေးဆရာ မဟုတ်ပေ။ သို့သော် စာပေအမြင် ရှိရပေမည်။ ယင်းတို့ကား ရုပ်ရှင်ညွှန်ကြားရေးဆရာတစ်ဦး၌ ရှိသင့်ရှိထိုက်သော အရည်အချင်းများဖြစ်ပေသည်။ သဘောတရားကို ဆိုလိုခြင်းဖြစ်ပေသည်။ လက်တွေ့၌ကား ရုပ်ရှင်ညွှန်ကြားရေးဆရာတစ်ဦးစီ၏ အရည်အချင်းအရလည်းကောင်း၊ တိုင်းပြည်၏ယဉ်ကျေးမှုအခြေအနေအရလည်းကောင်း ခြားနားကြပေမည်။

မြန်မာရုပ်ရှင်လောက၌ စာရေးဆရာအချို့၊ ဂီတဆရာအချို့ ရုပ်ရှင်နယ်သို့ဝင်ကာ ရုပ်ရှင်ညွှန်ကြားရေးဆရာများအဖြစ် ထင်ရှားလာသူများ ရှိကြသည်။

နိုင်ငံခြားကားများ၌ (အထူးသဖြင့် ရောင်စုံရိုက်ကူးသော ခေတ်ဆန်းလာကတည်းက) ပန်းချီဆန်အောင် ရိုက်ကူးလာကြသည်။ ယနေ့ခေတ် မြို့ကြီးပြကြီး

mgyoe.com

mgyoe.com


ကိုဖော်ပြသော ကားတွင် အရောင်သုံးပုံနှင့် ရှေးခေတ်ကို ဖော်ပြသောကားတွင် သုံးပုံချင်း မတူကြပေ။ ယနေ့ခေတ် မြို့ကြီးပြကြီး၌ အရောင်တောက်လွင်သော စူးရဲရဲအရောင်များ သုံးပြီး ရှေးခေတ်တွင် ခပ်မှိုင်းမှိုင်း၊ ခပ်ညို့ညို့အရောင်များ သုံးတတ်ကြသည်။ ဟင်နရီဂျိမ်း၏ဝတ္ထုကို ရိုက်ထားသော 'တွမ်ဂျုံး' ဇာတ်ကား၌ ရှေးဟန်အရောင်များ သုံးထားပေသည်။ ပန်းချီအနုပညာသဘော ရုပ်ရှင်ညွှန်ကြားရေးဆရာက ယူထားသည်။

ယင်းသို့ ကြီးကျယ်သောနေရာ မပြောနှင့်၊ စာတန်းထိုးသော ပဏာမအခန်းများ (မြန်မာအခေါ် စာတန်း) ပင်လျှင် အနုပညာမြောက်စွာပြသည်ကို တွေ့ရပေလိမ့်မည်။ စာတန်းထိုးသော ပဏာမအခန်းမှာ ဇာတ်ကားတစ်ကားလုံး၏အကြောင်းအရာ (ရည်ရွယ်ချက်) ကို ဂီတအနုပညာ၊ ပန်းချီအနုပညာ၊ သဘင်အနုပညာဖြင့် သရုပ်ဖော်ထားတတ်ကြပေသည်။ တစ်နည်းဆိုရလျှင် ပဏာမစာတန်းထိုးသော အခန်းမှာ ဇာတ်ကားတစ်ကားလုံး၏ ရသကိုချုပ်၍ ဖော်ပြထားသော 'ကဗျာ' တစ်ပုဒ်ပင်ဖြစ်သည်။ အနောက်နိုင်ငံ ရုပ်ရှင်ညွှန်ကြားရေးဆရာများက ယင်းသို့ သဘောထားကြသည်။

## (၂)

ရုပ်ရှင်သည် အသံနှင့်အမြင် (၂) ရပ်စလုံးကို ပေါင်းစပ်သုံးထားသည်။ ဂီတသံနှင့်အရုပ်များ တသီးတခြား မဟုတ်ကြပေ။ အရုပ်များက ပူလျှင် ဂီတပူကိုသုံးထားသည်။ အရုပ်များက အေးလျှင် ဂီတအေးကို သုံးထားသည်။ ကြွနေသော အရုပ်များဆိုလျှင် ကြွနေသောဂီတဖြင့် ဖော်ထားပေသည်။ အထူးသဖြင့် ဂျိမ်းစဘွန်းကားများပင်လျှင် ဇာတ်ကားအနေဖြင့် (အဘိဓမ္မာ ရေးရာအားဖြင့်) အဆင့်အတန်းမမြင့်သော်လည်း စာတန်းထိုးသော ပဏာမအခန်းများ၌ လှပစွာသုံးထားသည်ကို တွေ့ရပေလိမ့်မည်။

'မိဒရက်ပိယား' ဇာတ်ကား၌ ပဏာမစာတန်းထိုးကဏ္ဍတွင် လှိုင်းလုံးများတက်လာလိုက်၊ နောက် ပြန်ဆင်းသွားလိုက်ဟူသော ပင်လယ်လှိုင်းမြင်ကွင်းကိုပြပြီး စာတန်းထိုးထားသည်။ ယင်းသည် ဇာတ်ကား၏သဘောကို သင်္ကေတနည်းဖြင့် ဖော်ထားခြင်းဖြစ်သည်။ ယင်းကား၌ ပရိသတ်အား အထင်တစ်ခုကို ထင်ထားစေပြီး ယင်းအထင်ကို ချေဖျက်လိုက်ကာ နောက်အထင်သစ်တစ်ခု ပေးလိုက်ပြန်သည်။

mgyoe.com

mgyoe.com


ယင်းအထင်သစ်ကို ချေဖျက်ကာ နောက်အထင်သစ်တစ်ခု ပေးလိုက်ပြန်သည်။ ယင်းသို့သော ဇာတ်လမ်းရသကို လှိုင်းလုံး၊ လှိုင်းလုံးကို ဂီတစိတ်ကူးရုပ်များဖြင့် ဖော်သော ဂီတ (တီးဝိုင်းသံစုံကြီး) တို့ဖြင့် ဖော်ထားခြင်း ဖြစ်ပေသည်။

'အထူးရသ' ဖော်သော ညွှန်ကြားရေးဆရာပင် ရှိသည်။ ဥပမာ–ကြောက်စရာ မြင်ကွင်း၊ ကြောက်စရာအသံ၊ ကြောက်စရာအရောင်၊ ကြောက်စရာရုပ်ပုံများဖြင့် ဇာတ်ကား၏အလိုက်ဖန်တီးပေးသော ရုပ်ရှင်ညွှန်ကြားရေးဆရာဖြစ်သည်။

ယင်းသို့လျှင် အနုပညာဘက်စုံ စုပေါင်း၍ ရုပ်ရှင်ညွှန်ကြားမှုပညာကို အားဖြည့်ပေးကြသည်။

မြန်မာရုပ်ရှင်ခွင်ကား ယင်းသို့ အနုပညာဘက်စုံအားဖြည့်ပေးသော သဘောများ ရှိပါ၏လော။ ရုပ်ရှင်ညွှန်ကြားရေးဆရာများသည် ယင်းသို့ရုပ်ရှင်ညွှန်ကြားမှုပညာကို အားပြည့်လာအောင်၊ ကွယ်ဝလာအောင် အားထုတ်ကြပါ၏လော။ အခြေအနေကော ရှိပါ၏လော။

ထွန်းသစ်စနိုင်ငံများအဖို့ အခြေအနေသည် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေးသဖြင့် ယင်းအခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားရပေမည်။

မြန်မာရုပ်ရှင်အဆင့်အတန်းမြင့်ရေးအတွက် ယင်းမေးခွန်းများသည် ပေါ်လာပေသည်။ အထူးသဖြင့် ရုပ်ရှင်ညွှန်ကြားမှုပညာ ကျယ်ပြန့်လာရေး၊ မြင့်မားလာရေး အတွက် ယင်းမေးခွန်းများသည် ပေါ်လာပေသည်။ စင်စစ်အားဖြင့် မြန်မာရုပ်ရှင် အဆင့်အတန်းမြင့်ရေးသည် ရုပ်ရှင်ဇာတ်ကားကို ခေါင်းဆောင်ရိုက်ကူးရသော ရုပ်ရှင်ညွှန်ကြားရေးဆရာအပေါ်သာ တည်သည်မဟုတ်သေး။ ဇာတ်ဆောင်များ၏ အခန်း၊ စက်မှုအတတ်ပညာပိုင်းစသော ယင်းအနုပညာ၊ အတတ်ပညာများ စုပေါင်းမှုအပြင် ထုတ်လုပ်သူ၏အခန်းသည်လည်း အရေးကြီးပေသည်။

## (၃)

ထုတ်လုပ်သူဟူသော ဝေါဟာရသည် မြန်မာနိုင်ငံတွင် သုံးနှုန်းနေသော လက်တွေ့အဓိပ္ပာယ်နှင့် အခြားသောနိုင်ငံများ (အထူးသဖြင့် ဟောလိဝုဒ်) တွင် သုံးနှုန်းနေသော အဓိပ္ပာယ်များ မတူကြပေ။ မြန်မာနိုင်ငံတွင်ကား ထုတ်လုပ်သူဆိုသည်မှာ ငွေရင်းစိုက်သူသာ ဖြစ်နေပေသည်။ အခြားနိုင်ငံများတွင်ကား ထုတ်လုပ်သူမှာ ရုပ်ရှင်ဇာတ်ကား၏ ရုပ်ရှင်အနုပညာရွေးချယ်မှုဆိုင်ရာကဏ္ဍများကို တာဝန်ယူရသည်။

mgyoe.com

mgyoe.com


ဘယ်ဝတ္ထုရေးဆရာ၏ ဝတ္ထုကိုရိုက်မည်၊ ဘယ်နေရာ၌ ရိုက်ကူးမည်၊ ဘယ်ဇာတ်ကောင်များ သုံးမည် စသည်များကို ထုတ်လုပ်သူက တာဝန်ယူရသည်။ ဒေါက်တာရှီဗားဂိုးဇာတ်ကား၌ ထုတ်လုပ်သူမှာ နာမည်ကျော်ကာလိုပွန်တီဖြစ်၍ ရုပ်ရှင်ညွှန်ကြားရေးဆရာမှာ ဒေးဗစ်လင်း ဖြစ်သည်။ သူတို့ (၂) ယောက်ညှိနှိုင်းကာ ရှီဗားဂိုးဇာတ်ကားကို ရိုက်ကူးကြခြင်း ဖြစ်သည်။

မြန်မာရုပ်ရှင်လောက၌ကား ထုတ်လုပ်သူတို့မှာ ငွေရင်းစိုက်ထုတ်၍ဇာတ်ကား၏ အနုပညာတာဝန်ကို ညွှန်ကြားရေးဆရာအား လုံးဝလောက်နီးနီး လွှဲအပ်ကြရသည်က များသည်။ ထိုအခါ ရုပ်ရှင်ညွှန်ကြားရေးဆရာ၏ အရည်အချင်းပေါ်၌တည်၍ ဇာတ်ကား၏အနုပညာအဆင့်အတန်းသည် ဖြစ်ပေါ်လာရတော့သည်။ ရုပ်ရှင်ညွှန်ကြားရေးဆရာက တောင်းဆိုသော ကုန်ကျမှုကို ထုတ်လုပ်သူကမပေးသဖြင့် ရုပ်ရှင်အဆင့်အတန်းဘက်၌ ကန့်သတ်ချက်များလည်း ရှိနိုင်သည်။ ရုပ်ရှင်လောက၌ 'အလုပ်ဖြစ်ရေး' ဟူသောဝါဒသည် ဖြစ်ကတတ်ဆန်းကားများ ထွက်ပေါ်လာခြင်း၏ အကြောင်းရင်းဖြစ်ပေသည်။ အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးထုတ်လုပ်သော ဝါဒဖြစ်သည်။ အနုပညာသဘောထက် စီးပွားရေးသဘော ကုန်သွယ်ရေးသဘောသို့ သက်ရောက်တော့သည်။ ထုတ်လုပ်သူများသည် ယင်းအလုပ်ဖြစ်ရေးဝါဒကို ကျင့်သုံးတတ်ကြသည်။

❒

mgyoe.com

mgyoe.com

## ၁၀။ ဓာတ်ပုံနှင့် အလှဗေဒ

### (၁)

မြန်မာရုပ်ရှင် ဝေါဟာရဖြစ်သော အရိပ်ပြ၊ ရုပ်ရှင်ဟူသောစကားလုံးများသည် ရုပ်ရှင်၏သဘောတရားကို အခြေခံသမိုင်းအားဖြင့်ပင် ထင်လင်းစွာ ဖော်ပြသော ဝေါဟာရဖြစ်ပေသည်။ ('အရိပ်ပြ' ဟူသောစကားလုံးကို ယနေ့သိပ်မသုံးကြတော့ပြီ)

၁၆၄၀ က ရောမမြို့၌ 'ပဥ္စလက်မီးအိမ်' ဟု အမည်ပေးထားသော အရိပ်ထိုးပြ သော သဘောတစ်ခုဖြင့် စတင်ခဲ့သည်။ ယင်းသည် မူလအစဖြစ်သည်။ သို့ဖြင့် တစ်ဆင့်တက်ကာ တီထွင်ခဲ့ကြရာ ယခု ရုပ်ရှင်ကင်မရာဟု ခေါ်နေကြသော ဓာတ်ပုံရိုက်စက်ကိရိယာသည် ဖြစ်ပေါ်တိုးတက်လာခဲ့ပေသည်။ ဂရိတ်စကားလုံး 'ကီနီမာ' ဟူသော စကားလုံးမှ ပြင်သစ်အသံဖြင့် စီနီမာဟု ခေါ်ဝေါ်လာခဲ့ကြသည်။ ဂရိတ်စကား ကီနီမာမှာ 'လှုပ်ရှားခြင်း' ဟူသော အဓိပ္ပာယ်ရသည်။ အရုပ်များ သေမနေဘဲ ရှင်နေခြင်းဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ သို့ဖြစ်ရာ လွန်ခဲ့သော အနှစ် (၅၀) က မြန်မာရုပ်ရှင်ဆရာတို့က (သို့မဟုတ် ရုပ်ရှင်ကြည့်လူထုပရိသတ်ကလည်း ဖြစ်နိုင်သည်။ လူထုကပေးသော ဝေါဟာရများ၊ သို့မဟုတ် လူထုလက်ခံသုံးစွဲသော ဝေါဟာရများမှာ မြန်မာပီသပြီး အဓိပ္ပာယ်လည်း ထင်လင်းတတ်သည်။) မှည့်ခေါ်သုံးနှုန်းလိုက်ကြသော အရိပ်ပြနှင့် ရုပ်ရှင်ဟူသော ဝေါဟာရများမှာ မှန်ကန်သော

mgyoe.com

mgyoe.com

အဓိပ္ပာယ်ကို ထင်လင်းစွာဖွင့်ဆိုဖော်ပြထားပေသည်။ ထို့ကြောင့် ယင်းစကားလုံးများသည် ရုပ်ရှင်၏သဘောတရားကို အခြေခံသမိုင်းအားဖြင့်ပင် ထင်လင်းစွာ ဖော်ပြသော ဝေါဟာရဖြစ်သည်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။

ရုပ်ရှင်ခေတ်ဦးက အယ်ဒီဆင်သည် ဓာတ်သဘော၊ ရာဇဝင်သဘောဖြင့် ပေါင်းစပ်ကာ အနုပညာမြောက်စွာ ဖော်ပြခဲ့သည်။ ၁၈၉၃ က 'မေရီစကော့ဘုရင်မ ကွပ်မျက်ခံရခန်း' ကို ရုပ်ရှင်ဖြင့် ဖော်ပြသည်။ အတုလုပ်ထားသော မေရီဘုရင်မ၏ ဦးခေါင်းသည် ခန္ဓာကိုယ်နှင့်တခြားစီ ကွဲကျပြတ်သွားကာ ခေါင်းကြီး သဲထဲ၌ လိမ့်သွားပုံကို ရိုက်ပြသည်။ ထို့နောက် ပြင်သစ်ပြည်၌ ဓာတ်ပုံဆရာ ဩဂတ်နှင့် လူမေတို့သည် လှုပ်ရှားသောဓာတ်ပုံများကို ရိုက်ကူးကြပြန်သည်။ အလုပ်ရုံမှ အလုပ်သမားများ ထွက်လာပုံ၊ ဘူတာရုံ၌ မီးရထားကြီး ပွဲကြည့်ပရိသတ်ဆီသို့ ခုတ်မောင်းလာပုံ၊ ကမ်းစပ်၌ လှိုင်းလုံးများ တက်နေပုံ စသည်များ။ ယင်း လူမေ၏ရုပ်ရှင်ရိုက်ကူးမှုသည် ဥရောပတစ်ခွင်သို့လည်း ပျံ့နှံ့သွားသည်။ ၁၈၉၆ ၌ လူမေ သင်ကြားထားသော ဓာတ်ပုံဆရာများသည် မော်စကိုမြို့ ကရင်မလင်နန်းတော်ရှိ ဒုတိယနီကိုလပ်ဘုရင် နန်းတက်ပွဲကို ရုပ်ရှင်ရိုက်ကူးသည်။ ယင်းနှစ် ဇွန်လ၌ လူမေ၏ ရုပ်ရှင်ပြပွဲအခမ်းအနားကျင်းပရာ စာရေးဆရာကြီး ဂေါ်ကီတက်ရောက်ပြီး ကြည့်ခဲ့သည်။ ဂေါ်ကီသည် သတင်းစာတစ်စောင်အတွက် သတင်းရေးသည်။

"မနေ့ညက ကျွန်ုပ်သည် အရိပ်ပြည်ကြီးသို့ရောက်သွားခဲ့သည်။ လူမေ၏ လှုပ်ရှားသောဓာတ်ပုံပညာကို တွေ့ခဲ့ရသည်။ ကျွန်ုပ်အား ဆန်းကြယ်သောအထင်ကို ပေးသည်။ မည်မျှထူးခြားဆန်းကြယ်သနည်းဆိုလျှင် ယင်းဆန်းကြယ်ထူးခြားချက်ကို အနုစိပ်ရေးသားဖော်ပြရန်ပင် ကျွန်ုပ်၌ အရည်အချင်းမှ ရှိပါရဲ့လားဟု ကျွန်ုပ် သံသယဖြစ်မိပါတော့သည်။ သင်သည် သင်ဘယ်ရောက်နေသည်ကို မေ့နေပေသည်။ ဆန်းကြယ်သောစိတ်ကူးမှုများသည် သင်၏စိတ်တွင်းသို့ ဝင်ရောက်ကာ သင်၏စိတ် အသိဝေဒနာသည် ဖျော့လာကာ မှုန်ဝါးလာစေသည်" ဟု ဂေါ်ကီက သူ ပထမဆုံးကြည့်ရသော ရုပ်ရှင်အရသာခံစားမှုကို ရေးသားထားပေသည်။

## (၂)

ရုပ်ရှင်အစက ဓာတ်ပုံစက်ကိရိယာကို မြေ၌အသေချထား၍ ရိုက်ကြသည်။ ထို့နောက် ၁၈၉၆ ၌ ဓာတ်ပုံဆရာ အလီဇန်ဒရာပရိုမီရိုက ဓာတ်ပုံကိရိယာကို ရွှေ့လျား

mgyoe.com

mgyoe.com

လှုပ်ရှား၍ရကြောင်း သိလာရသည်။ ဗိနစ်မြို့တွင်းရှိ ရေယဉ်ချောင်းများ၌ သွားရင်း လှုပ်ရှားနေသော လှေပေါ်မှ ကမ်းရိုးမြင်ကွင်းများ ရွေ့လျားသွားသကဲ့သို့ မြင်ရပုံကို ဓာတ်ပုံဖြင့် ရိုက်ကူး၍ရကြောင်း သိလာရသည်။ သို့ဖြင့် ဓာတ်ပုံကိရိယာကို အသေစိုက် မထားတော့ဘဲ ရွေ့လျားလှုပ်ရှား၍ ရိုက်ကြတော့သည်။

ယနေ့ခေတ်၌ကား ဓာတ်ပုံကိရိယာကို ရွေ့လျားလှုပ်ရှားကာ ဓောက်ထိုး အပေါ် စီး၊ ဘေးတိုက်၊ အနိမ့်အမြင့် စသည်ဖြင့် အမျိုးမျိုးရိုက်လာကြပေပြီ။ သို့ဖြစ်ရာ ရုပ်ရှင်သည် လူများ၊ အရာဝတ္ထုများလှုပ်ရှားမှုကို ရိုက်ရုံသာမကတော့ဘဲ ဓာတ်ပုံ ကိရိယာကိုလှုပ်ရှား၍လည်း လူများ၊ အရာဝတ္ထုများကို ရိုက်လာကြသည်။

ဓာတ်ပုံကိရိယာသည် (၁) လူ၏ပကတိမျက်လုံးမဟုတ်၊ (၂) လူ့မျက်လုံး မြင်စွမ်းရှိသည်ထက်ပို၍ မြင်စွမ်းရှိသည်၊ (၃) လူ့မျက်လုံးနှင့်ခြားနား၍ မြင်စွမ်းရှိသည်။

အဝေးအနီးသာမက ဓာတ်ပုံကားချပ်များ ထပ်၍လည်း စိတ်လှုပ်ရှားမှုကို ဖော် နိုင်သေးသည်။ 'မွန္တာ' ဟူသော ပြင်သစ်ဓာတ်ပုံဝေါဟာရမှယူ၍ ရုပ်ရှင်၌လည်း သုံးကြသည်။ ရုပ်ရှင်၌ကား 'မွန္တာ' သည် အနုပညာတင်စားချက်ဟူသော ရုပ်ရှင် အနုပညာ နည်းတစ်နည်းဖြစ်လာပေသည်။ 'အာရဘက်' ဇာတ်ကား၌ ဆေးထိုးသဖြင့် စိတ်ချောက်ချားသော ခံစားမှုဝေဒနာကို ဓာတ်ပုံကားမြင်ကွင်းများ အမျိုးမျိုးယှက်သန်း ထားခြင်းဖြင့် ဖော်ထားလေသည်။

ဓာတ်ပုံကိရိယာကို မြေမှကောင်းကင်သို့ မော့ထားကာ လှည့်ပတ်ခြင်းဖြင့် မူးဝေနေသော ဝေဒနာကို ဖော်ပြကြသည်။ 'အင်နာကရင်ညီနား' ဆိုဗီယက်ကား၌ ကစ်တီ၏စိတ်၌ မနာလိုဖြစ်ကာ စိတ်ထိခိုက်ပြီး မူးယစ်ဝေသွားသည့် စိတ်လှုပ်ရှားမှုကို ကပွဲမှ သုတ်သုတ်လှည့်ပတ်ကာ ကရသော ဝေါ့ဇအက၏ 'အဟုန်' ဖြင့် ဓာတ်ပုံ ကိရိယာကို ဝေ့ပတ်ကာ ကြည့်သူပင် ရီဝေလာအောင် ရိုက်ကူးထားပေသည်။

ယင်းသို့လျှင် ဓာတ်ပုံကိရိယာကို အမျိုးမျိုးလှုပ်ရှားကာ ပြကြသည်။ ဓာတ်ပုံ ကိရိယာကို လူတစ်ယောက်ကဲ့သို့ သဘောထား၍ လှည့်လည်သွားလာလှုပ်ရှားကာ ရိုက်ကူးလာကြသည်။ အထူးသဖြင့် ဆိုဗီယက်ရုပ်ရှင်ကားများ။

မြန်မာရုပ်ရှင်တွင်ကား ဓာတ်ပုံကိရိယာလှုပ်ရှားမှု နည်းလှသေးသည်။

## (၃)

ဓာတ်ပုံကို 'အလင်းရောင်ဖြင့် ပန်းချီရေးခြယ်ခြင်း' ဟု ခေါ်ကြသည်။ အလင်း

mgyoe.com

ရောင်နှင့် အရိပ်ကိုအသုံးပြုခြင်းဖြင့် ရုပ်ရှင်မြင်ကွင်းများကို ပန်းချီကားချပ်ကဲ့သို့ လှပအောင် ရိုက်ကူးကြရပေမည်။

ဓာတ်ပုံ၏ မူလသဘောတရားမှာ အလင်းရောင်ညီအောင်၊ ရုပ်ပုံများပြတ်သား ပေါ်လွင်အောင် ရိုက်ကူးခြင်းဖြစ်ပေသည်။ သို့သော် အနုပညာမြောက်အောင်၊ ပန်းချီဆန်အောင် ရိုက်ကူးမှုများဟူသော ဓာတ်ပုံပညာဆန်းသစ်လာသောအခါ ယင်းသို့ မဟုတ်တော့ပေ။ အလင်းရောင်ကို အမျိုးမျိုးကစားကာ ရိုက်ကူးလာကြတော့သည်။ မျက်နှာပေါ်၌ ပန်းချီစုတ်လက်ရာကဲ့သို့ အရိပ်များ ရစ်သန်းကျနေဟန် အလင်းရောင် ပေးကြသည်။ အခန်းထဲရှိ အရာဝတ္ထုများနှင့် လူများကို အလင်းညီရန်မလိုတော့ဘဲ လင်းသည့်နေရာ လင်း၊ မှောင်သည့်နေရာ မှောင်၊ တစ်ဝက်မှောင်အရိပ် ကျနေဟန် စသည်ဖြင့် ဓာတ်ကား၏ 'ခံစားမှုရသ' အလိုက် ရိုက်ကူးပြသကြသည်။ မှုန်မှုန်ရီရီ၊ အလင်းတစ်ဝက်၊ အမှောင်တစ်ဝက်၊ အရိပ်မည်းမည်း၊ အရိပ်ပြောက်ကျား စသည်ဖြင့် ပန်းချီစုတ်လက်ရာဟန် ရိုက်ကူးပြသကြသည်။

မြန်မာရုပ်ရှင်၌ကား ရောင်စုံရိုက်ကူးမှုမရှိသဖြင့် ယင်းသို့ အလင်းနှင့်အရိပ် သဘောကို ပန်းချီအနုပညာဆန်စွာ ရိုက်ကူးနိုင်ပေသည်။

ယခု ရိုက်ကူးနေကြသည်ကား တစ်ခန်းလုံး အလင်းညီရိုက်သဖြင့် ပုံများ 'ပြတ်သား' သော်လည်း ပန်းချီသဘောအရာ၌ အားနည်းနေပေတော့သည်။ ဓာတ်ပုံကိရိယာသည် စက်မှုဖြစ်သော်လည်း အနုပညာ၏ အလှဗေဒနည်းဖြင့် လှပအောင် ရိုက်ကူးနိုင်ပေသည်။

❒

mgyoe.com

mgyoe.com

# ၁၁။ ရုပ်ရှင်ဝေဖန်ရေး၏ ပြည်သူ့ကဏ္ဍ

(၁)

ယနေ့ မြန်မာရုပ်ရှင်လုပ်ငန်းကို ခွဲစိတ်မြွာကြည့်လိုက်သောအခါ နိုင်ငံတော်အစိုးရကဏ္ဍနှင့် ပြည်သူ့ကဏ္ဍဟူ၍ တွေ့ရပေမည်။

ဝတ္ထုဇာတ်လမ်းစိစစ်ခြင်း၊ ရိုက်ပြီးကားများကိုစိစစ်၍ ဆင်ဆာအဖွဲ့က ဖြတ်တောက်ပြီး ခွင့်ပြုခြင်း၊ ရုပ်ရှင်ကုမ္ပဏီသစ်များကို စစ်ဆေးကာ မှတ်ပုံတင်ထုတ်ပေးခြင်း၊ ရုပ်ရှင်စက်မှုပစ္စည်းများ ရောင်းချခြင်း၊ ပြန်ကြားရေးဌာန မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့မှ နှစ်စဉ်အကောင်းဆုံးထူးချွန်ဆုပေးအပ်ချီးမြှင့်ခြင်း၊ ရုပ်ရှင်ကားများကို ပြန်ကြားရေးဌာန ရုပ်ရှင်ကော်ပိုရေးရှင်းမှ ဝယ်ယူငှားရမ်းကာ ပြည်သူပိုင်ရုံများ၌ (၅၀–၅၀ စနစ်ဖြင့်) ပြသခြင်း၊ ပွဲခွန်တော်ကောက်ခြင်း၊ ရုပ်ရှင်အနုပညာရှင်များနှင့် ထုတ်လုပ်သူတို့ထံမှ အမြတ်တော်ကြေးကောက်ခြင်း၊ ရုပ်ရှင်ကောင်စီအစည်းအဝေးများ၌ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခြင်းစသည်တို့သည် နိုင်ငံတော်အစိုးရ၏ ကဏ္ဍဖြစ်ပေသည်။ နိုင်ငံတော်အစိုးရက ကွပ်ကဲချုပ်ကိုင်သည့်အပိုင်း ဖြစ်ပေသည်။

ပြည်သူ့ကဏ္ဍကား ရုပ်ရှင်ပရိသတ်က ရုံဝင်ခပေး၍ အားပေးကြည့်ရှုခြင်းနှင့် ရုပ်ရှင်ကားများကို ရုပ်ရှင်ဝေဖန်ရေးဆရာများက စာနယ်ဇင်းများ၌ ဝေဖန်ရေးသား

mgyoe.com

mgyoe.com

ခြင်းများဖြစ်ပေသည်။ (ပြန်ကြားရေးဌာနမှ ထုတ်ဝေသော သတင်းစာ၊ မဂ္ဂဇင်းများတွင်လည်း ဝေဖန်စာများ ပါရှိသည်။) နိုင်ငံတော်အစိုးရက ရုပ်ရှင်ထုတ်လုပ်မှု လုပ်ငန်းကို ပြည်သူပိုင်မလုပ်သေးရာ ယင်းရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းမှာ အရင်းရှင်ကုန်ထုတ်လုပ်ငန်းပင် ဖြစ်နေပေသေးသည်။ သို့သော် အထက်ဖော်ပြပါအတိုင်း နိုင်ငံတော်အစိုးရက ကွပ်ကဲချုပ်ကိုင်ထားရာ 'ကန့်သတ်ထားသော အရင်းရှင် (ရုပ်ရှင်ထုတ်လုပ်ရေး) လုပ်ငန်း' ဟု ခေါ်နိုင်ပေသည်။

သို့ဖြစ်ရာ မြန်မာရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး၌ ရုပ်ရှင်ဝေဖန်မှုသည်လည်း ပြည်သူ့ဘက်က လုပ်ဆောင်နိုင်သော လုပ်ငန်းဖြစ်သည်ဟု ဆိုရပေမည်။ ယခု မြန်မာရုပ်ရှင်သက်တမ်း နှစ် (၅၀) ကျရောက်သော ရွှေရတုသဘင်နှစ်၌ ယင်းအချက်ကို လေးနက်စွာ သဘောထားသင့်ပေသည်။

တစ်နည်းဆိုရသော် ရုပ်ရှင်ဝေဖန်ရေးကို ပြည်သူ့ဘက်က မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးသို့ အကျိုးပြုနိုင်သော 'လူထုလှုပ်ရှားမှု' တစ်ရပ်အဖြစ် သဘောထားသင့်ပေသည်။

(၂)

စင်စစ်အားဖြင့် ရုပ်ရှင်ဝေဖန်ရေးမှာ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးတွင် အရင်းခံတော့မဟုတ်ပေ။ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်အားပေးချီးမြှင့်သူ ရုပ်ရှင်ပရိသတ်များသည် အရင်းခံကျကြသည်။ (နိုင်ငံတော်အစိုးရ၏ ကွပ်ကဲချုပ်ကိုင်မှုစနစ်၏ အကျိုးသက်ရောက်မှုကလည်း ရုပ်ရှင်လုပ်ငန်းအဆုတ်အတက်ကို ဖြစ်ပေါ်စေနိုင်သေးသည်။) သို့သော် ရုပ်ရှင်ဝေဖန်ရေးသည် ပြည်သူ့ဘက်မှ စွမ်းဆောင်နိုင်သော ကဏ္ဍအဖြစ်ကား အရေးကြီးပေသည်။

ရုပ်ရှင်ဝေဖန်ရေးသည် မြန်မာ့ရုပ်ရှင် စတင်ပေါ်ပေါက်ကတည်းကပင် ပေါ်ခဲ့ပေသည်။ အထူးသဖြင့် ၁၉၃၀ ပတ်ဝန်းကျင်၌ ရုပ်ရှင်ကားများ တော်တော်ထုတ်စပြု၍ ထိုခေတ်က ထွက်ခဲ့သော စာနယ်ဇင်းများ၌ ရုပ်ရှင်လုပ်ငန်းအကြောင်း ရေးသားသော ဆောင်းပါးများ ရေးသားကြသည်ကို တွေ့ကြရသည်။ စစ်မဖြစ်ခင်ခေတ်ကတည်းကပင် ရုပ်ရှင်စာစောင်များ ထုတ်ဝေခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ယင်းရုပ်ရှင်စာစောင်များသည် ရုပ်ရှင်လုပ်ငန်းကြီးပွားတိုးတက်ရေးကို ရှေ့ရှုကြသည်။ သို့သော်

mgyoe.com

mgyoe.com

ရုပ်ရှင်ဝေဖန်ရေးကို သံယောဇဉ်ကင်းကင်းဖြင့် အဂတိတရား လိုက်စားခြင်းမရှိဘဲ ဝေဖန်ကြခြင်းများ နည်းလှသည်။ ရုပ်ရှင်ထုတ်လုပ်သူများနှင့် စီးပွားရေးအရသော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း အနည်းနှင့်အများဆိုသလို ဆက်စပ်နေကြသဖြင့် ပွင့်လင်းသန့်ရှင်းသောဝေဖန်ရေးများ မဟုတ်ကြတော့ပေ။ ကြော်ငြာဆန်နေကြသည်က များသည်။

သို့ဖြစ်ရာ ယနေ့ ရုပ်ရှင်ဝေဖန်ရေးများမှာ ပုဂ္ဂိုလ်ရေးဆန်နေတတ်၏။ စီးပွားရေးသဘော သက်ရောက်နေတတ်၏။ ရုပ်ရှင်ဝေဖန်ရေးမှာ "ပညာရေး" မဆန်တော့ဘဲ ရေစုန်၌ မျောပါနေတော့သည်။

## (၃)

ရုပ်ရှင်ဝေဖန်ရေးသည် ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအတွက် အကျိုးပြုသော ပညာရေးလက်နက်ဖြစ်ရပေမည်။ ရုပ်ရှင်သည် ပြည်သူများအား အနုပညာရပ်ဖြင့် ဖြန့်ဖြူးသော၊ ထိရောက်အားကောင်းသော ယဉ်ကျေးမှုလက်နက်ကိရိယာ တစ်ရပ်ဖြစ်ပေရာ ရုပ်ရှင်ဝေဖန်ရေးသည်လည်း ပြည်သူ့အတွက် အရံလက်နက် ဖြစ်ရပေမည်။

သို့ဖြစ်ရာ ရုပ်ရှင်ဝေဖန်ရေးကို ပညာတစ်ရပ်အဖြစ် လေးနက်စွာ သဘောထားရပေမည်။ ရုပ်ရှင်ဝေဖန်ရေး သဘောတရားများ ဖွဲ့စည်းတည်ရှိသင့်ပေသည်။ ကားတစ်ကားကို ဝေဖန်ရာ၌ ရုပ်ရှင်ညွှန်ကြားမှု၏တာဝန်လော၊ ဇာတ်ဆောင်မှု၏ တာဝန်လော၊ ဇာတ်ပုံ၊ ဂီတအသံစသော အတတ်ပညာမှု၏တာဝန်လော စသည့် တာဝန်ခန်းများ ကို စိစစ်ရပေမည်။

မြန်မာ့ရုပ်ရှင်တွင် ကန့်သတ်ချက်များစွာ ရှိနေသည်။ တချို့က စကားသံနှင့် ပါးစပ်ပေါက်မကိုက်၊ အသံဖမ်းစက် အရိပ်မလွတ် စသည်ဖြင့် အတတ်ပညာဆိုင်ရာ အသေးစိတ်များကို ထောက်ပြတတ်သည်။ ယင်းတို့သည် မြန်မာနိုင်ငံအဖို့ လိုအပ်သော ဝေဖန်ရေး မဟုတ်ပေ။ မြန်မာနိုင်ငံမှာ စီးပွားရေးစနစ် မတည်ငြိမ်သေးသော၊ မဖွံ့ဖြိုးမတိုးတက်သေးသော နိုင်ငံဖြစ်သဖြင့် စက်မှုအတတ်ပညာဘက်၌ ချို့ယွင်းချက်များရှိနေသည်မှာ သဘာဝကျပေသည်။ ကားထဲ၌ ကျီးကန်းသံများ၊ ပုရစ်အော်သံများ ကြားနေရသေးသည်မှာ မဆန်းပေ။ မိုးလုံ၊ လေလုံ၊ အသံလုံရုပ်ရှင်ရိုက်ခန်းများ မရှိသေးပေ။ ရုပ်ရှင်စက်များမှာလည်း ကိုလိုနီခေတ်က စက်များပင် ရှိနေသေးသည်။

mgyoe.com

mgyoe.com

အခြားသော အရင်းရှင်နိုင်ငံများ၌ စက်မှုအတတ်ပညာတိုးတက်သဖြင့် ခေတ်မီနိုင်သည်။ အရင်းရှင်များက သူတို့လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အားထုတ်စွမ်းဆောင်ကြသည်။ ဆိုရှယ်လစ်နိုင်ငံများ၌ဆိုလျှင်လည်း ရုပ်ရှင်လုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာနပင်ရှိပြီး ရုပ်ရှင်လုပ်ငန်းကို အားပေးချီးမြှောက်သည်၊ ရုပ်ရှင်စက်များကို ထုတ်လုပ်သည်၊ ရုပ်ရှင်ပညာ တက္ကသိုလ်များ ဖွင့်ပြီး အနုပညာရှင်အတတ်ပညာရှင်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးသည်။ အရင်းရှင်နိုင်ငံများ၌ရော၊ ဆိုရှယ်လစ်နိုင်ငံများ၌ရော "အကယ်ဒမီ" ဟုခေါ်သော ရုပ်ရှင်ပညာပေးဌာနများ ဖွင့်လှစ်ထားရှိကြသည်။

ဆိုဗီယက်မှ "အင်နာကရင်ညီနား" ဇာတ်ကား၌ ၁–နှစ်ခွဲခန့် ဇာတ်တိုက်ပြီးမှ ရိုက်သည်။ ကျွန်တော်တို့ဆီ၌ ရုပ်ရှင်စတူဒီယိုရောက်မှ ရုပ်ရှင်ညွှန်ကြားရေးဆရာက ယနေ့ရိုက်မည့်အကွက်ကို ပါးစပ်က ပြောကာဇာတ်တိုက်ပြီး တစ်နာရီအတွင်း ရိုက်ကူးကြရသည်။

မြန်မာ့အခြေအနေဘောင်အတွင်းမှ ကြည့်၍သာ မြန်မာကားများကို ဝေဖန်ကြရပေမည်။ ဝတ္ထုဇာတ်လမ်း၊ ဇာတ်ဆောင်၊ ပန်းချီ၊ ဂီတ စသည်ဘက်မှ ဝေဖန်၍ရပေသည်။

❒

mgyoe.com

mgyoe.com

## ၁၂။ ပြည်သူ့တိုက်ပွဲနှင့် ရုပ်ရှင်အခန်း

(၁)

ယနေ့ မြန်မာ့ရုပ်ရှင်သက်တမ်းသည် နှစ် (၅၀) သို့ ရောက်ပြီဖြစ်ရာ ယနေ့ မြန်မာရုပ်ရှင် ဖွံ့ဖြိုးတိုးတက်မှုအစဉ်ကို သုံးသပ်လျှင် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ၏ နိုင်ငံရေးလမ်းကြောင်းအရ ဖွံ့ဖြိုးတိုးတက်လာခြင်းကို သုံးသပ်ခြင်းနှင့် ခွဲခွာ၍မရသော သဘောတရားကို တွေ့ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ဝံသာနုလှုပ်ရှားမှု ခေတ်ဦးအစ...

**သြော်... ပြေအမှုပေမို့**
**ငွေခရုငယ်နှင့်၊**
**ဖေယျတုပါကွယ့်၊**
**သပြေနုချိန်တင်ရန် ပန်းတွေကလည်းများလိုက်ပါဘိသနှင့်၊**
**ဖေ–ပု–ရှိန် အင်္ဂလန်နန်းမြေသွားတို့မှာဖြင့်**

စသည်ဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးစပ်ခဲ့သော 'ဖေ၊ ပု၊ ရှိန်' အနက်မှ ဦးထွန်းရှိန်ဈာပနသတင်းကားကို ရိုက်ကူးခြင်းဖြင့် မြန်မာရုပ်ရှင်သည် စတင်ခဲ့သောကြောင့်ဖြစ်ပေသည်။ ထိုအခါက ဦးထွန်းရှိန် ဈာပန သတင်းကားကို ရိုက်ကူးပြသခြင်းသည် ထိုအခါက ဝံသာနုလှုပ်ရှားမှုတွင် ရုပ်ရှင်ဟူသော ယဉ်ကျေးမှုကဏ္ဍ

mgyoe.com

mgyoe.com


ဖြင့် ပါဝင်ခြင်းကို ဖော်ပြခြင်းပင် ဖြစ်ပေသည်။ တစ်နည်းဆိုရသော် ထိုခေတ်က နိုင်ငံရေးလှုပ်ရှားမှုသည် ယဉ်ကျေးမှု၌ ထင်ဟပ်ခြင်းဟူသော သဘောတရားကို သက်သေထူခြင်းပင် ဖြစ်ပေသည်။

စင်စစ် စာပေ၊ အနုပညာစသော ယဉ်ကျေးမှုတို့သည် အရင်းခံမဟုတ်ပေ။ အကိုင်းအခက်မျှသာ ဖြစ်ပေသည်။ စီးပွားရေးစနစ်သာလျှင် ပင်စည်ပင်မဖြစ်သည်။ အရင်းခံဖြစ်ပေသည်။ ပင်စည်ပင်မမှ အကိုင်းအခက်များ ယှက်ဖြာကျရပေသည်။ တစ်ဖန် အပြန်ပြန်အလှန်လှန်ကြည့်ပြန်လျှင် နိုင်ငံရေး၏အရိပ်ကို စာပေ၊ အနုပညာဟူသော ယဉ်ကျေးမှုကြေးမုံပြင်၌ တွေ့မြင်နိုင်သည်။ စာပေ၊ အနုပညာ၌ နိုင်ငံရေးလှုပ်ရှားမှု (ဝါ) စီးပွားရေးတောင်းဆိုမှုသည် ထင်ဟပ်စမြဲဖြစ်ပေသည်။ ထို့ကြောင့် ရုပ်ရှင်စသော ယဉ်ကျေးမှု၌ နိုင်ငံရေးအခြေအနေကို အကဲခတ်၍ ရသည်။

ကိုလိုနီခေတ်မှ ရုပ်ရှင်များကိုကြည့်ကာ ကိုလိုနီခေတ်က နိုင်ငံရေးလှုပ်ရှားမှုကို မြင်နိုင်ပေသည်။ ထို့အတူ လွတ်လပ်ရေးရပြီးနောက်ခေတ် ရုပ်ရှင်များကိုကြည့်ပြီး အမျိုးသားစနရှင်နိုင်ငံရေးများကို မြင်နိုင်ပေသည်။ လွတ်လပ်ရေးမရမီက ပြည်သူတို့အား ကိုယ်စားပြုသော ပြည်သူ့ခေါင်းဆောင်မှုက ရည်မှန်းခဲ့သော ပြည်သူတို့ကိုယ်တိုင် ပြည်သူ့အာဏာဖြင့်ထူထောင်သော ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်မလာဘဲ အမျိုးသားစနရှင်များက ပြည်သူများအား နှစ်သိမ့်သော ဆိုရှယ်လစ်စီးပွားရေးစနစ် (ဝါ) 'ဒီမိုကရေစီဆိုရှယ်လစ်' တို့၏ အရင်းရှင်ပြုပြင်ရေး စီးပွားရေးစနစ်ဖြစ်နေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရသော်လည်း စီးပွားရေးစနစ်များမှာ မတည်ငြိမ်ဘဲ မဖွံ့ဖြိုးမတိုးတက်ဘဲ ဖြစ်နေရသည်။ ယင်းစီးပွားရေးအခြေခံအရပင် ရုပ်ရှင်မှာလည်း အမျိုးသားလွတ်လပ်ရေးအင်္ဂါရပ်နှင့်မညီဘဲ မတည်ငြိမ်သော၊ မဖွံ့ဖြိုးမတိုးတက်သော ရုပ်ရှင်ဖြစ်နေခြင်း ဖြစ်ပေသည်။ ယင်းသည် သဘာဝကျပေသည်။ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာတို့သည် စီးပွားရေး၏ အကိုင်းအခက်မဟုတ်ပေလော၊ နိုင်ငံရေး၏ထင်ဟပ်ချက် မဟုတ်ပေလော။

## (၂)

အရင်းခံမဟုတ်၊ အကိုင်းအခက်ဆိုသဖြင့် မလှုပ်ရှားရဟု မဆိုလိုပေ။ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်အလုပ်သမားများ၊ အသေးစားထုတ်လုပ်သူများ စသော ရုပ်ရှင်လုပ်သားနှင့် လုပ်ငန်းရှင်ကလေးများသည်လည်း ပြည်သူ

mgyoe.com

mgyoe.com


ထဲမှ ပြည်သူများဖြစ်ကြသည်။ ထို့ကြောင့် မိမိတို့၏လုပ်ငန်း လွတ်လပ်စွာတိုးတက် ဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့်အတူ ရုန်းကန်လှုပ်ရှားရပေမည်။ ပြည်သူတို့၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးခြင်းသည်လည်း ပြည်သူ၏အစိတ်အပိုင်းဖြစ်သော ရုပ်ရှင်သမားများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးပင် ဖြစ်သည်။ တိုင်းပြည်၏ စီးပွားရေးပေါ်တွင်မှီ၍ ရုပ်ရှင်လုပ်ငန်း (အနုပညာရော အတတ်ပညာပါ အပါအဝင်) သည်လည်း တိုးတက်ဖွံ့ဖြိုးလာရပေမည်။ ယနေ့ရုပ်ရှင်များ အဆင့်အတန်းမမြင့်သေးဟု ဝေဖန်နေခြင်းသည်လည်း ယနေ့စီးပွားရေးစနစ်၏ မတည်ငြိမ်မှု၊ မဖွံ့ဖြိုးမှု၏ အကျိုးသက်ရောက်မှုတစ်ရပ်ဖြစ်သည်ဟု မြင်ကြရပေမည်။

သို့ဖြစ်ရာ ရုပ်ရှင်သည် ပြည်သူတို့၏တိုက်ပွဲ၌ ပါကိုပါဝင်ရပေမည်။ ပြည်သူတို့၏တိုက်ပွဲသည် ရုပ်ရှင်အလုပ်သမားများ၏ တိုက်ပွဲပင်မဟုတ်လော။ ပြည်သူတို့၏ တော်လှန်ရေးသည်ကား အနုပညာ၊ စာပေ၊ ယဉ်ကျေးမှုတို့ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်မဟုတ်ပေလော။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အလုပ်သမား၊ လယ်သမား၊ ပညာရှင်များ စသော ပြည်သူများကသာလျှင် တည်ဆောက်ကြရသည် မဟုတ်ပေလော။ ရုပ်ရှင်၌လည်း ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်အလုပ်သမားများ၊ အသေးစားရုပ်ရှင်ထုတ်လုပ်သူများသည် သူတို့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးကို လုပ်ချင်သူများဖြစ်ကြသည်။ အရင်းခံဖြစ်သော စီးပွားရေးကန့်သတ်ချက်တို့ကြောင့်သာ အနုပညာလွတ်လပ်ခွင့်ကို စိတ်ရှိလက်ရှိချဲ့ထွင်၍ မဖန်တီးနိုင်ဘဲ နေရခြင်းဖြစ်ပေသည်။

မိုးလုံလေလုံအသံလုံအအေးခန်း၌ ရိုက်ချင်ကြမည်။ လှပခမ်းနားသော အဆောက်အဦဆောက်ထားသော ရုပ်ရှင်တည်ဆောက်ခန်း၌ ရိုက်ချင်ကြမည်။ ရုပ်ရှင်အတတ် ပညာရှင်များကလည်း အသံဖမ်းစက်ကောင်း၊ ဓာတ်ပုံစက်ကောင်းများနှင့်သာ ရိုက်ချင်ကြမည်။ ရုပ်ရှင်အနုပညာရှင်များကလည်း အချိန်ယူဇာတ်တိုက်၍ ရိုက်ချင်ကြမည်။ သို့သော် ပေးထားသောအခြေအနေအရသာ 'အလုပ်ဖြစ်' အောင် ရိုက်ကူးနေကြရသဖြင့်သာ မြန်မာရုပ်ရှင်သည် အဆင့်အတန်းမြင့်သင့်သလောက် မမြင့်ရခြင်းဖြစ်ပေသည်။

ဖူးသစ်စ လူငယ်ရုပ်ရှင်ဝါသနာအိုးများလည်း ရှိကြမည်။ သို့သော် သူတို့သည် ရုပ်ရှင်ပညာဆည်းပူးလေ့လာရန် နေရာမရှိကြ။ ရုပ်ရှင်တက္ကသိုလ်မရှိသေး။ ရုပ်ရှင်စက်ကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ ကိုယ်တိုင်မထုတ်လုပ်နိုင်သေး။ နိုင်ငံခြား

mgyoe.com

mgyoe.com


ပေါ်၌ လုံးဝမှိုခိုနေရသေးသည်။ အမှီခိုကင်းသော ရုပ်ရှင်ဓာတ်ပုံစက်မှုလုပ်ငန်းလည်း မရှိသေးပေ။

## (၃)

ကိုလိုနီခေတ်ကပင် ရုပ်ရှင်သည် ပြည်သူတို့၏တိုက်ပွဲ၌ ပါဝင်ခဲ့သည်သာ။ ဦးထွန်းရှိန်ရျာပနသတင်းကား ရိုက်ကူးခြင်းဖြင့် စတင်ခဲ့သော မြန်မာရုပ်ရှင်သည် ၁၉၃၀ ၌ ဂျူဗလီအတွက်သူပုန်ခေါင်းဆောင်ကြီး ဆရာစံ၏ အမှုစစ်ဆေးခန်းသတင်းကား ရိုက်ကူးပြသခဲ့သည်။ ယင်း ဆရာစံသတင်းကားကို မြန်မာအဆွေက ရိုက်ကူး၍ ဒဂုန်ရုံ၌ ပြသခဲ့သည်။ (၂၄–၈–၃၁)

၁၉၃၁ က အင်္ဂလန်၌ မြန်မာကိုယ်စားလှယ်များ စားပွဲဝိုင်းမျက်နှာစုံညီ အစည်းအဝေးတက်ရောက်နေစဉ် ဦးညီပု၏ ဆုထူးပန်ဇာတ်ကား လန်ဒန်၌ပြသခဲ့သည်။ ယင်းရုပ်ရှင်ပြပွဲသို့ ဦးဘဖေ၊ မိုးမိတ်စော်ဘွား၊ ညောင်ရွှေစော်ဘွားစသော ဘိလပ်ရောက်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒေလီမစ်ရား (နေ့စဉ်ကြေးမုံ) သတင်းစာကြီးက "ထိုဇာတ်ကားကို မိမိအရင်တွင် အမေရိကန်ရုပ်ရှင်များကို နည်းယူရိုက်ပြသော မောင်ညီပုကိုယ်တိုင် စီစဉ်ထုတ်ဝေကြောင်း၊ ခင်ခင်နုမှာ ရှေ့သို့အလားအလာရှိသော မင်းသမီးဖြစ်ကြောင်း" ဖြင့် ဝေဖန်ရေးသားခဲ့သည်။ (၆–၂–၃၁ သူရိယသတင်းစာ)

ယင်းသည်ကား မြန်မာပြည်သူတို့၏ လွတ်လပ်ရေးလှုပ်ရှားမှုတွင် ရုပ်ရှင်လည်းပါဝင်ကြောင်း ဖော်ပြခြင်း ဖြစ်သည်။ မြန်မာတို့သည် လွတ်လပ်ရေးနှင့် ထိုက်တန်ကြောင်း အမျိုးသားဆန္ဒဖော်ပြချက်တစ်ရပ် ဖြစ်ပေသည်။

ယင်းသို့လျှင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတစ်လျှောက် ရုပ်ရှင်သည် ပြည်သူတို့၏တိုက်ပွဲတွင် ပါဝင်ခဲ့ပေသည်။ ပြည်သူတို့ တိုက်ပွဲတွင် ယဉ်ကျေးမှုကဏ္ဍတစ်တပ်တစ်အား ပါဝင်ရေးသည်ကား ရုပ်ရှင်လုပ်သားများဖြစ်သော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်၊ ရုပ်ရှင်အလုပ်သမား၊ အသေးစားထုတ်လုပ်သူများစသောသူများ၏ စည်းလုံးညီညွတ်ရေးပင်ဖြစ်ပေသည်။

❐

mgyoe.com

mgyoe.com

# ၁၃။ အနာဂတ်မြန်မာရုပ်ရှင်

## (၁)

ယနေ့ မြန်မာရုပ်ရှင်၌ အင်အားစုဟောင်းနှင့် အင်အားစုသစ် (၂) ခုရှိသည်။ အဟောင်းစုမှာ လွန်ခဲ့သော ရှေးအနှစ် (၃၀) က ရိုက်နည်းအတိုင်း ရိုက်နေသောအစု။ အသစ်စုမှာ တီထွင်ဆန်းသစ်လိုသောအစု။ အဟောင်းစုမှာ မြန်မာရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေးကို အကျိုးမပြုဘဲ 'အလုပ်ဖြစ်ရေး' ဟူသောမူအတိုင်း တစ်ကားပြီး တစ်ကား ထွက်အောင် ရိုက်ကူးနေကြသည်။ ရုပ်ရှင်ကော်ပြားအသစ်နှင့် ကူးထားသော်လည်း ပုံသဏ္ဌာန်ဟောင်းဖြင့်သာ ဖော်ပြထားသည်။ ဓာတ်ပုံရိုက်ဟန်သစ်၊ အယူအဆသစ်နှင့် ရိုက်ကူးသူများမှာ ဆန်းသစ်တီထွင်မှုကို ရှေ့ရှုသော အသစ်စုဖြစ်သည်။ အထူးသဖြင့် လူငယ်ရုပ်ရှင်ညွှန်ကြားရေးသမားများက ရိုက်ကူးချင်ကြသည်။ ယနေ့ပြသနေသော ကမ္ဘာ့ရုပ်ရှင်ကားများကို လေ့လာကာ အသစ်ကို ဖန်တီးချင်ကြသူများဖြစ်သည်။ ခေတ်ပေါ်ရုပ်ရှင်အနုပညာသဘောတရား သစ်များကို လေ့လာကြသူများဖြစ်ကြသည်။ သူတို့သည် အနာဂတ်မြန်မာရုပ်ရှင်အတွက် အလားအလာကောင်းများကို သယ်ဆောင်လာမည့်သူများဖြစ်ကြသည်။

အဟောင်းအင်အားစုမှာ ဇာတ်လမ်းလှည့်ကွက်များကို အားကိုးတတ်ကြသည်။ ဇာတ်နာအောင် ဖန်တီးတတ်သည်။ လူရွှင်တော်များကိုသုံးကာ ပရိသတ်အား

mgyoe.com

mgyoe.com


ကလိ ထိုးတတ်ကြသည်။ လူကြမ်း၊ လူရွှင်တော်စသော 'ပုံစံ' ဇာတ်ကောင်များမပါဘဲ မရိုက်တတ်ကြ။ ကားအဆုံးတွင် ဇာတ်ဆောင်များအားလုံး စုဝေးကာ 'ဇာတ်ပေါင်း' ကြသော အခန်းများမပါဘဲ မရိုက်တတ်ကြ။ 'အချိန်' ကိုက်အောင်ဆို၍ ဇာတ်လမ်းကို အထောက်အကူမပြုသော (အများအားဖြင့် နှောင့်ယှက်တတ်သည့်) 'ညှပ်ကွက်' များ ထည့်တတ်ကြသည်။ ဂီတအနုပညာနှင့် ပန်းချီအနုပညာကို ရုပ်ရှင်ဇာတ်ကား ထဲ၌ ပေါင်းစည်း၍ တစ်သားတည်းဖြစ်အောင် မထည့်ကြ။ ဂီတနှင့် ပန်းချီပညာရပ်များသည် ရုပ်ရှင်၌ အရေးကြီးသောကဏ္ဍက ပါဝင်နေသည်ကို မသိကြ။ ဓာတ်ပုံရိုက်ကိရိယာ၏ စွမ်းဆောင်ချက်များကို စိတ်မဝင်စားကြ။ မြင်ကွင်းတစ်ခုလုံးရှိ အရာဝတ္ထုနှင့် လူများအားလုံး ထင်ရှားပြတ်သားမှုကိုသာ အရေးထားကြသည်။ မှောင်သည့်နေရာမှောင်၊ လင်းသည့်နေရာလင်း၊ တံခါးပေါက်နေရာက အလင်းရောင်ထိုးကျ၊ အရိပ်ကျသည့်နေရာကျ၊ ကွက်ကွက်ကျားကျားဖြစ်နေသော (ဝါ) ပန်းချီသဘောပါသော၊ ခံစားမှုပါသော ဓာတ်ပုံရိုက်ကူးမှုကို တန်ဖိုးမထားကြ။

အသစ်အင်အားစုကား ဇာတ်လမ်းထက်ဇာတ်ဆောင်ကို ပို၍အရေးထားကြသည်။ ဝတ္ထုဇာတ်လမ်းအပေါ်မူတည်၍ လူကြမ်း၊ လူရွှင်တော်၊ 'ပုံစံ' မပါဘဲ ဖော်ပြကြသည်။ လူရွှင်တော်က ကလိထိုးရယ်မောစေခြင်းထက် ဇာတ်လမ်းအရ ရယ်မောရခြင်းကို အရေးထားကြသည်။ လူ့ဘဝ၏အမြီးအမောက်မတည့်ပုံကိုသာ ဟာသဟု ယူဆကြသည်။ ဂီတအနုပညာ၊ ပန်းချီအနုပညာတို့ကို ရုပ်ရှင်အနုပညာ၌ ပေါင်းစည်းညီညွတ်အောင် ဖန်တီးကြသည်။ ရုပ်ရှင်အနုပညာကို စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီအနုပညာများ စုပေါင်းထားသော အနုပညာပေါင်းချုပ်အဖြစ် သဘောထား ကြသည်။ ခံစားမှုရသကို အလေးပေးဖော်ပြသော အာရုံခံစားမှုပုံသဏ္ဍာန်အဖြစ် သဘောထားကြသည်။ ထို့ကြောင့် ပုံသဏ္ဍာန်ဆန်းသစ်သည်ထက် ဆန်းသစ်အောင် ကြိုးစားကြသည်၊ တီထွင်ကြသည်၊ အကြောင်းအရာသစ်များကို ရှာကြံကြသည်။

ယင်းသို့လျှင် အဟောင်းအင်အားနှင့် အသစ်အင်အားတို့သည် ယနေ့ မြန်မာရုပ်ရှင်နယ်ပယ်၌ ရှိနေပေသည်။ အသစ်အင်အားသည် အနာဂတ်မြန်မာရုပ်ရှင်ကို ပိုင်စိုးသူများ ဖြစ်ရပေမည်။

ယနေ့ မြန်မာရုပ်ရှင်လုပ်ငန်းမှာ အစိုးရက ကန့်သတ်ချုပ်ကိုင်ထားသော အရင်းရှင်လုပ်ငန်းပင်ဖြစ်နေပေသေးသည်။ ရုပ်ရှင်လုပ်ငန်းမှာ 'ပုံကျ' များစုဝေးနေသော နေရာဖြစ်ပေသည်။ အနုပညာဘက်၊ အတွေးအခေါ်ဘက်၌ အဟောင်းနှင့်အသစ်

mgyoe.com

mgyoe.com


ရောပြွမ်းနေသည်။ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်၍မရတော့သဖြင့် မိမိတို့၏အရင်းအနှီးများကို ဝင်ငွေကောင်းသော ရုပ်ရှင်လုပ်ငန်း၌ မြှုပ်နှံရန် ရောက်လာကြသူ စီးပွားရေးသမားသက်သက်များလည်း ပါသည်။ အစဉ်အလာအရ ရုပ်ရှင်လုပ်ငန်းဖြင့် မ,တည်လာခဲ့သူများလည်း ပါသည်။ မိမိတို့အနုပညာကို လွတ်လပ်စွာ ဖန်တီးလိုသောအနုပညာရှင်များလည်းပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ပင်ရင်းအနုပညာရပ်ကွက်တွင် မပျော်မွေ့၍ ပို၍ဝင်ငွေကောင်းသောနေရာအဖြစ် 'စားကျက်' ပြောင်းလာသူများလည်း ပါသည်။ ယင်းသို့လျှင် ရောပြွမ်းနေပြီး ဦးတည်ချက်မှိန်ကာ ယှက်သန်းလျက် ရှိနေပေသည်။

(၂)

ယင်းအခြေအနေတွင် အနှစ် (၅၀) ရုပ်ရှင်ရွှေရတုနှစ်ကာလ၌ မြန်မာရုပ်ရှင်၏ အနာဂတ်ကို စဉ်းစားသင့်ပေသည်။

ရေစီးရာ မျောပါနေမည်လော။ သို့မဟုတ် ကမ္ဘာတစ်ဝှမ်း တိုးတက်လျက်ရှိသော ရုပ်ရှင်လှုပ်ရှားမှု၌ ဆက်စပ်ကာ ရုပ်ရှင်ကဏ္ဍအားဖြင့် အမျိုးသားထူထောင်ရေး၊ တည်ဆောက်ရေးများ၌ ပါဝင်မည်လော။ (အာရှ၌ ရုပ်ရှင်ပွဲတော်များ ကျင်းပလျက် ရှိသည်။ အရှေ့-အနောက် အင်အားစုများက ကြီးကြပ်ကျင်းပရာ မြန်မာရုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်သည်ကို မတွေ့ရပေ။ တက်ရောက်လျှင်လည်း တိုင်းပြည်သို့ အစီရင်ခံရပေမည်။)

ယနေ့ခေတ်၌ ရုပ်ရှင်သည် အနုပညာပေါင်းစုံ စုစည်းထားသော ပညာရေးလုပ်ငန်းဖြစ်ပြီး ပြည်သူတို့အား ထိရောက်နက်ရှိုင်းစွာ အသိပညာ၊ ရသပညာ ပေးစွမ်းနိုင်သော ယဉ်ကျေးမှု လက်နက်ကိရိယာကြီးဖြစ်သည်။ အကျယ်ပြန့်ဆုံးသော လူထုဆက်သွယ်ရေး ကိရိယာဖြစ်နေသည်။

မြန်မာရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေးအတွက် အောက်ပါအတိုင်း အကြံပေးလိုပေသည်။

(က) ရုပ်ရှင်ပရိသတ်အား အနုအပညာအဆင့်အတန်း မြင့်သော ရုပ်ရှင်ကားများကြည့်ချင်အောင်၊ ကြည့်တတ်အောင် လှုံ့ဆော်ပေးရပေမည်။

နိုင်ငံခြားကားကောင်းများ တင်သွင်းရပါမည်။ ပြည်သူတို့၏ တော်လှန်ရေးကို အကျိုးပြုသော ကားကောင်းများကို ဆိုလိုပေသည်။ အထူးသဖြင့် ဆိုရှယ်လစ်နိုင်ငံများမှ

mgyoe.com

mgyoe.com


ကားကောင်းများ၊ အရင်းရှင်နိုင်ငံမှလည်း ကျော်ကြားသော ဝတ္ထုဇာတ်လမ်းများ ရိုက်ကူးကြပါသည်။ ယင်းနိုင်ငံခြားကားများကို မြန်မာအသံသွင်း၍ သို့မဟုတ် မြန်မာစာတန်းထိုး၍ ပြသင့်ပေသည်။

(ခ) ရုပ်ရှင်တက္ကသိုလ် ဖွင့်လှစ်သင့်ပေသည်။ အနာဂတ်အတွက် အလားအလာရှိသော ရုပ်ရှင်အတတ်ပညာရှင်များ၊ အနုပညာရှင်များ ပြုစုပျိုးထောင်ပေးရန် ဖြစ်သည်။ လူငယ်ပညာရှင်သစ်များသည် အနာဂတ်မြန်မာရုပ်ရှင်အတွက် အကျိုးပြုကြပါလိမ့်မည်။

(ဂ) အနုပညာလွတ်လပ်ခွင့်ကို တစ်နည်းမဟုတ် တစ်နည်း ဟန့်တားချုပ်ချယ်ရာရောက်သော ကွပ်ကဲမှုမရှိသင့်ပါ။ ဥပမာ–ဇာတ်လမ်းစိစစ်ရေး ကွပ်ကဲမှုမျိုး။ ပြည်သူများအား အန္တရာယ်ပေးမည့် အတွေးအခေါ်များကိုကား ချုပ်ချယ်ရပါမည်။ သို့ဖြစ်ရာ ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအတွက် ပို၍မြင့်မားသော အနုပညာရေးဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်ကြီးများ ပါဝင်သော အနုပညာ ပွင့်ဖူးရေး အားပေးသော အကြံပေးအဖွဲ့ဖွဲ့၍ အဆင့်အတန်း မြှင့်တင်ရေးကို လုပ်ဆောင်သင့်ပါသည်။

(ဃ) ရုပ်ရှင်ပညာရှင်များ၊ ရုပ်ရှင်အလုပ်သမားများ တစ်နှစ်တစ်ကြိမ် အနုပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပသင့်ပါသည်။ သို့မှသာ ဝေဖန်သုံးသပ်ချက် များရရှိ၍ ယဉ်ကျေးမှုလှုပ်ရှားမှုအဖြစ် ကျယ်ပြန့်လာပေမည်။

(င) ကမ္ဘာ့ရုပ်ရှင်ပွဲတော်များသို့ ကျယ်ပြန့်သော မြန်မာရုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်သင့်ပေသည်။

**(ရှုဒေါင့်၊ ၁–၂–၇၁ မှ ၁၅–၉–၇၁ အထိ 'မောင်ဘတင့်' အမည်ဖြင့် ၁၄ ပတ် ဖော်ပြသော ဆောင်းပါးများ)**

❒

mgyoe.com

mgyoe.com

# (ခ) ဂီတမှတ်တမ်း

## အသံလွှင့်ရုံ၊ ရန်ကုန်၊ ပီကင်း၊ မော်စကို

(၁)

ပြည်လမ်းပေါ်၌ ကားတို့သည် ဝေါခနဲ့ဝေါခနဲ ဖြတ်သန်းသွားကြလေ၏။ သူတို့နှင့်ဆန့်ကျင်၍ သေတ္တာကလေးများ စုကပ်ထားသကဲ့သို့ ဆန်းကြယ်ခမ်းနားသော အသံလွှင့်ရုံသစ် အဆောက်အဦကြီးသည်ကား ငြိမ်ဝပ်ရပ်တည်လျက် ရှိပေသည်။ သို့သော် မှန်တံခါးမကြီးများမှ အတွင်းသို့ ဝင်လိုက်သော် ကျောက်ပြားအနီကွက်ခင်းထားသည့် အလယ်ခန်းမဆောင်၌ တေးသံများ ထွက်ပေါ်လာသည်။ စတူဒီယိုခန်းအတွင်းမှ လွှင့်နေကြသော တူရိယာသံများ ထွက်ပေါ်လျက်။ သင်သည် ကြုံကြိုက်ပါက အဆိုတော်များနှင့် တွေ့ဆုံရတတ်သည်။ မှေးစင်းသော အကြည့်ဖြင့် ပန်းနုရောင်ဆင်ယင်ထားသည့်ထား၊ အစိမ်းနှင့် အပြာနုတို့ထဲမှ ပြုံးသော မဋ္ဌုမြင့်၊ ခပ်တောင့်တောင့်၊ ဝဝ၊ အေးစက်သော မောင်လွမ်းဝေ။

သောတရှင်မဂ္ဂဇင်း၌ာနန၌ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော စာရေးဆရာမင်းရှင်၊ သန်းဆွေတို့ရှိ၍ အသံလွှင့်ရုံသို့ရောက်သွားတတ်သည်။ သူတို့သည် ကျွန်တော့်ဝါသနာကို သိကြ၍ အသံလွှင့်ခန်းများသို့ ပို့တတ်သည်။ ကျွန်တော်မှာ တူရိယာဝိုင်းအပါးမှ မခွာတော့။

တစ်ခါက ဇာတ်လမ်းပမာအခန်း အသံသွင်းနေခိုက်နှင့် ကြုံလေသည်။

mgyoe.com

mgyoe.com


ဇာတ်ဆောင်များသည် စားပွဲတစ်ခု၌ မျက်နှာချင်းဆိုင် ဝိုင်းထိုင်ကာ အသံအမူအရာ လုပ်နေကြသည်။ ဒေါ်သန်းနှစ်၏ငိုရှိုက်သံ၊ မောင်သစ္စာ၏ရင်ထဲမှ ဖိုလှိုက်သံ၊ ဇာတ်ကြောင်း ပြောပြသူ ကိုဇော်ဝင်း၏ ရသပါသောအသံ။

မှန်ခန်းတစ်ဖက် အသံဖမ်းသည့်နေရာက ကြည့်နေခြင်းဖြစ်၍ အသံများကို ပီသကြည်လင်စွာ ကြားနေရပေသည်။ ကျွန်တော့်မှာ ငိုရှိုက်သံ၌ ရင်ထဲတွင် တလှပ်လှပ် ဖြစ်နေသည်။ မင်းရှင်နှင့် သန်းဆွေတို့ကား ကျွန်တော် ခံစားနေသည်ကို သိကြမည် မထင်။ ကျွန်တော့်မှာ အလွမ်းဇာတ်ကားကြည့်ရင်း မျက်ရည်လည်နေတတ်ပေသည်။ ယခုလည်း ဒေါ်သန်းနှစ်၏ရှိုက်သံ၌ စိတ်ထိခိုက်နေမိသည်။

မောင်သစ္စာသည် ပုသိမ်ထီးကိုထမ်းကာ လမ်းလျှောက်နေ၍ ‘ဘာလုပ်တာလဲဗျ’ ဟု မေးကြည့်ရာ မင်းရှင်သည် ခေါင်းခါ၍ ‘မသိသေးဘူး’ ဟု ဖြေသည်။ ဇာတ်လမ်း ပြောပြသူက ‘သေနတ်ကို ပစ်ချလိုက်တယ်ခင်ဗျ’ နေရာသို့ရောက်သောအခါ မောင်သစ္စာသည် ထီးကို သမံတလင်းပေါ်သို့ ဖြန်းခနဲ ပစ်ချလိုက်လေသည်။

သေနတ်ပစ်သံအဖြစ် စက္ကူအိတ်ကို လက်နှင့်ရိုက်ကာ ဖောက်ကြသည်။ စက္ကူအိတ်မကောင်း၍ ၂–၃–၄ ခါ ထပ်၍ ဖောက်ကြသည်။ ကျွန်တော်လည်း မနေနိုင်၍ စက္ကူအိတ်တစ်အိတ်ပေးလိုက်သည်။ နောက်ဆုံး စက္ကူအိတ်ကျမှ ဖောက်ခနဲမြည်ကာ သေနတ်သံအဖြစ် အောင်မြင်လေတော့သည်။

ဇာတ်လမ်းတစ်နေရာသို့ရောက်ရာ စန္ဒရားအောင်ခင်သည် စားပွဲမှ ကမန်းကတန်းပြေး၍ စန္ဒရားခလုတ်များကို ခေါက်လိုက်လေသည်။ စန္ဒရားသံသည် ကျွန်တော့်နားထဲ၌ မြည်ဟည်းကျန်ရစ်နေ၏။ အစိမ်းကွက် ကျောက်ပြားအခင်း သည် အေးမြသော ဓာတ်ကို ပေးလျက် ရှိ၏။ စန္ဒရားသံသည် ကျွန်တော့်နားထဲ၌ အူလာကာ သဲ့သဲ့သာ ကြားရပြီးနောက် အတိတ်တစ်ခုဆီသို့ ပို့ဆောင်လိုက်လေသည်။ ကျွန်တော်၏စိတ်သည် ပြန်လည်နုပျိုလာသည်။ ၁၉၄၀။

## (၂)

၁၉၄၀။ မတ်ရပ်စန္ဒရားဘေး၌ ထဘီနီနီရဲရဲဝတ်ထားသော အမျိုးသမီးတစ်ဦးသည် ‘လှဲ့လှဲ့ဝင်း’ သီချင်းကို သီဆိုလျက် ရှိသည်။ သူမကား ‘စတယ်လာ’ ခေါ်ခင်ရီရီဖြစ်လေသည်။

မှိုင်းမှုံပြာဝေ

mgyoe.com

တိမ်ညိုတိမ်ပန်းသန်းတဲ့အခြေ
နံ့သာလှိုင်ဝေ
စိမ့်ကြီးမြိုင်ကြီး လန်းဆန်းပေ။

ကိုညီညီ (ယခု 'သမာဓိ' သတင်းစာတိုက်အုပ်) သည် အကော်ဒီယံဆွဲလျက်ရှိသည်။ အပျော်တမ်းတူရိယာအဖွဲ့တွင် သီဆိုကြသူများမှာ မောင်မောင် (ယခု သမာဓိသတင်းစာ ဦးမောင်မောင်)၊ ဒေစီ (သူရိယဦးဘကလေး၏သမီး)၊ မစမ်းမေ (ယခုအခါ ငွေတာရီမဂ္ဂဇင်း၌ ဝတ္ထုများရေးသူ၊ တာရာမဂ္ဂဇင်းတွင် စတင်ရေးခဲ့သည်။) အမာ (မြို့မကျောင်းသူ)၊ ကိုဘုန်းကြွယ် (ကွယ်လွန်သူ စာရေးဆရာ) စသူတို့ဖြစ်ကြလေသည်။ ခင်ရီရီမှာ ယခုအခါ ဦးမောင်မောင်၏ဇနီး ဖြစ်နေပြီ။ ထိုအခါက သူတို့မရကြသေးပေ။ ကျွန်တော်က စန္ဒရားဖြင့် ကဥ္စနသီချင်းတီးသည်ကို ကိုထွန်းလှ (တက္ကသိုလ်နေဝင်း) ကဆို၍ တယောဖြင့် လိုက်သည်။ ကျွန်တော်တို့ မှာ ၁၈–၁၉ နှစ်အရွယ်ကျောင်းသားများဖြစ်ကြရာ အသံလွှင့်ရသည်ကိုပင် ကျေနပ်နေမိကြလေသည်။

ထိုခေတ်က အစိုးရအသံလွှင့်ရုံမှာ ယခု ကြေးနန်းရုံးကြီး၏ နောက်ကျောတွင်ဖြစ်၍ ၃၆ လမ်းမှ ဝင်ရသည်။ အခန်းမှာ သေးငယ်သော်လည်း ယခု ပြည်လမ်းအသံလွှင့်ရုံသစ်ထက် အပြင်အဆင် သားနားလှပေသည်။ အခန်းနံရံတို့၌ နံ့သာရင့်ရောင် အခန်းဆီးတို့ဖြင့် ကာထားပေသည်။ ကြမ်းပြင်၌ အမွေးထူကတ္တီပါကော်ဇောများ ခင်းထားပေသည်။ အအေးဓာတ်ပေးသည်ကို ပထမဦးဆုံး ခံစားခဲ့ရသည်။ စန္ဒရားနောက်၌ ချောကလက်ရောင်အရင့်အဝတ်ဖြင့် ဖုံးထားသည်။ တစ်ဖက်ခန်းတွင် သုံးချောင်းထောက် စန္ဒရားကြီး။ ယင်းစန္ဒရားမှာ မြန်မာတို့အတွက်မဟုတ်ဘဲ အင်္ဂလိပ်သီချင်းများအတွက်သာ။ အသံမလွှင့်ခင်တစ်ရက်၌ သွား၍ အစမ်းတီးပြရသည်။ တီးမှုတ်သည်ကို အရာရှိက နားထောင်သည်။ အုပ်ချုပ်ရေးအရာရှိမှာ ဦးတူးမောင် (ယခု ပြည်ထောင်စုဘဏ်)။ ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်မှာ အသံအက်သည်ဆို၍ အပယ်ခံရသည်။

ထိုညဉ့်၌ တီးမှုတ်ပြီးကြသောအခါ ဦးတူးမောင်က ဧည့်ခန်း၌ တူရိယာအဖွဲ့ဝင်များအား လက်ဖက်ရည်၊ ကိတ်မုန့်တို့ဖြင့် တည်ခင်းကျွေးမွေးကာ ဧည့်ခံစကားပြောကြားလေသည်။ ဧည့်ခန်းမှာ ဆိုဖာများဖြင့် သားသားနားနား ပြင်ဆင်ထားပေသည်။

ညဘက် အင်းဝကျောင်းဆောင်ပြန်ရောက်သောအခါ လက်ထောက်အဆောင်မှူး ဆရာဦးတိုးအောင် (ခေတ်စမ်းစာရေးဆရာကုသ) က ကျွန်တော့်အား 'မောင်ငွေးမြိုင်

mgyoe.com

လက်သံ တယ်ပြောင်ပါလားဟေ့…’ ဟု ပြုံးရယ်ကာ နောက်ပြောင်လိုက်သည်။

ကျွန်တော့်မှာ နှစ်သိမ့်ကြည်နူးနေမိလေသည်။

## (၃)

ဂျပန်ခေတ်က အသံလွှင့်ရုံမှာ ချင်းချောင်းနန်းတော် (ယခု ကမ္ဘောဇနန်းတော်) တွင် ထားလေသည်။ ၁၉၄၅ နှစ်ဦးက ကျွန်တော်သည် ရွှေတောင်ကြားရှိ ဗိုလ်ဇေယျ အိမ်၌ နေထိုင်လျက် ရှိပေသည်။ ဗမာ့တပ်မတော်နှင့် ကွန်မြူနစ်ပါတီတို့သည် တော်လှန်ရေးအတွက် ပြင်ဆင်လျက်ရှိကြစဉ်ဖြစ်သည်။ ကျွန်တော်သည် ဗိုလ်ဇေယျ နှင့်အတူ ရွှေတောင်ကြားမှ လမ်းလျှောက်ရင်း အသံလွှင့်ရုံသို့ ရောက်သွားလေသည်။ ခန်းမဆောင်အထက်ရှိ စကြံကွေ့၌ အသံလွှင့်ရုံအမှုထမ်းများဖြစ်ကြသော ဦးကြီး တင်၊ ဦးသန်းမြင့်တို့နှင့် တွေ့ရသည်။ ဗိုလ်ဇေယျမှာ တပ်မတော်မှ ဒုတိယစစ် ဝန်ကြီး အနေနှင့် အသံလွှင့်ရုံမှ စကားပြောကြားရန် အစီအစဉ်ရှိသည်။ သူတို့က ကျွန်တော့် အားလည်း စကားပြောကြားဖို့ တိုက်တွန်းကြသည်။ ကျွန်တော်သည် ‘အနုပညာနှင့် အမျိုးသားတော်လှန်ရေး’ ဟူသော ပြောကြားချက်ကို ရေးသားပေးသည်။

ကိုသန်းမြင့်အား ပြောကြားချက်ကို သွားပေးရင်း “ကျွန်တော် ၃–၄ ရက် အတွင်းတော့ ပြန်ရတော့မှာ၊ အသံလွှင့်တဲ့အချိန်မှာ ကျွန်တော် ရန်ကုန်မှာ ရှိနိုင်တော့ မယ် မဟုတ်ဘူး”

“ကိစ္စမရှိပါဘူး… ကျွန်တော်တို့ ဖတ်လိုက်ပါ့မယ်…”

ထိုအခါက ကိုသန်းမြင့်တို့တစ်တွေမှာ ဂျပန်အား တော်လှန်တော့မည်ဆိုသည်ကို သိနေကြပြီဟု ယူဆမိပေသည်။ ကျွန်တော်၏ပြောကြားချက်အဆုံးတွင် (Le Internationale) ‘လူမျိုးပေါင်းစုံ’ သီချင်းကဗျာကို ဘာသာပြန်ကာ ဖော်ပြထားပေ သည်။

နောက်စစ်အပြီး ကိုသန်းမြင့်နှင့် ပြန်တွေ့သောအခါ သူက “ဟာ… ခင်ဗျားဟာ ကျွန်တော်တို့က အနုပညာနဲ့ အမျိုးသားကြီးပွားရေးလို့ ခေါင်းစဉ်ပြင်ပြီး လွှင့်ရတာပေါ့၊ ဂျပန်တွေကတော့ မရိပ်မိဘူးဗျို့” ဟု ဆိုလေသည်။ သူသည် မျိုးချစ်စိတ်ရှိသူဖြစ်လေ သည်။

လွတ်လပ်ရေးမရမီ ၁၉၄၆–၄၇ ကာလလောက်က အသံလွှင့်ရုံမှာ ရွှေတောင် ကြား ဦးဖျားတောရအနီးရှိ တိုက်တစ်တိုက်တွင် ဖြစ်လေသည်။ ထိုအခါက တက္ကသိုလ်

mgyoe.com

mgyoe.com

နေဝင်း တူရိယာအဖွဲ့အတွက် စန္ဒရားတီးပေးဖူးသည်။ အဆိုမှာ ငြိမ်း (တက္ကသိုလ်နေဝင်း၏ဇနီး) နှင့် သူ၏ညီဖြစ်လေသည်။ ဂီတာတီးသူမှာ ကျွန်တော်တို့နှင့် ကျောင်းနေဖက် ဗိုလ်အုံးမောင်။

ထိုအခါက နန်းကေသီတီးရာ ကျွန်တော်က စန္ဒရားတွင် ခုနစ်သံချို (၂) ပေါက်သံဖြင့် တီးလေသည်။ အသံလွှင့်ခန်းမှ ထွက်လာကြသောအခါ ညွှန်ကြားရေးဝန် ဦးခင်ဇော်က "B Flat နဲ့ ဘာဖြစ်လို့ မတီးသလဲ" ဟု မေးရာ ကျွန်တော်က အသံဝဲချင်သောကြောင့် B Flat မသုံးဘဲ ရိုးရိုး B သံ (ဝါ) (၂) ပေါက်သံနှင့် တီးရကြောင်း ဖြေခဲ့သည်။ ကျွန်တော့်အဖြေကို လက်ခံသည်၊ လက်မခံသည်မသိ။ ယင်း ခုနစ်သံချို၌ B Flat မှာ သံရိုးသံကျဖြစ်၍ (၂) ပေါက်တီးမှသာ ဝဲမည်ဖြစ်လေသည်။ ဝဲသည်ဆိုသည်မှာ ကြားရိုးကြားစဉ်မဟုတ်သောအသံကို ဆိုလိုပေသည်။ ပတ္တလား သံတွင်မူ (၂) ပေါက်က မဝဲပေ။ [စန္ဒရား၌သာ (၂) ပေါက်က ဝဲခြင်းဖြစ်ပေသည်] မြန်မာကြား၌ ကရင်သံဝဲ၍ ကရင်များကြားတွင် မြန်မာသံ ဝဲပေလိမ့်မည်။

လွတ်လပ်ရေးခေတ် အသံလွှင့်ရုံသည် ဝင်ဒါမီယာလခြမ်းထိပ်ရောက်သွားသောအခါ၌လည်း ကျွန်တော်သည် ရောက်လေ့ရှိသည်။ အသံလွှင့်ရုံ၌ ကျွန်တော့်မိတ်ဆွေများ ရှိကြသည်။ ဂျပန်ခေတ်၌ တရားဌာနမှူး၊ မြို့ပိုင် စသည်လုပ်ဖူးသော သခင်တင်ဦး။ သူသည် ဒို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း၏ ရဲဘော်တစ်ယောက်ဖြစ်သည်။ စာရေးဆရာမင်းရှင်၊ ကိုမောင်မောင်ခင် (ယခု သကြားစက်နမ္မတီး) စီစဉ်ရေးမှူး ဦးကျော်ငြိမ်း၊ ဦးသန်းမြင့်။

၁၉၅၁ က စန္ဒရားအတီးသက်သက်ဖြင့် အသံလွှင့်ဖူးသည်။ မူလက စန္ဒရားအတီးသက်သက်ဖြင့် လွှင့်ရန်မရည်ရွယ်ပေ။ သို့သော် လွှင့်မည့်အချိန်သို့ ရောက်သော်လည်း စိတ်ကြိုက်အဆိုမတွေ့သဖြင့် တစ်ယောက်တည်း တီးလိုက်ရပေသည်။ ဓာတ်ပြားသွင်းထားသဖြင့် နောက်သူ့လက်သံအခန်း၌ လွှင့်ပေးသည်။ ကွယ်လွန်သူ ရွှေမောင်းအမည်ခံ ဦးသန်းက စည်းလိုက်ပေးသဖြင့် သူ့ကို ကျေးဇူးတင်ရပေသည်။ နောက်တစ်ကြိမ် လွှင့်သောအခါမူ ထိုအခါက ဒီးဒုတ်ဦးဘချို အိမ်အောက်ထပ်တွင် နေထိုင်လျက်ရှိသော ဒေါ်စောမြအေးကြည်ထံ သွားရောက်ကာ ဆိုပေးဖို့ တောင်းပန်ရသည်။ ဒေါ်စောမြအေးကြည်က စုံသာမြိုင်လယ်သီချင်းခန့်ကြီးနှင့် ထောင်ရောင် နေကြိုးကို ဆိုပေးသည်။ သည့်နောက် အသံလွှင့်ရုံတွင် မတီးဖြစ်တော့ပေ။

၁၉၄၉ ခုလောက်က မြို့မကျောင်းအနီးရှိ ဗမာ့တပ်မတော်အသံလွှင့်ဌာနမှာ

mgyoe.com

တစ်ခါတီးဖူးသေးသည်။ မှတ်မိသလောက် ညတစ်ညဋ္ဌ တံတားကလေးကိုဖြတ်၍ အဆောက်အဦတွင်းသို့ ဝင်ရလေသည်။ စာရေးဆရာ သုခက အောင်မြေသာဇံပတ်ပျိုး၊ ဇာတ်ဆရာဦးဘိုးစိန်၏သမီး မြင့်မြင့်စိန်က ဂန္ဓမာတောင်ဘွဲ့ စသည်တို့ကို ဆိုကြလေသည်။ တက္ကသိုလ်နေဝင်းက တယော။

ကျွန်တော်သည် အသံလွှင့်ရုံ၌ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်ဖြင့် ၃–၄ ခါ စကားပြောကြားဖူးသည်။ တိတ်၍ငြိမ်သက်လှသော အခန်းထဲ၌ ထိုင်နေရသည်မှာ ချောက်ချားဖွယ်ကောင်းလှပေသည်။ စင်မြင့်ပေါ်တက်ရသည်ထက် လှိုက်ဖိုခြင်းကို ခံစားရ၍ ကြောက်မိသည်။ စန္ဒရားတီးမည်ဟု ထိုင်ခုံ၌ထိုင်လိုက်စဉ် ရင်တလှပ်လှပ်ခုန်လျက်ရှိသည်။ မိမိလက်သံကိုကြားရသောအခါမှ အသားကျကာ ရွှင်ပျလာမိပေသည်။ တိတ်နေသောအသံလွှင့်ခန်း၌ ရင်ခုန်သံကို ပီသစွာကြားရပေသည်။

## (၄)

ကျွန်တော်မှာ စန္ဒရားကို မတောက်တခေါက်တီးတတ်သော်လည်း အသံလွှင့်ရုံများကိုကား ရောက်ဖူးနေပေသည်။

တရုတ်ပြည်ရောက်စဉ်က ပီကင်းအသံလွှင့်ရုံ၌ စန္ဒရားတီးလုံးများ အသံသွင်းပေးခဲ့ရလေသည်။ (၁၉၅၁) ထိုအခါက ပီကင်းပြည်သူ့အသံလွှင့်ဌာနမှာ ချောင်ထဲရှိ တိုက်တစ်တိုက်တွင် ဖြစ်လေသည်။ အဆောက်အဦမှာလည်း သိပ်မကောင်းလှပေ။ ယခုအခါ အဆောက်အဦသစ်ဆောက်ပြီးပြီဟု သိရသည်။ ပီကင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးမှာ ကျွန်တော် စန္ဒရားတီးလျှင် အမြဲတမ်းလိုက်၍ နားထောင်တတ်သည်။ ဟိုတယ်အပေါ်ထပ် စန္ဒရားလေ့ကျင့်နေလျှင် သူသည် အပါး၌တစ်နေကုန်နေလေသည်။ သူက ဗီသိုမင်ကို သတိရမိသည်ဟု ဆိုသည်။ မြန်မာဂီတမှာ သူ့အဖို့ အဆန်းဖြစ်နေဟန်တူပေသည်။

မော်စကိုအသံလွှင့်ရုံသို့ ၁၉၅၄ က ရောက်ဖူးပေသည်။ ခေတ်ပေါ်မြန်မာစာပေအကြောင်း စကားပြောရန်နှင့် စန္ဒရားအသံသွင်းရန် ဖြစ်ပေသည်။ မော်စကိုအသံလွှင့်ရုံရှိ စန္ဒရားမှာ ကျွန်တော်တွေ့ဖူးသမျှထဲတွင် အသံအကောင်းဆုံးဖြစ်သည်။ မတီးခင် တစ်စက်ကလေးမျှ မကြောင်ရအောင် ညှိပေးသေးသည်။ ယင်း စန္ဒရားမှာ စတိန်းဝေးအမည်ရှိ ဂျာမနီစန္ဒရားဖြစ်ပေသည်။ အသံမသွင်းမီ အစမ်းတီးပေးရသည်။ သူတို့က သိပ္ပံကိရိယာတစ်ခုနှင့် တိုင်းထွာကြည့်လေသည်။ ဂီတအသံလှိုင်းများကို

mgyoe.com

လျှပ်စစ်ဇယားဖြင့် စစ်ဆေးကြည့်သည်ဟု ထင်မိပေသည်။ ၈ မိနစ်ခန့်တီးရသည်။ ဂန္ဓမာတောင်တီးရာ အပိုဒ်တူအကျော့များတွင် အသံထပ်နေသည်ကို ကျေနပ် ပုံမရဟု အဓိပ္ပာယ်ကောက်၍ ကျွန်တော်က တစ်ပိုဒ်ချင်းမကျော့၊ အပုဒ်တူများခွဲခြား၍ တီးလိုက်ပေသည်။ ကြိုးခံတီးလုံးအစမ်းတွင် ဖြတ်တောက်ပေးခဲ့လေသည်။

ပီကင်းအသံလွှင့်ရုံကမူ အတီးသက်သက် မိနစ် ၂၅ ခန့် ပေးလေသည်။ ၁၉၅၁– ၅၃ ကာလက ရေဒီယိုပီကင်းမှ ညတိုင်းလိုလိုပင် ကျွန်တော်၏ စန္ဒရားတီးလုံး လွှင့်ပေးသည်ဟု ကြားရလေသည်။

## (၅)

အနီရောင် ဖယောင်းပုဆိုးကွက် ခန်းမဆောင်၌ တေးသံများသည် တလွင်လွင် ထွက်နေပေသည်။

"ဘယ့်နှယ်လဲ နု မသွားဘူးလား" ဟု မင်းရှင်က ကျွန်တော့်အား မေးလိုက်သည်။

"ဟုတ်တယ် နုသွားတယ်ဗျ၊ ဂီတသံကြားရရင် ကျွန်တော့်ရင်ထဲမှာ လှိုင်းထ နေတယ်"

အသံလွှင့်ရုံသစ်ကြီးကား ခမ်းနားပေသည်။ ခေတ်ဆန်ပေသည်။ သို့သော် မွမ်းမံဆင်ယင်မှု၌ လိုနေပေသည်။ ဧည့်ခံစားပွဲတွင် ပန်းများဖြင့် လန်းနေသင့်သည်။ စတူဒီယိုခန်းများတွင် တစ်ခန်းတစ်မျိုး ဆင်ယင်ခြယ်သသင့်ပေသည်။

အဆောက်အဦကောင်းသလောက် သူနှင့်အညီ ကုလားထိုင်၊ စားပွဲ စသော ပရိဘောဂများကလည်း ခမ်းနားထည်ဝါသင့်ပေသည်။ တံခါးများ၊ လှေကားပွတ် လုံးများမှာ ခမ်းနားခြင်းနှင့်မလိုက်အောင် ညံ့နေကြသည်ဟု ထင်ပေသည်။ ထို့အပြင် ကြမ်းပြင်ကိုလည်း အဆင်အကွက် အရောင်အသွေးမပျက်အောင် ထိန်းသိမ်းထား သင့်သည်။ ထိန်းသိမ်းမှုကင်းမဲ့လျှင် မှိန်ယွင်းလာမည်ကို စိုးရိမ်ရပေသည်။

ထား၏တေးသံသည် ပေါ်ထွက်လာနေသည်။

ကျွန်တော်သည် အမျိုးသားလွတ်လပ်ရေး ဂုဏ်အင်္ဂါနှင့်အညီ သစ်လွင်သော အမျိုးသားအနုပညာများ ဤအသံလွှင့်ရုံသစ်ကြီးမှ ပေါ်ထွန်းလာနိုင်ပါစေဟု တွေးမိ ပေသည်။

(သောတရှင်၊ ၁၉၆၁)

□

mgyoe.com

mgyoe.com

# (၈) စာပေသမိုင်း

## ယနေ့ မြန်မာစာပေ

### ၁။ စာပေဝေဖန်ရေးနှင့် တုံ့ပြန်ချက်များ

(၁)

ကျွန်တော် ထောင်မှ ထွက်လာခါစက စာအုပ်ထုတ်ဝေသူများ၊ အယ်ဒီတာများက ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ တောင်းကြ၏။ အထူးသဖြင့် စာပေဝေဖန်ရေး ပေးရန် ပြောကြ၏။ လွန်ခဲ့သော ၁၅ နှစ်ခန့်က သွေးသောက်တွင် လစဉ် အခန်းဆက် ရေးသားလာခဲ့သော စစ်ပြီးခေတ်ဝတ္ထု စစ်ပြီးခေတ်ကဗျာ စသော စာပေဝေဖန်ရေးတို့ကို သတိရဟန်တူပေသည်။

သို့သော် ယခုအခါ ကျွန်တော်သည် စာပေဝေဖန်ရေးကို ရေးနိုင်ပါမည်လော။ စာပေဝေဖန်ရေး ရေးပေးရန် တောင်းသောမိတ်ဆွေတစ်ယောက်အား "ယခု လောလောဆယ် စာပေဝေဖန်ရေးရေးဖို့ ကျွန်တော့်မှာ အရည်အချင်း မရှိသေးဘူး ထင်တယ်၊ စာပေလောကနဲ့ သုံးနှစ်ကျော်ကျော် အဆက်ပြတ်နေတဲ့ အတောအတွင်းမှာ စာအုပ်တွေက အများကြီး ထွက်နေတယ်၊ လေ့လာရဦးမယ်၊ စူးစမ်းစရာတွေကလည်း အများကြီးရှိနေသေးတယ်"

ကျွန်တော့်မိတ်ဆွေက ဆက်လက်ကာ ယနေ့ စာပေဝေဖန်ရေးအရေးအသား များအကြောင်း ပြောပြနေသည်။

"စာပေဝေဖန်ရေးတွေက ရေးတော့ရေးကြတယ်၊ လူငယ်လေးတွေ ရေးကြ

mgyoe.com

mgyoe.com


တယ်၊ ဒါပေမဲ့ ပုတ်ခတ်ကြတာတွေက များတယ်၊ ခင်ဗျားတို့ခေတ်နဲ့ မတူဘူး”

ခင်ဗျားတို့ခေတ်ဆိုသည်မှာ ကျွန်တော်တို့ ဝေဖန်စာများ ရေးသားလာခဲ့သော ၁၉၅၀ ပတ်ဝန်းကျင်ကာလကို ရည်ညွှန်းကြောင်း ရှင်းပြသည်။ ကျွန်တော့် မိတ်ဆွေမှာ ကျွန်တော့်ထက် ၈–၉ နှစ်ခန့် ငယ်မည်ဖြစ်ရာ ကျွန်တော်တို့ ဝေဖန်စာများရေးချိန်က သူက ၂၀ ပတ်ဝန်းကျင်၊ ကျွန်တော်က ၃၀ ပတ်ဝန်းကျင်ကာလဖြစ်သည်။

“ယခုခေတ် ဝေဖန်ရေးတွေက အပြုဝေဖန်ရေးထက် အဖျက်ဝေဖန်ရေးက ကဲ နေတယ်” ဟု သူကဆက်လက်၍ ထင်မြင်ချက်ပြောပြနေပေသည်။

“အဖျက်ဝေဖန်ရေးချည်း ပါပဲဗျာ” ဟု သူက ညည်းညူသံနှင့် ပြောလိုက်၏။

## (၂)

အပြုဝေဖန်ရေး၊ အဖျက်ဝေဖန်ရေး ဝေါဟာရများကို ကြားရသည်မှာ ကြာလှပေပြီ။ ကျွန်တော်တို့ စာဖတ်စအရွယ်ကပင် ဖြစ်ပေသည်။ ဤဝေါဟာရ၊ ဤအတွေးအခေါ် မည်သည့်ကာလက စတင်ခဲ့သည်မသိ။

ကျွန်တော့်မိတ်ဆွေ စာရေးဆရာတစ်ယောက် အဓိပ္ပာယ်ကောက်ယူပုံမှာ ဤသို့ ဖြစ်သည်။ သူ၏စာကို အကောင်းဘက်က ဝေဖန်ခြင်းကို အပြုဝေဖန်ရေးဟု သူက မြင်၏။ အဆိုးဘက်က ဝေဖန်ခြင်းကို အဖျက်ဝေဖန်ရေးဟု သူကမြင်နေ၏။ ထို့ကြောင့် အဖျက်ဝေဖန်ရေးသည် မလိုလားအပ်ဟု သူက နိဂုံးချုပ်လိုက်လေသည်။

အပြုနှင့်အဖျက်သဘောတရားကို မိမိကိုယ်အား ဗဟိုပြု၍ အဓိပ္ပာယ်ကောက်လျှင် ဤသို့ ရနိုင်ပေသည်။ မိမိကြိုက်လျှင်အပြု၊ မိမိမကြိုက်လျှင် အဖျက်၊ မိမိနှင့် သဘောချင်းတူလျှင် အပြု၊ မိမိနှင့် သဘောချင်းမတူလျှင် အဖျက်။ တချို့လည်း “ဝေဖန်ရေးဟာ ပုတ်ခတ်တာမှမဟုတ်ဘဲ၊ အဖျက်ဝေဖန်ရေးတွေပဲ” ဟုပြောကာ ဝေဖန်သူများအား ဝေဖန်ရင်း မိမိကလည်း တစ်ပါးသူအား ပုတ်ခတ်ကာ ‘အဖျက်သမား’ ဖြစ်နေတတ်သည်ကို တွေ့ရသည်။

“အခုမှ စာရေးစ ရှိသေးတယ်၊ ဘာအတွေ့အကြုံရှိသေးလို့လဲ၊ အဲဒီလူငယ်လေးတွေက ထပြီးဝေဖန်နေကြတယ်၊ စာပေအယူအဆ မရင့်သန်ကြသေးဘဲနဲ့ ဝေဖန်နေကြတယ်။ အကောင်းတစ်ခုမှ မပြောဘူး” ဟု ယနေ့ခေတ်လူငယ်စာရေးဆရာ ဝေဖန်ရေးဆရာတစ်ယောက်၏ အရေးအသားနှင့် စပ်လျဉ်း၍ မိတ်ဆွေစာရေးဆရာ တစ်ယောက်က ပြောလိုက်သည်။

mgyoe.com

mgyoe.com


စာပေအတွေ့အကြုံနည်းသေးသူ ငယ်ရွယ်သူများ စာပေဝေဖန်ရေးမပြုလုပ်သင့်ဟု သူက ယူဆဟန်ရှိပေသည်။

"အလကားပါ၊ မီးရှူးမီးပန်းတွေ လွှတ်နေတာပါ၊ ထင်ပေါ်အောင် လုပ်နေကြတာပါ" ဟု လူငယ်စာရေးဆရာတစ်ဦးက ယနေ့ခေတ်စာပေဝေဖန်ရေးကို ရှုမြင်သည်။ လူငယ် လူငယ်ချင်း အမြင်ဖြစ်ဟန်ရှိပေသည်။

တစ်ယောက်ကမူ "စာပေဝေဖန်ရေးဆိုတာ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ တစ်ဖက်သားခံသာအောင် ရေးသင့်တယ်။ အသုံးအနှုန်းမှာ နူးညံ့ပျော့ပျောင်းရမယ်၊ သာယာညင်းပျောင်းရှိရမယ်" ဟု ဆိုသည်။

ကျွန်တော်တို့နှင့် စာရေးဆရာ အဖွဲ့အစည်းများတွင် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေ စာရေးဆရာ လူငယ်တစ်ယောက်ကမူ...

"အခုစာရေးဆရာ အဖွဲ့အစည်းရေးရာတွေမှာ မညီမညွတ် ကွဲကွဲပြားပြားဖြစ်နေတာတွေဟာ အရင် ခင်ဗျားတို့စာပေဝေဖန်ရေးတွေကြောင့်ပဲဗျ၊ ခင်ဗျားက စာရေးဆရာမောင်ကကြီးရဲ့ စာပေကို ဝေဖန်တော့ မောင်ကကြီးက ခင်ဗျားတို့ကို ပြန်တိုက်တာပေါ့၊ စာရေးဆရာအသင်းအတွင်းမှာ ကွဲလွဲကုန်တာပေါ့။ အဲဒီဆိုးမွေတွေကို ကျွန်တော်တို့က ဒဏ်ခံနေရတယ်" ဟု ဆိုသည်။ ၁၉၅၀ ပတ်ဝန်းကျင်ကာလလောက်က စာပေသစ်နှင့်ပတ်သက်၍ စာပေသဘောတရားရေးရာတိုက်ပွဲ၊ စာပေဝေဖန်ရေး အရေးအသားနှင့် စာရေးဆရာအသင်းအတွင်း "တိုက်ပွဲ" များကိုရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်သည်။ သူသည် ကျွန်တော့်ထက် အသက် ၁၅ နှစ်ခန့်ငယ်၍ ထို ၁၉၅၀ ပတ်ဝန်းကျင်ကာလက သူသည် စာရေးဆရာအသင်း အပြင်ဘက်၌သာ ရှိနေသေးသူဖြစ်သည်။ ယင်းအပြင်ဘက်မှ အမြင်ဖြင့် ယနေ့စာပေလောကအခြေအနေကို သုံးသပ်အကဲဖြတ်ခြင်း ဖြစ်ဟန်ရှိပေသည်။ သူသည် စိတ်ခံစားချက်ဖြင့် ပြောခြင်း ဖြစ်ပေသည်။

ဤကား စာရေးဆရာအချို့၏ ယနေ့ စာပေဝေဖန်ရေးနှင့်ပတ်သက်သော အမြင်များ ဖြစ်ပေသည်။

## (၃)

အပြုဝေဖန်ရေး၊ အဖျက်ဝေဖန်ရေး၊ ဝေဖန်ရေးတွင် အပြုရောအဖျက်ရောပေါင်းစပ်ထားရပေမည်။

ဝေဖန်ရေးမည်သည် ဦးတည်ချက်ရှိရပေလိမ့်မည်၊ ဦးတည်ချက်မရှိသော

mgyoe.com

mgyoe.com


ဝေဖန်ရေးသက်သက်ဟူ၍မရှိပေ။ ဦးတည်ချက်မရှိသော ဝေဖန်ရေးသည်လည်း အဓိပ္ပာယ်ရှိမည်မဟုတ်ပေ။ မိမိဦးတည်ချက်အား အကျိုးပြုမှုများကိုကား ကြိုဆိုရပေမည်။ မိမိဦးတည်ချက် ဆန့်ကျင်မှုကို ကဲ့ရဲ့ရပေမည်၊ မိမိဦးတည်ချက် အကျိုးပြုမှုများကို ချီးမွမ်းရပေမည်။

စာပေဝေဖန်ရေးသက်သက်ဟူသည်မှာ အဓိပ္ပာယ်မရှိပေ။ ဝေဖန်ရေးသည် ခေတ်ပြောင်းရေးကိရိယာတစ်ခုဖြစ်ပေသည်။ စာပေဝေဖန်ရေးသည်လည်း ထို့အတူဖြစ်ပေသည်။

ယနေ့ ရာစုခေတ်သည် အရင်းရှင်စနစ်ကို တိုက်ဖျက်၍ ဆိုရှယ်လစ်စနစ် (ဝါ) ပြည်သူ့အာဏာရရှိရေးစနစ်ကို တည်ဆောက်နေသော တော်လှန်ရေးခေတ်ဖြစ်ပေသည်။ ယနေ့ ယဉ်ကျေးမှုတော်လှန်ရေးတွင်လည်း ဓနရှင်စာပေကို တိုက်ဖျက်၍ ဆိုရှယ်လစ်သရုပ်ဖော်စာပေကို တည်ဆောက်ရပေမည်။ ယင်းဦးတည်ချက်ဖြင့် စာပေဝေဖန်ရေးကို ရေးသားရပေမည်။ ဓနရှင်အဘိဓမ္မာဖြင့် ပြွမ်းတီးသော စာပေအနုပညာများကို အဖျက်သဘောဖြင့် ဝေဖန်၍ ဆိုရှယ်လစ်အဘိဓမ္မာဖြင့် ထုံမွှေးသော စာပေအနုပညာများကို အပြုသဘောဖြင့် ဝေဖန်ရပေမည်။

တော်လှန်ရေးမည်သည်မှာ အဟောင်းကိုဖြိုဖျက်၍ အသစ်ကိုတည်ဆောက်ခြင်း ဖြစ်ပေရာ ယနေ့ စာပေတော်လှန်ရေးကြီး၌လည်း အဟောင်းကိုဖျက်၍ အသစ်ကို ပြုရပေမည်။

ထို့ကြောင့်ပင် ယနေ့ စာပေဝေဖန်ရေး၌ အဖျက်နှင့်အပြု နှစ်ရပ်စလုံး အသုံးပြုရပေမည်။

## (၄)

စာပေအတွေ့အကြုံနည်းပါးသေးသူ လူငယ်များ စာပေဝေဖန်ရေးမလုပ်သင့်ဟုကား ကျွန်တော် မယုံကြည်ပေ။

အတွေ့အကြုံသည် အသိဉာဏ်မြင့်မားလာရေးအတွက် အရေးကြီးသည်မှာ မှန်သည်၊ သို့သော် လူငယ်သည်လည်း လူငယ်အလျောက် အတွေ့အကြုံရှိပေမည်။ ပွင့်သစ်စလူငယ်အရွယ်မှာ စိတ်လှုပ်ရှားမှုဘက်၌ နုတတ်သည်၊ သူတို့၏ အာရုံခံစားမှုသည် နူးညံ့သန့်ရှင်းသည်၊ စွန်းထင်းလွယ်သည်၊ ထင်ဟပ်လွယ်သည်၊ အာရုံခံစားသမျှ သစ်ဆန်းနေတတ်သည်။ ယင်းသို့ လတ်ဆတ်စိမ်းလန်းသော စိတ်ဓာတ်ကြောင့်မင်

mgyoe.com

mgyoe.com


မိမိအတွေ့အကြုံကို မှတ်သားတတ်သည်၊ ထက်မြက်စူးရှခြင်းရှိလျှင် ရှိသလောက် မှတ်သားတတ်သည်၊ ယင်းသို့ ထက်မြက်ခြင်းရှိလျှင် ဝေဖန်ချင်လာတတ်သည်။ စာပေအတွေ့အကြုံဟူရာ၌ အရေးအတွေ့အကြုံ၊ အဖတ်အတွေ့အကြုံ ရှိကြသည်။ လူငယ်၌ ဘဝအတွေ့အကြုံ၊ အရေးအတွေ့အကြုံနည်းသော်လည်း (တချို့လည်း ငယ်ငယ်ကတည်းက ရေးလာကြသည်) အဖတ်အတွေ့အကြုံရှိနိုင်သည်၊ အဖတ်အတွေ့အကြုံကြောင့်လည်း စာပေဝေဖန်ရေးလုပ်နိုင်ပေသည်။ ဝေဖန်ရေး၌ စိတ်ထက်သန်လျှင် စာပေဝေဖန်ရေးများကိုဖတ်ရှု၍ ရေးနိုင်ပေသည်။

ကျွန်တော်သည် လူငယ်ကို အထင်မသေးပေ။ ကလေးများကိုပင် အထင်မသေးပေ။ ကလေးများသည်ပင်လျှင် သိကြသည်။ သူတို့သည် တွေ့ကြုံသမျှ သစ်ဆန်းနေကာ ယင်းတို့ကို စူးစမ်းလျက်ရှိကြသည်။ ကလေးများ၌ ကြွယ်ဝသောဝေါဟာရ မရှိသဖြင့် စကားမပြောတတ်ကြခြင်းသာဖြစ်သည်။ လူ၌ ရူပခန္ဓာအားဖြင့် ပြည့်စုံခြင်းရှိသလောက် အသိဉာဏ်အားရှိသူဖြစ်သည်။ ထို့ကြောင့် ကလေးသည်လည်း လူကြီးလောက် သိတတ်သည်များရှိပေသည်။ စူးစမ်းဆန်းသစ်နေသော ကလေးအား လူကြီးများသည် စိတ်ရှည်လက်ရှည်ရှင်းလင်းပြောပြသင်ပြနိုင်သလောက် ကလေး၏ အသိဉာဏ်သည် မြင့်မားလာနိုင်ပေသည်။

ကျွန်တော်တို့သည် အသက် ၁၈–၁၉ နှစ်အရွယ်ကာလကစ၍ စာပေရေးရာ အကဲဖြတ်စာများ၊ ဝေဖန်စာများ (ဝေဖန်ရေးဟု တိတိကျကျမခေါ်နိုင်လင့်ကစား) စမ်းသပ်ရေးလာခဲ့ပေသည်။ ကျောင်းသားဘဝက “မောင်ဌေးမြိုင်တက္ကသိုလ်ကျောင်းတိုက်” အမည်ဖြင့် ရေးစမ်းကြည့်ဖူးသည်၊ ရေးစမ်းကြည့်မှလည်း ဝေဖန်ရေးအတွေ့အကြုံရလာမည်ဖြစ်ပေသည်။ ပြဇာတ်ရေးဆရာကြီး ဘားနတ်ရှောမှာ ငယ်စဉ်က ဝေဖန်စာများရေး၍ ထင်ရှားသည်။ ရသစာပေ (ပြဇာတ်) များ မကျော်ကြားမီကပင် ဂီတစာပေဝေဖန်ရေးစာများ၌ အောင်မြင်သည်ဟု ဆိုရပေမည်။

ကိုယ်လက်လှုပ်ရှား ကစားလေ့ကျင့်မှ ကြွက်သားများ မာတောင့်အားကောင်းသကဲ့သို့ ဝေဖန်ရေးသည်လည်း လေ့ကျင့်မှသာလျှင် ဝေဖန်ရေးအားကောင်းမည်ဖြစ်ရာ ငယ်စဉ်ကတည်းက ဝေဖန်ခြင်း လုပ်အပ်ပေသည်။

လူငယ်ဝေဖန်ရေးဆရာများ သတိထားရမည်မှာ ချစ်ခြင်း မုန်းခြင်းမပါဘဲ ဝေဖန်ရန်ပင် ဖြစ်ပေသည်။

စာပေအယူအဆမရင့်သန်ဟု ဝေဖန်ရေးဆရာအား ဝေဖန်ခြင်းကား အခိုး

mgyoe.com

mgyoe.com


အဖြတ်ခက်သောကိစ္စဖြစ်ပေသည်။ လူငယ်ချင်း ခေတ်အပြိုင်ချင်း မြင်တတ်သော အမြင်ဖြစ်သည်။ မီးရှူးမီးပန်းလွှတ်ခြင်းကား မည်သည့်ခေတ်မဆို ရှိတတ်ပေသည်။ နာမည်ကြီးချင်၍ ရှင်ဘုရင်ကို ဆဲပြသော ပုံပြင်သည် လူ့သဘာဝကိုဖော်ပြသော ဝေဖန်ရေးပုံပြင်တစ်ခု ဖြစ်ပေသည်။

ဝေဖန်ရေးသည် သာယာညင်းပျောင်း ရှိအပ်သည်ဟု ယူဆသူရှိသည်။ သာယာညင်းပျောင်းဆိုသည် အဘယ်နည်း။ ဝေဖန်ရေးသည် စံပယ်ပွင့်သီကုံးဆင်ယင်ခြင်း မဟုတ်ပေ။ ပြတ်ပြတ်သားသား ဖော်ပြလျှင် အနာပေါ်တုတ်ကျသူအဖို့ နာကျင်ပေမည်။ မပြတ်မသား ပျောင်းနွဲ့နေလျှင်လည်း အဟောင်းအသစ်တိုက်ပွဲ၌ တွေဝေယိမ်းယိုင်နေသူနှင့် တူပေလိမ့်မည်။

ကျွန်တော်တို့ ၁၉၅၀ ပတ်ဝန်းကျင်က ဝေဖန်ရေးကြောင့် ယနေ့စာပေလောက ညီညွတ်ရေးပျက်ပြားနေသည်ဆိုက ရာဇဝင်နှင့်ချီ၍ ရှင်းပြမှ အရည်လည်ပေမည်။

❑

mgyoe.com

mgyoe.com

## ၂။ စာပေဝေဖန်ရေးနှင့် စာပေလှုပ်ရှားမှု

### (၁)

စာပေဝေဖန်ရေးနှင့် စာပေလှုပ်ရှားမှုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပေသည်။ စာပေလှုပ်ရှားမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ ထင်ဟပ်ချက် ဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် စာပေလှုပ်ရှားမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ လက်အောက်ခံ ဖြစ်ပေသည်။

ခေတ်တိုင်း ခေတ်တိုင်း၌ နိုင်ငံရေးလှုပ်ရှားမှုသည် ရှိသည်သာ ဖြစ်ပေသည်။ ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ်။ ခေတ်တစ်ခေတ်၏ အကူးအပြောင်းကာလ၊ ခေတ်ပြောင်းတော်လှန်ရေးကာလတို့၌ နိုင်ငံရေးလှုပ်ရှားမှုသည် ပြင်းထန်တတ်ရာ စာပေဝေဖန်ရေးသည်လည်း ယင်းကူးပြောင်းရေးကာလ နိုင်ငံရေးလှုပ်ရှားမှုအလိုက် ပြင်းထန်ပေသည်။

ခေတ်တစ်ခေတ်၌ ကုန်ထုတ်ဆက်ဆံရေးနှင့် ကုန်ထုတ်စွမ်းအားတို့ ပဋိပက္ခဖြစ်လျှင် ပြောင်းလဲလှုပ်ရှားလာတတ်သည်။

မြေရှင်ပဒေသရာဇ်ခေတ် အစကာလ၌ မြေရှင်ပဒေသရာဇ် နိုင်ငံရေးအာဏာကို ထောက်ခံသော စာပေနှင့်အနုပညာတို့ ထွန်းကားစည်ပင်သည်။ ယင်းသည် သဘာဝဖြစ်ပေသည်။ ကုန်ထုတ်စွမ်းအားတို့သည် တိုးတက်ဖွံ့ဖြိုးသည်ထက် တိုးတက်ဖွံ့ဖြိုး

mgyoe.com

mgyoe.com


လာတတ်သည်။ ထိုအခါ ရှိရင်းစွဲ မြေရှင်ပဒေသရာဇ် ကုန်ထုတ်ဆက်ဆံရေးနှင့် မကိုက်ညီတော့။ ယင်းတို့နှစ်ခု ပဋိပက္ခဖြစ်လာလေတော့သည်။ ထိုအခါ အရင်းရှင် ကုန်ထုတ်စွမ်းအား ကြီးမားလာသည်ထက် ကြီးမားလာကာ အရင်းရှင် တော်လှန်ရေး ကြီး ပေါ်ပေါက်လာရတော့သည်။ ထိုအခါ အရင်းရှင်အင်အားသစ်နှင့် မြေရှင် ပဒေသရာဇ် အင်အားဟောင်းတို့ ပဋိပက္ခတိုက်ပွဲတွင် စာပေသည်လည်း ပါဝင်လာရပေ သည်။ အရင်းရှင် အင်အားသစ်ဘက်မှ ပဒေသရာဇ်အင်အားဟောင်းကို ဆန့်ကျင် တိုက်ခိုက်သော နိုင်ငံရေးတိုက်ပွဲသည် ပေါ်ပေါက်စမြဲဖြစ်သည်။ ယင်းနိုင်ငံရေးတိုက်ပွဲ သည် စာပေနှင့်အနုပညာ၌လည်း ထင်ဟပ်ပေသည်။ အရင်းရှင်အင်အားသစ်ဘက်မှ စာပေနှင့်အနုပညာတို့တွင် မြေရှင်ပဒေသရာဇ် အင်အားဟောင်းကို ဆန့်ကျင်သော အတွေးအခေါ်များကို တွေ့နိုင်ပေသည်။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်စသော ရသစာပေ၌ ယင်းပဒေသရာဇ်ဆန့်ကျင်ရေး အတွေးအခေါ်များကို တွေ့နိုင်သည်။ စာပေဝေဖန်ရေး ၌လည်း ယင်းသဘောကို တွေ့နိုင်ပေသည်။ အရင်းရှင်စာပေ ဝေဖန်ရေးဆရာတို့သည် မိမိတို့၏ အရင်းရှင်အင်အားဘက်မှ ရပ်တည်ကာ ပဒေသရာဇ်စာပေကို ဆန့်ကျင် တိုက်ခိုက်မည်ဖြစ်ပေသည်။

မြေရှင်ပဒေသရာဇ်စနစ် တိမ်ကောပျက်စီး၍ အရင်းရှင်စနစ် ထွန်းကားကာ ခေတ်ပြောင်းလာသည် ဆိုသော်လည်း မြေရှင်ပဒေသရာဇ်ယဉ်ကျေးမှုသည် လုံးဝ ပျောက်ကွယ်သွားသည်မဟုတ်ပေ။ ပဒေသရာဇ် အတွေးအခေါ်သည် ကျန်ရစ်နေသေး သည်။ ပဒေသရာဇ် အတွေးအခေါ်ဘက်မှ ရပ်တည်သော အင်အားဟောင်းသည် သူ၏ ချည့်နဲ့သော အတိတ်ကို ကုပ်ကတ်ထားတတ်သည်။ မြေရှင်ပဒေသရာဇ် အင်အားဟောင်းဘက်မှ ခုခံသော ဝေဖန်ရေးစာပေနှင့် အရင်းရှင်အင်အားသစ်ဘက်မှ ထိုးနှက်သော ဝေဖန်ရေးစာပေတို့ ပေါ်ပေါက်စမြဲ။ ယင်းနိုင်ငံရေး လှုပ်ရှားမှု၊ ယင်းနိုင်ငံ ရေးတိုက်ပွဲတို့တွင် စာပေ၊ အနုပညာနှင့် စာပေဝေဖန်ရေးတို့သည် သူ့အခန်းကဏ္ဍနှင့်သူ ပါဝင်စမြဲ။ စာပေဝေဖန်ရေးသည် ခေတ်ပြောင်းတော်လှန်ရေး၌ ယင်းသို့ လက်နက် ကိရိယာတစ်ရပ်အဖြစ် ပါဝင်ထမ်းဆောင်ခြင်း ပြုပေသည်။

ယနေ့ ရာစုခေတ်သည် အရင်းရှင်စနစ် တိမ်ကောပြိုလဲ၍ ဆိုရှယ်လစ်စနစ် ထွန်းသစ်ဆန်းလွင်လာသော ခေတ်ပြောင်းတော်လှန်ရေးခေတ်ဖြစ်သည်။

ယင်းသို့ဆိုသဖြင့် တစ်ကမ္ဘာလုံးသော မြေအပြင်၌ နီရဲတောက်ပသွားပြီဟု မဆိုလိုပေ။ နိုင်ငံတချို့၌ ဆိုရှယ်လစ်စနစ် တည်ထောင်လျက်ရှိကြသည်၊ တည်

mgyoe.com

mgyoe.com


ထောင်ဆဲဖြစ်ကြသည်၊ တည်ထောင်ရန် အားယူနေကြသည်။ နိုင်ငံအချို့၌ အရင်းရှင် စနစ် ရှင်သန်လျက်ပင်ရှိသည်။ အားပျော့ ခွေယိုင်လျက်ရှိသည်။ ချည့်နဲ့လျက်ရှိသည်။ နိုင်ငံအချို့၌ မြေရှင်ပဒေသရာဇ်စနစ် တစ်ပိုင်းပင် ရှိနေသေးသည်။ ယင်းသို့ ကမ္ဘာကြီး သည် မညီမညာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသောကြောင့် ခေတ်ဟောင်း အတွေးအခေါ်များ (ဝါ) မြေရှင်ပဒေသရာဇ် အတွေးအခေါ်၊ အရင်းရှင်အတွေး အခေါ်တို့သည် လုံးဝ ကျေပြုန်းသွားသည်မဟုတ်ဘဲ မြင်နိုင်ကြားနိုင် မိမိအပါးသို့ ပျံ့လွင့်ရောက်ရှိလာနိုင် သေးသည်။ နိုင်ငံတချို့၌ ဆိုရှယ်လစ်အင်အားသစ်တို့ အာဏာရလျက်ရှိသော်လည်း အရင်းရှင်အင်အားစုသည် အာဏာပြန်ရရန် အားထုတ်လျက် ရှိနေသည်။ ထိုအခါ သဘာဝတရားရေးတိုက်ပွဲသည် ပြင်းထန်ကာ စာပေဝေဖန်ရေးသည် သဘောတရား ရေးတိုက်ပွဲ၏ မောင်းနှင်ရေးလက်နက် ကိရိယာတစ်ရပ် ဖြစ်နေပေသည်။

မြေရှင်ပဒေသရာဇ်အတွေးအခေါ်၊ အရင်းရှင်အတွေးအခေါ်ဖြင့် ညစ်ညမ်းပွမ်းတီး နေသော စာပေနှင့် အနုပညာတို့ကို ဆန့်ကျင်တိုက်ခိုက်သော ယဉ်ကျေးမှု တော်လှန်ရေး သည် အသွင်အမျိုးမျိုးဖြင့် ပေါ်ပေါက်တတ်သည်။ ယင်းယဉ်ကျေးမှု တော်လှန်ရေးတွင် စာပေဝေဖန်ရေး၊ အနုပညာ ဝေဖန်ရေးသည် လက်နက်တစ်ခု၊ စစ်မျက်နှာတစ်မျက်နှာ ဖြစ်ပေသည်။

## (၂)

စာပေဝေဖန်ရေး၏ မြစ်ဖျားခံရာ အကြောင်းကိုလိုက်လာရာတွင် စာပေလှုပ်ရှားမှု ၏ အခြေခံဖြစ်သော နိုင်ငံရေးလှုပ်ရှားမှုကို တွေ့ရှိရပေမည်။

နိုင်ငံရေးလှုပ်ရှားမှုဟု ဆိုလိုက်သဖြင့် စာရေးဆရာဟာ နိုင်ငံရေးသမားမဟုတ် ဘဲ၊ နိုင်ငံရေးပါတီမှာ ပါကြတာမှမဟုတ်ဘဲ၊ ဘယ်နိုင်ငံရေးနဲ့ ဆက်စပ်မှာလဲ။ မြေရှင် ပဒေသရာဇ်တို့၊ အရင်းရှင်တို့ဆိုတာနဲ့ စာရေးဆရာနဲ့မဆိုင်ပါဘူး။ စာရေးဆရာဆိုတာ ဟာ လူ့သဘာဝကိုရေးတာပါ၊ လူ့ဘဝတစ်ရပ်လုံးအကြောင်းရေးတာပါ။ မြေရှင် ပဒေသရာဇ်တို့၊ အရင်းရှင်တို့ဆိုတာ တစ်ခေတ်တစ်ခေတ်ပါ။ စာပေဆိုတာကတော့ သည့်ထက်ကျယ်ဝန်းပါတယ်။ ခေတ်တိုင်းနဲ့သက်ဆိုင်ပါတယ်။ ခေတ်အကန့်အသတ် မရှိပါဘူး။ ခေတ်တိုင်း ခေတ်မရွေး မရိုးတဲ့ လူသားဝါဒကို ရှေ့ရှုသူဟာ စာရေးဆရာပါ စသည်ဖြင့် တချို့က စောဒက တက်ကြပေသည်။

နိုင်ငံရေးဆိုသည်ကား လူထု၏စီးပွားရေးတောင်းဆိုချက် ဖြစ်ပေသည်။

mgyoe.com

စီးပွားရေးဆိုသည် စားဝတ်နေရေးပင် ဖြစ်သည်။ စာရေးဆရာဆိုသူသည် လူ့အဖွဲ့အစည်းတွင် အဖွဲ့အစည်းဝင်တစ်ယောက်ဖြစ်သည်။ လူ့အဖွဲ့အစည်း၏အထက်မှ လူ့အဖွဲ့အစည်းနှင့် မသက်ဆိုင်သော သီးခြားလူတစ်ယောက်မဟုတ်ပေ။ သူ၏ ပတ်ဝန်းကျင်သည်လည်း လူများပင်ဖြစ်သည်။ စားဝတ်နေရေးတည်းဟူသော စီးပွားရေးတစ်ခုခုကို ဆောင်ရွက်သော လူ့အဖွဲ့အစည်းဖြစ်သည်။

လူ့အဖွဲ့အစည်း၏ သဘာဝကား အဘယ်နည်း။ လူ့အဖွဲ့အစည်း၌ လူတန်းစားဖြင့် ပိုင်းခြားတည်ရှိနေသည်။ ကုန်ထုတ်လုပ်ရေးဖြင့် ဆက်စပ်နေသောအပိုင်းမှ လူနည်းစု၊ သို့မဟုတ် လူများစုတစ်ခုခုသည် လူတန်းစားဖြစ်သည်။ မြေရှင်ပဒေသရာဇ်ခေတ်၌ မြေရှင်လူတန်းစားနှင့် လယ်ယာလုပ်သား၊ လယ်သမားလူတန်းစားတို့ ပိုင်းခြားလျက်ရှိကြသည်သာ ဖြစ်သည်။ အရင်းရှင်ခေတ်၌ အရင်းရှင်နှင့်အလုပ်သမား ပိုင်းခြားလျက်ရှိကြသည် ဖြစ်ပေသည်။

ယနေ့ခေတ်၌ကား ကုန်ထုတ်ကိရိယာနှင့် နည်းလမ်းများကို ပိုင်ဆိုင်သော ခနရှင်လူတန်းစားနှင့် ကုန်ထုတ်ကိရိယာမဲ့သော၊ အရင်းအနှီးမဲ့သော ပစ္စည်းမဲ့ ဆင်းရဲသား လူတန်းစားဟူ၍ ပိုင်းခြားလျက် ရှိနေသည်။ မြေရှင်ပဒေသရာဇ်ခေတ်၌ ဖြစ်စေ၊ အရင်းရှင်ခေတ်၌ဖြစ်စေ၊ ဆိုရှယ်လစ်ခေတ်၌ဖြစ်စေ၊ လူသားတစ်ယောက်သည် လူတန်းစားတစ်စားစား၏ တစ်လွှာလွှာတွင် ပါဝင်သူတစ်ယောက်သာလျှင် ဖြစ်ရပေမည်။ မြေရှင်ပဒေသရာဇ်ခေတ်၌ မြေရှင်ပဒေသရာဇ်သည် နိုင်ငံရေးအာဏာရသည်ဖြစ်လေရာ သူ၏ အစိုးရသည် မြေရှင်ပဒေသရာဇ် နိုင်ငံရေးအာဏာဖြင့် စိုးမိုးရာဖြစ်သည်။ လူတန်းစားတစ်ရပ်က နိုင်ငံရေးအာဏာရလာသောအခါ သူသည် အခြားလူတန်းစားကို ဖိနှိပ်သော သဘာဝရှိပေသည်။ အရင်းရှင်လူတန်းစားသည် အခစားအလုပ်သမားလူတန်းစားကို ခေါင်းပုံဖြတ်သည်။ သူ၏အစိုးရအာဏာဖြင့် အလုပ်သမားလူတန်းစားကို ဖိနှိပ်သည်။ ယင်းသည်ကား သဘာဝ ဖြစ်ပေသည်။

စာရေးဆရာသည် လူ့ဘဝအကြောင်းကို ဝတ္ထု၊ ကဗျာ၊ ပြဇာတ် စသောရသ စာပေ ပုံသဏ္ဍာန်ဖြင့် ရေးသားသည်။ လူ့ဘဝအကြောင်း ရေးသည်ဆိုလျှင်ပင် လူတန်းစားတို့ဖြင့် ပိုင်းခြားတည်ရှိနေသော လူ့အဖွဲ့အစည်းအကြောင်း ဖွဲ့နွဲ့စီကုံးရပေမည်။ သူသည် တစ်ဖက်ဖက်၌ ပါရပေမည်။ စာရေးဆရာသည် သူကိုယ်နှိုက်က နိုင်ငံရေးအသိဖြင့် ရေးသည်ဖြစ်စေ၊ မိမိအလိုအလျောက် ခံစားမှုဖြင့် ရေးချလိုက်သည်ဟု မိမိကိုယ်ကို နားလည်သိရှိနေခြင်းဖြစ်စေ၊ လူတန်းစား တစ်ဖက်ဖက်က

mgyoe.com

 mgyoe.com 

ပါဝင်ရေးသားသည်သာ ဖြစ်ပေသည်။ လူတန်းစား၏အပေါ်က၊ တစ်နည်းဆိုရသော် နိုင်ငံရေး၏အပေါ်က ရေးသားနေသည် မဟုတ်ပေ။ မြေရှင်ပဒေသရာဇ်ဘက်က၊ အရင်းရှင်ဘက်က၊ သို့မဟုတ် လယ်သမားဘက်က၊ အလုပ်သမားဘက်က စသည်ဖြင့် တစ်ဖက်ဖက်က ရေးသားနေခြင်းသာ ဖြစ်ပေသည်။

ခေတ်တစ်ခေတ်၏ အုပ်စိုးသော လူတန်းစားဘက်မှ ရပ်တည်၍ ရေးသားနေသော ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်သည် ယင်းအုပ်စိုးသော လူတန်းစား ကိုယ်စားပြုရာ နိုင်ငံရေးအား လက်တွေ့အကျိုးပြုနေခြင်းပင် ဖြစ်ပေသည်။ စာရေးဆရာတစ်ယောက်အား နိုင်ငံရေးလုပ်သည် မလုပ်သည်ကို စစ်ဆေးကာ ယင်းစာရေးဆရာသည် နိုင်ငံရေးနှင့် ဆက်စပ်ခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် မဟုတ်ပေ။ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်၌ မြေရှင်ပဒေသရာဇ်၊ အရင်းရှင်၊ လယ်သမား၊ အလုပ်သမား စသော ဝေါဟာရတစ်လုံးမျှ မပါသော်လည်း ယင်းလူတန်းစား တစ်စားစားကို အကျိုးပြုနိုင်ပေသည်။

ထို့ပြင် စာရေးဆရာက မိမိသည် မည်သည့်နိုင်ငံရေး လမ်းစဉ်ကို လိုက်နာပါသည် စသည်ဖြင့် ကြေညာခြင်းပြုသည် မပြုသည်နှင့် မဆိုင်ဘဲ စာပေတစ်ရပ်ကို အကဲဖြတ်ရာ၌ ယင်းစာပေကို ရေးသားဖန်တီးသော စာရေးဆရာသည် မည်သည့် လူတန်းစားဘက်က ရပ်တည်ရေးသားသနည်းဆိုသည်ကို အကဲဖြတ်ရပေမည်။ ဖိနှိပ်သော အုပ်စိုးသည့် လူတန်းစားဘက်ကလော၊ ဖိနှိပ်ခံပြည်သူများဘက်ကလော၊ အရင်းရှင်အာဏာရှင်ဘက်ကလော၊ ဆိုရှယ်လစ်အင်အားသစ်ဘက်ကလော စသည်ဖြင့် ဆန်းစစ်သော စာပေဝေဖန်ရေးသည် စာပေဝေဖန်ရေးသစ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်သစ်၌ စာပေဝေဖန်ရေးသည် ခေတ်ပြောင်းတော်လှန်ရေး၏ တပ်တစ်တပ်၊ အားတစ်အားဖြစ်နေသောကြောင့် ဖြစ်ပေသည်။

ပဒေသရာဇ်ဆန့်ကျင်ရေး၊ အရင်းရှင်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး စသော နိုင်ငံရေးလှုပ်ရှားမှု၌ စာပေ၏အခန်းကဏ္ဍသည် ပါဝင်ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု၌ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၊ ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးလှုပ်ရှားမှု စသည်ဖြင့် ကဏ္ဍများပါဝင်ပေသည်။ ယင်းနိုင်ငံရေးလှုပ်ရှားမှုများကို ထင်ဟပ်သော စာပေလှုပ်ရှားမှုများ၏ တိုးတက်ဖွံ့ဖြိုးလာသော အစဉ်ကိုကြည့်ကာ စာပေဝေဖန်ရေးသည်လည်း ယင်းစာပေလှုပ်ရှားမှုနှင့်အတူ ထက်ကြပ်မကွာလိုက်လာသည်ကို တွေ့ရပေသည်။ မြေရှင်ပဒေသရာဇ်ခေတ်မှ အရင်းရှင်ခေတ်သို့ ကူးပြောင်းလာသော၊ အရင်းရှင်ခေတ်တိမ်ကောပျက်စီးကာ ဆိုရှယ်လစ်ခေတ်သို့

mgyoe.com

ဦးတည်ရွေ့လျားလာသော တော်လှန်ရေးများ (ဝါ) နိုင်ငံရေး လှုပ်ရှားမှုများတွင် အသီးသီးစာပေလှုပ်ရှားမှုများကို တွေ့မြင်နိုင်သည်။ ယင်း စာပေလှုပ်ရှားမှုနှင့်အတူ စာပေဝေဖန်ရေးကိုလည်း တွေ့ရပေမည်။

ကျွန်တော်တို့ ယနေ့ခေတ် မြန်မာစာပေသမိုင်း၏ စာပေလှုပ်ရှားမှုများကို ကြည့်ပါက နယ်ချဲ့ဆန့်ကျင်ရေးခေတ်က စတင်ရပေမည်။ ခေတ်ဦးကာလအဖြစ် အမျိုးသားလွတ်လပ်ရေး၊ ကိုလိုနီဆန့်ကျင်ရေးခေတ်၊ နိုင်ငံရေးလှုပ်ရှားမှုနှင့် ဆက်စပ်သော စာပေလှုပ်ရှားမှု၊ ၎င်းနှင့် စာပေဝေဖန်ရေးတို့ကို ပြန်ကြည့်ရပေမည်။

❐

mgyoe.com

mgyoe.com

# ၃။ ခေတ်စမ်းစာပေနှင့် လှိုင်းဂယက်

## (၁)

## တက္ကသိုလ်ပရဝဏ်မှ ပဲ့တင်သံ

ဝါဒဖြန့်ချိရေး၊ ပြန်ကြားရေးစသော လုပ်ငန်းများမှာ နိုင်ငံရေးလှုပ်ရှားမှုများနှင့်အတူ တစ်ဆက်တည်း တွဲဖက်လာရသော တွဲဖက်လုပ်ငန်းရပ်များ ဖြစ်ပေသည်။ ယနေ့ခေတ်၌ နိုင်ငံရေးလှုပ်ရှားမှုဆိုသည်မှာ နိုင်ငံရေးအဘိဓမ္မာ (ဝါ) နိုင်ငံရေး သဘောတရားတစ်ခုခုကို အခြေခံလျက် ဦးတည်လှုပ်ရှားရသည်ဖြစ်ရာ ယင်း အဘိဓမ္မာ (ဝါ) သဘောတရားများကို လှုပ်ရှားမှုကြီး၌ ပါဝင်ဆောင်ရွက်လျက်ရှိသော အမာခံတပ်သားများ မှန်မှန်ကန်ကန် နားလည်ရန်၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း သဘောပေါက် ရှင်းလင်းစေရန်အတွက် ဝါဒဖြန့်ချိရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြရပေသည်။

မိမိတို့နိုင်ငံရေးအဖွဲ့အစည်းများက မည်သည့် နိုင်ငံရေးရာကိစ္စများ ဆောင်ရွက်လျက်ရှိသည်၊ အောင်မြင်လျက်ရှိသည် စသည်များကို ပြည်သူလူအများက သိရှိရန်၊ မရှင်းလင်းဘဲ ရှိနေသည်များ ပို၍ရှင်းလင်းသွားစေရန်၊ ရှုပ်ထွေးနေသည်များကိုလည်း ဖြေကြားရန် စသည့် ပြန်ကြားရေးလုပ်ငန်းများကိုလည်း လုပ်ကြရသည်။ ဝါဒဖြန့်ချိရေးလုပ်ငန်းနှင့် ပြန်ကြားရေးလုပ်ငန်းများမှာ ယှဉ်၍လုပ်ကြရသော လုပ်ငန်းများ ဖြစ်ကြပေသည်။

mgyoe.com

ထို့အတူပင် စာပေလှုပ်ရှားမှုများ၌လည်း ယင်းသို့ ဝါဒဖြန့်ချိရေးလုပ်ငန်း၊ ပြန်ကြားရေးလုပ်ငန်းများ ရှိပေသည်။ အဖွဲ့အစည်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဝါဒဖြန့်ချိရေး၊ပြန်ကြားရေးလုပ်ငန်းသဘောသက်ဝင်သော လုပ်ငန်းများကား အနည်းနှင့်အများဆိုသလို ရှိပေသည်။ အဖွဲ့အစည်းဆိုသည့် သဘောမှာလည်း သဘောထားတူသူချင်း၊ ရည်ရွယ်ချက်တူသူချင်းတို့၏ အစုအဝေးပင် ဖြစ်ပေသည်။ စာပေလှုပ်ရှားမှုများ၏ သဘာဝကိုလေ့လာကြည့်ပါက ယင်း ဝါဒဖြန့်ချိရေး၊ ပြန်ကြားရေးလုပ်ငန်းများကို စာပေဝေဖန်ရေးကဏ္ဍနယ်ပယ်၌ တွေ့ရတတ်ပေသည်။

အင်္ဂလိပ်လက်အောက်ခံခေတ် ၁၉၃၀ ပတ်ဝန်းကျင်လောက်က ရန်ကုန်တက္ကသိုလ် ကုံကော်ရိပ်မှ ခေတ်စမ်းစာပေဟု မှည့်ခေါ်လိုက်သော စာပေလှုပ်ရှားမှုတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ခေတ်စမ်းပုံပြင်၊ ခေတ်စမ်းကဗျာစသော စာအုပ် များကို ထုတ်ဝေလိုက်သောအခါ ထိုခေတ်၌ရှိကြသော မဂ္ဂဇင်း၊ သတင်းစာများက ချီးမွမ်းကြသည်၊ အပြစ်တင်ကြသည်၊ ဝေဖန်ကြသည်။ ထိုစဉ်က ခေတ်စမ်းစာပေဘက်မှ ပြန်၍ချေပကြသည်။ ရှင်းလင်းပြကြသည်။ ယခုခေတ် ဝေါဟာရဖြင့်ဆိုလျှင် ဝါဒဖြန့်ချိရေးလုပ်ငန်း၊ ပြန်ကြားရေးလုပ်ငန်းများကို လုပ်ကြသည်ဟု ဆိုရပေမည်။

ခေတ်စမ်းစာပေ၏ ခေါင်းဆောင်တစ်ယောက်ဖြစ်သော သိပ္ပံမောင်ဝသည် ကလောင်နာမည်ဝှက် အမျိုးမျိုးခံယူကာ ခေတ်စမ်းစာပေဘက်မှ ရေးသားခဲ့ပေသည်။ သူ၏ရေးသားချက်များကို သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာပေအထွေထွေ (၁၉၆၆) စာအုပ်၌ တွေ့ရှိရသည်။ သိပ္ပံမောင်ဝသည် ထိုခေတ်အခါက စာပေဝေဖန်ရေးဆရာတစ်ယောက် ဖြစ်ပေသည်။ သူသည် စာပေရေးရာသာမက ယဉ်ကျေးမှုရေးရာများစွာကိုလည်း ဝေဖန်သူတစ်ယောက် ဖြစ်ပေသည်။ အထူးသဖြင့် ခေတ်စမ်းစာပေ၏ ဝါဒဖြန့်ချိရေးမှူး၊ ပြန်ကြားရေးမှူးတစ်ယောက်ဟု ဆိုသင့်ပေသည်။

ခေတ်စမ်းစာပေသည် ၁၉၂၀ ပတ်ဝန်းကျင်ခေတ်လောက်ကစတင်ခဲ့သော ဝံသာနုခေါ် အမျိုးသားလှုပ်ရှားမှုကြီး၏ ထင်ဟပ်ချက်တစ်ရပ် ဖြစ်ပေသည်။ စာပေလှုပ်ရှားမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ ထင်ဟပ်ချက် မဟုတ်ပေလော။

ယင်းအချက်နှင့်ပတ်သက်၍ သိပ္ပံမောင်ဝ၏ ထိုအခါက ခေတ်စမ်းစာပေဘက်မှ ရေးသားခဲ့သော "ခေတ်စမ်းကဗျာ" ဆောင်းပါး၌ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

"ထို့နောက် ၁၂၈၂-ခုနှစ်၊ (၁၉၂၀) တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသား

mgyoe.com

mgyoe.com

သပိတ်မှောက်သော အရေးကိစ္စကြီးပေါ်၍လာ၏။ များမကြာမီအတွင်းမှာပင် တစ်နိုင်ငံလုံး အမျိုးသားကျောင်းများ ထွန်းကား၍လာလေသည်။ အမျိုးသားစိတ်ရှိလှသော ကျောင်းသားကလေးတို့မှာ မြန်မာစာပေကို အထူးကြိုးစားကာ လေ့လာကြကုန်၏။ အတန်ကြာလျှင် မြန်မာစာပေကို လိုက်စားလိုသောဆန္ဒမှာ အခြားကျောင်းများသို့လည်း ပျံ့နှံ့၍သွားကုန်၏။ ဆိုင်ရာအရာရှိတို့ကလည်း မနေနိုင်၊ ကျောင်းတိုင်းတွင် မြန်မာစာပေကို အားပေးရလေတော့၏။ တက္ကသိုလ်ကျောင်းတွင်လည်း ဦးဖေမောင်တင်၏ ပယောဂကြောင့် မြန်မာစာပေမှာ တစ်မျိုးခေတ်စားလာပြန်လေသည်"

"ခေတ်စမ်းပုံပြင်များ" ဆောင်းပါး၌ တစ်ဖန်...

"မြန်မာမင်းများ အဆက်ပြတ်သွားသည့်နေ့မှစ၍ မြန်မာစာပေမှာ တစ်စတစ်စ ဆုတ်ယုတ်၍သာ လာခဲ့လေသည်။ အင်္ဂလိပ်စာတို့ကသာလျှင် တစ်နေ့တခြား ကြီးပွားတိုးတက်၍ လာလေတော့သည်။ မြန်မာများအင်္ဂလိပ်စာကို လက်ဦးသင်ကြားစက အင်္ဂလိပ်စာပေကို နှစ်သက်မြတ်နိုး၍ သင်ကြားကြသည်မဟုတ်၊ အလုပ်ကလေး အကိုင်ကလေးများမှ ရစေတော့ဟူသော ရည်ရွယ်ချက်ဖြင့် သင်ကြားကြခြင်းဖြစ်လေသည်။ အင်္ဂလိပ်စာခေတ်စားလာသောအခါတွင် အင်္ဂလိပ်စာမသင်ကြားပါက လူရာမဝင်သကဲ့သို့ ဖြစ်နေကြရပေ၏။ ဤသို့ပင် အင်္ဂလိပ်စာကို လေ့လာသူပေါလေလေ၊ မြန်မာစာပေမှာ ဆုတ်ယုတ်လေလေဖြစ်၍ လာခဲ့သည်မှာ ၁၂၆၂–ခုနှစ်သို့ ရောက်ခဲ့၏...။

"ဗဟန်းရပ်တွင် အမျိုးသားကောလိပ်ဟူ၍ ကောလိပ်ကျောင်းတစ်ကျောင်းကို စတင်ကာဖွင့်၏။ မစ္စတာမောင်မှိုင်းဘွဲ့ခံ ဆရာလွန်းနှင့် ဒီးဒုတ်ဦးဘချိုတို့အား မြန်မာဆရာများ ခန့်ထားသည်။ အတော်ပင်ကောလိပ်ကျောင်းသားများ မြန်မာစာပေဘက်တွင် ခေါက်မိလိုက်ကြ၏။ အမျိုးသားကျောင်းတိုင်းတွင်လည်း အထက်တန်းကျသော မြန်မာကဗျာ၊ မြန်မာစကားပြေများကို သင်ကြားစေ၏။ အမျိုးသားကျောင်းများမှ ပြုစုပေးလိုက်သော မြန်မာစာပေ သစ်ပင်ကလေးမှာ တက္ကသိုလ်ကျောင်းသို့ရောက်သောအခါ ဆက်လက်၍ ပြုပြင်ပေးသူမရှိလျှင် အမှန်မုချပင် ပျက်စီးခြင်းသို့ ရောက်သွားရပေမည်။ ဤအခိုက်မှာပင် ပါမောက္ခဆရာ ဦးဖေမောင်တင်အင်္ဂလန်မှ ပြန်ရောက်လာခဲ့၏။

"အမျိုးသားကျောင်းများမှ ချပေးလိုက်သော မျိုးစေ့ကလေးများမှာ ဦးဖေမောင်တင်၏လက်သို့ရောက်သောအခါ ထွားထွားကျိုင်းကျိုင်း၊ သန်သန်မာမာဖြစ်၍လာကြ

mgyoe.com

ပေ၏။ အသီးအပွင့်တွေပင် သီးပွင့်နေကြလေပြီ” စသည်ဖြင့် သိပ္ပံမောင်ဝက ရေးသား ထားသည်ကို ဖတ်ရပေသည်။

ယင်းသည်ကား ခေတ်စမ်းစာပေဟုခေါ်သော စာပေလှုပ်ရှားမှုသည် အမျိုးသား လှုပ်ရှားမှုမှ မြစ်ဖျားခံကြောင်း သိပ္ပံမောင်ဝ၏ ဖော်ပြချက်ဖြင့် ထင်ရှားပေသည်။

ထို့နောက် ဆက်လက်၍ သိပ္ပံမောင်ဝက ခေတ်စမ်းစာပေ၏ လမ်းစဉ်ကိုဖော် ပြထားသည်။

“ထို့နောက် စာပေခေတ်ကြီးတွင် ပါဝင်နေကြရသော ကျောင်းသား သူငယ်တို့ သည်လည်း တက္ကသိုလ်ကျောင်းမဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့တွင် ကလောင်စမ်း သောအနေဖြင့် ကဗျာများ၊ စကားပြေများကို ရေးသားကြကုန်၏။ ဤသို့ စတင် ရေးသား၍ အတန်ကြာသောအခါ ရှေးရိုးအတိုင်း မရေးသား မဖွဲ့ဆိုမူ၍ တစ်နည်း ထွင်ကာ ခပ်ဆန်းဆန်းကလေး ဖွဲ့ဆိုရေးသားကြလေသည်။ ဆန်းသည် ဆိုရာ၌ ရေးသားစပ်ဆိုပုံရော၊ စိတ်ကူးစိတ်သန်းရော၊ ဆန်းကြယ်ခြင်းကို ဆိုလိုသည်...။

“မည်သည့်တိုင်းပြည်မဆို ကဗျာလင်္ကာ၊ ပန်းချီ၊ ပန်းပုပညာများ ထွန်းကား လာသောအခါ ဝါဒနှစ်မျိုး ပေါ်၍လာလေ့ရှိသည်။ ဤသို့ ဝါဒနှစ်မျိုးပေါ်လာသည်မှာ ယခုအခါမှမဟုတ်၊ ရှေးကလည်း ဤနည်းအတိုင်းဖြစ်၏။ ၎င်းဝါဒနှစ်မျိုးတို့ကား (က) ရှေးလမ်းရိုးကို လိုက်သောဝါဒ၊ (ခ) ရှေးလမ်းရိုးကိုမလိုက်ဘဲ အသစ် ထွင်သော ဝါဒများ ဖြစ်ကြလေသည်။ မှတ်သားလွယ်ကူစေရန် ပထမဝါဒကို ရှေးရိုးဝါဒဟု ခေါ်၍ ဒုတိယဝါဒကို ခေတ်စမ်းဝါဒဟုခေါ်ကြပါစို့...”

ယင်း သိပ္ပံမောင်ဝ၏ ဖော်ပြချက်အရ ခေတ်စမ်းစာပေသည် ရှေးရိုးအစဉ် အလာမှ လမ်းခွဲထွက်ခဲ့ခြင်းဖြစ်ကြောင်း ခေတ်စမ်းစာရေးဆရာများ ကိုယ်တိုင်က တိုင်းပြည်သိအောင် ထင်ရှားစေခဲ့သည်ဟု မှတ်ယူရပေမည်။

ကျွန်တော်တို့သည် ခေတ်စမ်းစာပေနှင့် ပတ်သက်၍ ၁၉၅၃–ကာလက “ရိုးရာ စာပေမှ လမ်းသစ်ခွဲထွက်သော စာပေလှုပ်ရှားမှုအဖြစ် ရိုက်ခတ်မြည်ဟည်းခဲ့ပေသည်” ဟု အကဲဖြတ်ခဲ့ဖူးပေသည်။

ရှေးရိုးအစဉ်အလာမှ မည်သို့မည်ပုံ လမ်းခွဲထွက်ခဲ့သည်ဟူသော အချက်နှင့် ပတ်သက်၍ သိပ္ပံမောင်ဝက ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရသည်။

“မြန်မာစာပေနှင့်ပတ်သက်၍ ယခုခေတ်တွင် ထွန်းကားနေသော ရှေးရိုးဝါဒ များနှင့် ခေတ်စမ်းဝါဒဖြစ်ကြောင်းကို အနည်းငယ် ရှင်းလင်းဖော်ပြရန် လိုပေသေး

mgyoe.com

mgyoe.com

၏။ ကဗျာဆိုသည်မှာ တန်ဆာဆင်ခြင်းကိုဆိုကြောင်း၊ ခေတ်စမ်းသမားတို့သည်လည်းကောင်း၊ ရှေးရိုးသမားတို့သည်လည်းကောင်း သဘောတူညီကြလေသည်။ သို့ရာတွင် တန်ဆာဆင်ပုံတွင်မှာကား သဘောကွဲပြားကြလေသည်။ ရှေးရိုးသမားတို့က တန်ဆာဆင်သည်ဆိုရာ၌ ဆိုလိုရင်းကို အသိုင်းအဝိုင်းများနှင့် တန်ဆာဆင်ခြင်းကိုဆိုသည်ဟု အယူရှိကြလေသည်။ ခေတ်စမ်းသမားတို့မှုကား ဤသို့မယူဆချေ။ မိမိတို့၏စိတ်ကူးကိုလည်းကောင်း၊ ဆိုလိုရင်းကိုလည်းကောင်း အသိုင်းအဝိုင်းများနှင့် တန်ဆာမဆင်ဘဲ လိုသလောက်အသုံးကျမည့် စကားလုံးနည်းနည်းနှင့် လိုရင်းရောက်အောင် တန်ဆာဆင်ခြင်းကို ဆိုလိုကြကုန်၏။

"ထိုမှတစ်ပါး ရှေးရိုးသမားတို့သည် အလှအပကို ပို၍အရေးပေးကြ၏။ ခေတ်စမ်းသမားတို့ကား အလှအပကိုချည်း ဂရုမစိုက်၊ အသုံးကျမကျ၊ အရာရောက်မရောက်တို့ကိုလည်း သတိထားကြပေသေးသည်။

"ရှေးရိုးသမားတို့၏ ကဗျာများကား လှပ၏။ ခေတ် (စမ်း) သမားတို့၏ ကဗျာ များကား လိုရင်းကိုသိလွယ်၏။ လင်္ကာဆရာ၏ အာဘော်ကို အမြန်သိရ၏။ စိတ် ထဲတွင် လှိုက်လှိုက်လှဲလှဲပေါ်၍လာသော အခြင်းအရာကို အခြားလူများသိလွယ်အောင် ဖွဲ့ဆိုခြင်းသည် ကဗျာဆရာ၏တာဝန်ဖြစ်သည်ဟု ခေတ် (စမ်း) သမားတို့က အယူရှိကြ၏။ မိမိတို့၏စိတ်ထဲတွင်ပေါ်လာသောအခြင်းအရာကို အသိုင်းအဝိုင်းများစွာနှင့် တခမ်းတနား ဆန်းကြယ်စွာဖွဲ့ဆိုနိုင်သူသာ ကဗျာဆရာအစစ်ဟု ရှေးရိုးသမားတို့က ဆိုကြလေသည်။"

ခေတ်စမ်းကဗျာနှင့်ပတ်သက်၍ ရှေးရိုးဝါဒသမားများဘက်က ဝေဖန်သည်ကို ပြန်လှန်ချေပထားသည်ကို တွေ့ရသည်။ သိပ္ပံမောင်ဝက "အချို့ပုဂ္ဂိုလ်တို့က ခေတ်စမ်းကဗျာများကို ဆို၍မရဟူ၍ ပြောကြလေသည်။ ဤသို့ပြောဆိုနေကြသူတို့ကား လင်္ကာနှင့်သီချင်းတို့ကိုခွဲခြား၍ မသိသူများသာ ဖြစ်ကြဟန်တူ၏။ သီချင်းတိုင်း ကို သီဆိုရန် စပ်ဆိုကြသော်လည်း လင်္ကာတိုင်းကို သီဆိုရန်စပ်ဆိုသည်မဟုတ်ပေ။ သီဆို၍မရသော လင်္ကာကိုကား လင်္ကာဟု ဆိုနိုင်လေသည်" ဟု ရေးထားသည်။

ယင်းချေပချက်ကို ဖတ်ရသောအခါ ယနေ့ခေတ်၌ ကျွန်တော်တို့ ရေးလျက်ရှိသော ကဗျာများအား ဝေဖန်ကြသည်ကို သွား၍သတိရမိသည်။ ကျွန်တော်၏ကာရန်အယူအဆ၊ ကဗျာအယူအဆနှင့်ပတ်သက်၍ ခေတ်စမ်းဆရာအချို့က ကျွန်တော်၏ ကဗျာများသည် ဆို၍မရသည့်သဘော ဝေဖန်ကြသည်။ ကဗျာကို ရွတ်ဆိုရန်ရေး

mgyoe.com

mgyoe.com


သည်မဟုတ် ဖတ်ရန်ရေးသည်ဟူသော ကျွန်တော်၏အယူအဆကို လက်မခံကြပေ။ တချို့သော စာပေဝေဖန်ရေးဆရာများက ကျွန်တော်၏ကာရန်အချို့ကို "မျက်စိကာရန်" ဟု အမည်ပေးလိုက်ကြသည်။

ခေတ်ပြောင်းသောအစဉ်၌ တစ်ရစ်ပြီးတစ်ရစ် အဆင့်ဆင့်ပြောင်းလဲသွားကြသည်လည်း ရှိသည်။ တစ်ခေတ်က ခေတ်အမီဆုံးပြောင်းလဲမှုတစ်ရပ်သည် နောင်ခေတ်တစ်ခေတ်၌ ရှေးရိုးရာအဖြစ် နေရစ်တော့သည်။

ယင်းစာပေခေတ် ပြောင်းလဲခြင်းသဘောတရားကို သိပ္ပံမောင်ဝသည် သဘောပေါက်လေသည်။ ထို့ကြောင့် သူက "ကျွန်တော်တို့လက်ထက်ခေတ်၌ ခေတ်စမ်းသမားတို့မှာ နောင်နှစ်အစိတ်ခန့်ကြာလျှင် ခေတ်စမ်းသမားများဟူ၍ပင် ပြောကြတော့မည်မထင်" ဟူ၍လည်းကောင်း၊ "ယခုခေတ်စမ်းဝါဒထက် ခေတ်ဆန်သောဝါဒများ နောင်ပေါ်ချင်လည်း ပေါ်လာပေဦးမည်" ဟူ၍လည်းကောင်း ဖော်ပြထားခဲ့ပေသည်။

ခေတ်ပြောင်းတော်လှန်ရေးတို့သည် တစ်ခေတ်ထက်တစ်ခေတ် တိုးတက်လာရမြဲဖြစ်ပေသည်။ မြေရှင်ပဒေသရာဇ်ခေတ်က အရင်းရှင်သည် ခေတ်ပြောင်းတော်လှန်ရေးသမားဖြစ်ခဲ့ပေသည်။ သို့သော် ဆိုရှယ်လစ်စနစ်သို့ တိုးတက်ကူးပြောင်းရမည်ရှိသောအခါ အရင်းရှင်သည် ဖောက်ပြန်ရေးသမား ဖြစ်သွားရလေတော့သည်။ စာပေလှုပ်ရှားမှုသည် နိုင်ငံရေးလှုပ်ရှားမှု၏ ထင်ဟပ်ချက်ဖြစ်သည့်အားလျော်စွာ စာပေလှုပ်ရှားမှုများသည် တစ်ခေတ်ထက်တစ်ခေတ် တိုးတက်သွားကြသော သဘာဝရှိပေသည်။

စစ်ပြီးခေတ်ရောက်သော် "စာပေသစ်" ဟူသော စာပေလှုပ်ရှားမှုတစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ယင်းစာပေလှုပ်ရှားမှုသည် အရင်းရှင်နယ်ချဲ့ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်စနစ်ဘက်သို့ ဦးတည်ရေး (ဝါ) ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ ထင်ဟပ်ချက်ဖြစ်ပေသည်။

ကျွန်တော်တို့သည် ခေတ်စမ်းစာပေနှင့် စာပေသစ်တို့၏ စာပေခေတ်ဆက်စပ်ပုံကို...

"ခေတ်စမ်းစာပေ လှုပ်ရှားမှုသည် ပဒေသရာဇ်စာပေမှ လမ်းခွဲထွက်ခဲ့သည်။ သို့သော် အရင်းရှင်နယ်ချဲ့ဆန့်ကျင်ရေးအထိကား တိုးတက်ခြင်း မရှိပေ။ ဆိုလိုသည်မှာ ခေတ်စမ်းစာပေသည် ပဒေသရာဇ်စာပေထက် တိုးတက်မှုကတော့ရှိသည်။ သို့သော်

mgyoe.com

mgyoe.com


အရင်းရှင်နယ်ချဲ့ဆန့်ကျင်ရေးအဆင့်သို့ မရောက်ပေ" ဟူ၍လည်းကောင်း...

"စာပေသစ်သည် ခေတ်စမ်းစာပေ စသောစာပေလှုပ်ရှားမှုတို့ လမ်းကြောင်း အစဉ်အလာမှ လမ်းသစ်ခွဲထွက် တစ်ဆင့်တက်၍လာသည်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် စာပေသစ်သည် ပြင်းထန်စွာလှုပ်ရှားထကြွနေသော နိုင်ငံရေးတိုက်ပွဲများကို ထင်ဟပ်ပြီး အရင်းရှင်နယ်ချဲ့ဆန့်ကျင်ရေးကို ဖော်ပြခြင်း၊ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဦးတည်ခြင်း စသည့်သဘောများ သက်ဝင်သောကြောင့် ဖြစ်သည်" ဟူ၍လည်းကောင်း အကဲဖြတ်ခဲ့ကြပေသည်။ (၁၉၅၃)။

## (၂)
## အနောက်မှ ပန်းရနံ့

ကမ္ဘာပေါ်ရှိ တိုင်းပြည်များသည် တစ်ပြည်နှင့်တစ်ပြည် မြစ်ချောင်း၊ တောတောင်၊ ပင်လယ်၊ သမုဒ္ဒရာ၊ ကန္တာရတို့ဖြင့် ခြားနားကွာလှမ်းကာ အမျိုးသားနယ်နိမိတ်တို့ဖြင့် ကွဲပြားနေသည်ဆိုသော်လည်း တစ်တိုင်းပြည်၏ နိုင်ငံရေးလှုပ်ရှားမှုသည် အခြားတိုင်းပြည်များသို့ ဩဇာအရှိန်သက်ရောက်ပျံ့နှံ့နိုင်ပေသည်။ ဂြိုဟ်တုလွှတ်နေသော စပုဉ်စ်ခေတ်၌ကား ပို၍ပင် ဆက်စပ်ရိုက်ခတ်လျက်ရှိပေသည်။ ယနေ့တောင်ဗီယက်နမ်အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ အောင်ပွဲများသည် အာရှ၊ အာဖရိက၊ လက်တင်အမေရိကတိုက်တစ်လွှားရှိ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုစစ်မြေပြင်များသို့ ပဲ့တင်သံမြည်ဟည်းလျက် ရှိနေပေသည်။ ဗီယက်နမ် တပ်ဦးအလံသည် ပဲရစ်မြို့လယ်ရှိ နော်တာဒမ်ဘုရားရှိခိုးကျောင်းမှန်ကင်း၌တလူလူ စိုက်ထူခဲ့သည်။

၁၉ ရာစုနှစ်ကာလ၌ မြန်မာနိုင်ငံသည် အနောက်နိုင်ငံ၏ အရင်းရှင်စီးပွားရေးစနစ်ရိုက်ခတ်မှုနှင့် စတင်ထိတွေ့လာရပေသည်။ အနောက်ဘက်၌ မြေရှင်ပဒေသရာဇ်စနစ်တိမ်ကော၍ စက်မှုလက်မှုအရေးတော်ပုံကြီး ပေါ်ပေါက်သည်။ စက်ရုံ၊ အလုပ်ရုံများ မှိုပွင့်ကဲ့သို့ ထွန်းသစ်ကာ အရင်းရှင်စနစ်ကြီး အမြစ်တွယ်လာသည်။ မြန်မာနန်းတွင်းသူသည် "သဇင်သင်းပါတဲ့ခင်းပြန့်ပေါ် 'နေရာမှ' သင်းပျံ့အေးကြည်၊ အီစတန်ပက်ပါလို့၊ ကတိယံထက်မှာလှ" သို့ ရောက်လာသည်။ အီစတန် ပြင်သစ်ရေမွှေးကို သုံးလာသည်။ ဥရောပမှ စက်ရုံများ လည်ပတ်နိုင်ရန် ကုန်ကြမ်းကို အာရှတိုက်သို့ လာရှာကြသည်။ အရင်းရှင်စနစ်မှ နယ်ချဲ့စနစ်ပေါက်ဖွားလာသည့်အတိုင်း မြန်မာနိုင်ငံသို့လည်း ပြင်သစ်၊ အင်္ဂလိပ်နယ်ချဲ့သမားများ အပြိုင်ဝင်ရောက်

mgyoe.com

mgyoe.com


လာကြပြီး နောက်ဆုံး အင်္ဂလိပ်နယ်ချဲ့က မြန်မာနိုင်ငံကို စစ်ပွဲသုံးပွဲဖြင့် မတရားသိမ်းယူလိုက်လေတော့သည်။ အင်္ဂလိပ်ဘာသာသည် ရုံးသုံးဘာသာဖြစ်လာသည့်အတွက် ကြေးရတတ်များ၊ အစိုးရအမှုထမ်းလိုသူများသည် အင်္ဂလိပ်ကျောင်းများတွင် နေလာကြရသည်။

၁၉၃၀ ပတ်ဝန်းကျင်၌ ပေါ်ပေါက်လာသော ခေတ်စမ်းစာပေ၌ တက္ကသိုလ်ပညာတတ်များ ပါလာခြင်းနှင့်ပတ်သက်၍ သိပ္ပံမောင်ဝက "ဝိဇ္ဇာ၊ မဟာဝိဇ္ဇာများရေးသား၍ ပါမောက္ခဦးဖေမောင်တင် ထုတ်ဝေလိုက်သော ခေတ်စမ်းပုံပြင်စာအုပ်ထွက်ပေါ်သည်မှာ မကြာသေးပေ" ဟု ဖော်ပြထားသည်။

ထိုခေတ်အခါက ခေတ်စမ်းစာပေများ ထွက်လာသောအခါက တစ်ဖက်က အပြစ်တင်ကြသည်၊ ဝေဖန်ကြသည်၊ ကဲ့ရဲ့ကြသည်။ ယင်းကဲ့သို့ ကဲ့ရဲ့ကြ၊ ဝေဖန်ကြရာ၌ တက္ကသိုလ်အမည်နာမတပ်၍ ရေးကြဟန်ရှိသည်။ သိပ္ပံမောင်ဝက ယင်းခေတ်စမ်းစာပေဘက်မှ ကာကွယ်ချေပရေးသားသော "ခေတ်စမ်းစာပေ" အမည်ရှိဆောင်းပါး၌ "ရန်ကုန်တက္ကသိုလ်ကိုချိုးလိုသူများသို့" ဟု ခေါင်းစဉ်ငယ် တပ်ထားပေသည်။

ယင်း ဆောင်းပါး၌...

"တက္ကသိုလ်ကျောင်းသားများ ရေးသားထားသောစာများကို အရမ်းမဲ့ပုတ်ခတ်နေသည်မှာ အတော်ပင်ကြာလေပြီ။ ဤသို့ အရမ်းမဲ့ ပုတ်ခတ်ကြသောကြောင့် တက္ကသိုလ်ကျောင်းသားများ၏ စာပျက်စာညံ့များမှာ ပျောက်ကွယ်သွားကြပါ၏လော။ မပျောက်ကွယ်သွားပါ။ မပျောက်ကွယ်သွားရုံမျှမကသေး၊ တိုး၍,တိုး၍သာ လာလေပြီ။ ရှေးအခါက တက္ကသိုလ်ကျောင်းသား၏စာများကို တက္ကသိုလ်မဂ္ဂဇင်းမှာသာ ဖတ်ရ၏။ ယခုကား နေရာတကာသို့ ရောက်ကုန်ကြပြီ..." ဟူ၍လည်းကောင်း...

"အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တက္ကသိုလ်ကျောင်းသားစာရေးသူများအား ပုတ်ခတ်ဆဲရေးနေရင်းပင် တက္ကသိုလ်ကျောင်း၏ ကလောင်များမှာ မြန်မာပြည်တွင် အနှံ့အပြားဝင့်ကျယ်နေကြလေပြီ။ ဤသို့ တက္ကသိုလ်ကျောင်းသား ကလောင်ရှင်တို့အား အရမ်းမဲ့ဆဲရေးပုတ်ခတ်နေရုံနှင့် တက္ကသိုလ်ကလောင်ရှင်များ ပပျောက်၍သွားမည်မဟုတ်ကြောင်းကို ရိပ်မိရန် အချိန်တန်ပြီ။ ဤသို့ ရိပ်မိရန် အချိန်တန်ပြီဖြစ်လျက် မရိပ်မိသေးလျှင် မရိပ်မိသူ၏အပြစ်သာဖြစ်၏။ တက္ကသိုလ်ကျောင်းသားတို့၏ အပြစ်မဟုတ်ပေ" ဟူ၍လည်းကောင်း...

mgyoe.com

mgyoe.com


"တက္ကသိုလ်ကျောင်းသားတို့၏ စာပေများမှာ လှိုင်းတံပိုးကဲ့သို့ နေ့ချင်းညချင်း တိုးတက်လာသည်ကို မြင်လျက် လက်ပိုက်ကာ ကဲ့ရဲ့ဝမ်းနည်းနေ၍မဖြစ်၊ ကျောက်တန်း၊ ကျောက်ဆည်တည်းဟူသော မိမိတို့ရေးသားကြသော စာပေများဖြင့် ပိတ်ဆို့တားဆီး ကြကုန်လော့။ သို့မဟုတ်လျှင် ခရီးလွန်ကုန်လိမ့်မည်။ တက္ကသိုလ်ကျောင်းသားများ၏ စာပေတည်းဟူသော ရေတိမ်နစ်မွန်းမျောပါချင်ကြပါသလော။ အကယ်၍ ကျွန်ုပ်ဖော်ပြ သော နည်းအတိုင်း ဆောင်ရွက်၍မှ တက္ကသိုလ်ကျောင်းသားတို့၏ စာပေများပပျောက် ၍ မသွားပါလျှင် မိမိတို့၏ခေတ်မှာ ကုန်လေပြီဟူ၍ စိတ်ချကာ အေးအေးဆေးဆေး လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်ကြပါလော့။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ တက္ကသိုလ်ကျောင်းသားတို့၏စာပေမှာ မြန်မာပြည်တွင် လွှမ်းမိုးတော့မည်" စသည်ဖြင့် ဖော်ပြထားပေသည်။

ယင်း သိပ္ပံမောင်ဝ ရေးသားချက်များအရ ခေတ်စမ်းစာပေခေါင်းဆောင်မှုမှာ တက္ကသိုလ်ပညာတတ် အသိစိတ်ရှိကြောင်း ထင်ရှားပေသည်။

ခေတ်စမ်းစာပေ စာရေးဆရာ၊ ကဗျာဆရာများသည် ခေတ်ပညာတတ်များ ဖြစ်သည့်အတိုင်း ထိုခေတ် ဥရောပရှိ အနုပညာအယူအဆ၊ သြဇာများ ဝင်ရောက်သည် ဟု ဆိုနိုင်ပေသည်။ ယင်းသည်လည်း သဘာဝကျပေသည်။ တစ်ပြည်နှင့် တစ်ပြည် ကူးလူးဆက်ဆံမှု ရှိသလောက်နိုင်ငံခြားသြဇာများ သက်ရောက်နိုင်ပေသည်။ ဗုဒ္ဓ ဘာသာဆိုလျှင် အိန္ဒိယပြည်မှ ဝင်ရောက်လာသည် မဟုတ်ပေလော။ ဂရိတ်အယူ အဆ၊ ရောမအယူအဆများသည် ဥရောပတိုက်၌ ကူးစက်ပျံ့နှံ့နေသည် မဟုတ်ပေလော။

ခေတ်စမ်းစာပေ၌လည်း အနောက်တိုင်း အတွေးအခေါ်များ၏ သြဇာသက် ရောက်နေခြင်းကို သိပ္ပံမောင်ဝက ဝန်ခံထားပေသည်။

"အမျိုးသားကျောင်းများ၏ လုံ့လ၊ ဦးဖေမောင်တင်၏လုံ့လကြောင့် ၁၄– နှစ်အတွင်း မြန်မာစာပေအသီးအပွင့်တို့ကို ဆွတ်ယူစားသုံးကြရလေပြီ။ သို့သော် အသီးအပွင့်တို့မှာ ရှေးမြန်မာစာပေ အပင်ကြီးများ၏ အသီးအပွင့်များနှင့်မတူ၊ အနောက်နိုင်ငံမှလာသော မြေသြဇာများဖြင့် စိုက်ပျိုးသောအပင်တို့မှ သီးပွင့်သော အသီးအပွင့်များဖြစ်သောကြောင့် တစ်မျိုးဖြစ်လျက် နေပေသည်" ဟူ၍ ခေတ်စမ်း ပုံပြင်များ ဆောင်းပါး၌ သိပ္ပံမောင်ဝက ဖော်ပြထားပေသည်။

ခေတ်စမ်းစာပေ စကားပြေ အရေးအသားနှင့် ပတ်သက်၍လည်း ဝါကျအတိုမ များ သုံးနှုန်းခြင်းအကြောင်း သိပ္ပံမောင်ဝကပင် ရှင်းလင်းထားသည်။

mgyoe.com

mgyoe.com


"ကပြားစာပေ" ဟူသော ခေါင်းစဉ်ဖြင့်...

"ယခုခေတ်တွင် ပညာဝန်ဦးဖိုးကျားနှင့် သိပ္ပံမောင်ဝ အမည်ခံပုဂ္ဂိုလ်တို့သည် မြန်မာစာပေ ရေးသားရာ၌ ဝါကျ တိုတိုတောင်းတောင်းကလေးများကို အသုံးပြုကြရာ မိမိတို့ဆိုလိုရင်းအချက်သို့ ရောက်အောင် ရေးသားနေလေ့ရှိကြသည်ကို တွေ့မြင်ဖတ်ရှု ရပေသည်။ ၎င်းတို့ ရေးသားချက်များကို ကြိုက်သူလည်းရှိ၊ မကြိုက်သူတို့လည်း အများအပြားပင် ရှိကြလေသည်။ မည်သည့်နေရာ၊ မည်သည့်အရာမှာမဆို လူတစ်ကိုယ်လျှင် အကြိုက်တစ်မျိုးစီ ရှိသောကြောင့် ဦးဖိုးကျား၊ သိပ္ပံ မောင်ဝတို့၏ စာပေအရေးအသားနှင့်ပတ်သက်၍ အကြိုက်အမျိုးမျိုး ကွဲပြား၍နေသည်မှာ အံ့သြစရာ မဟုတ်ပေ။

"သို့ရာတွင် ၎င်းပုဂ္ဂိုလ်များ ရေးသားသော စာတို့မှာ ကလေးကလားနိုင်သည်။ အင်္ဂလိပ်စာပေကို နှယ်သောကြောင့် ကပြားစာပေဖြစ်သည်။ ၎င်းတို့သည် မြန်မာစာပေကို ကမောက်ကမဖြစ်အောင် လုပ်ကြသည်ဟူ၍ ပြောဆိုစွပ်စွဲနေကြခြင်းကား အလျင်းသင့်လျော်မည်မထင်"

ဤနေရာ၌ "အင်္ဂလိပ်စာပေကို နှယ်သောကြောင့် ကပြားစာပေဖြစ်သည်" ဟူသော တစ်ဖက်သော စာပေဂိုဏ်းက ဝေဖန်ကဲ့ရဲ့သည်ကို ဖြေရှင်းထားခြင်း ဖြစ်သည်။

တစ်ဖန် ဆက်လက်၍ စာပေရေးသားမှု အတတ်ပညာနှင့်ပတ်သက်၍လည်း သိပ္ပံမောင်ဝက ခေတ်စမ်းစာပေ၏ စာပေပုံသဏ္ဌာန်သဘောတရားကို ရှင်းလင်းဖော်ပြထားပေသည်။

"စာအရေးအသားဆိုသည်မှာ ရေးသားသူ၏ ဆိုလိုရင်းအချက်ကို စာဖတ်သူတို့ နားလည်စေရန်ဖြစ်လေသည်။ ထို့ထက် တစ်ဆင့်တက်ကာ စာဖတ်သူတို့ ဖတ်ချင်လာအောင်၊ နားထောင်ချင်လာအောင်လည်း ရေးသားလေ့လည်းရှိလေသည်။ ဤသို့ စာဖတ်သူများ နားလည်စေရန်နှင့် စာဖတ်သူတို့ နှစ်သက်စွဲလမ်းလာရန် ရေးသားခြင်း၌ ဝါကျတိုသည်-ရှည်သည်တို့မှာ အရေးကြီးသောအရာမဟုတ်။ အချို့စာရေးကျော်တို့သည် ဝါကျတိုတိုကလေးများဖြင့် စာဖတ်သူတို့ နာပျော်လာအောင် မိမိရေးဆိုလိုရင်းကို ဖွင့်ဟကြလေသည်။ အချို့ကမူကား ဝါကျရှည်ကြီးများကို အသုံးပြုကြလေသည်။ အချို့ကလည်း ဝါကျရှည်၊ ဝါကျတိုများကို ရောနှောရေးသားလေ့ရှိကြလေသည်။ ဝါကျတိုသည်၊ ရှည်သည်က ပဓာန မဟုတ်ပေ။ စာရေးသူ၏ စိတ်ကူးဆန်းကြယ်ခြင်းတို့ကသာလျှင် ပဓာနဖြစ်လေသည်"

mgyoe.com

mgyoe.com


ယင်း သိပ္ပံမောင်ဝ၏ နာမည်ဝှက်အမျိုးမျိုးဖြင့် ခေတ်စမ်းစာပေဘက်မှ ရှင်းလင်းဖော်ပြသော အရေးအသားများကိုထောက်ရှု၍ ခေတ်စမ်းစာပေသည် အနောက်နိုင်ငံ၏ ဩဇာရိပ်မကင်းကြောင်း ထင်ရှားစွာ တွေ့မြင်ရပေသည်။

ကမ္ဘာကြီးသည် တစ်ပြည်နှင့်တစ်ပြည် ဆက်သွယ်၍ နေကြသည်သာ ဖြစ်ပေသည်။ ပြည်သူများ၊ လူတန်းစားများသည်လည်း ဆက်သွယ်နေကြပေသည်။ တစ်ပြည်က တော်လှန်ရေးသည် တခြားတစ်ပြည်သို့ ပဲ့တင်ရိုက်ခတ်ပေသည်။ ယင်းသို့တစ်နိုင်ငံက အတွေးအခေါ်တစ်ရပ်သည် အခြားတစ်နိုင်ငံသို့ ဝင်ရောက်လာသည်ဆိုရာတွင် ယင်းလက်ခံသော နိုင်ငံ၏လိုအပ်ချက်နှင့် ကိုက်ညီသောကြောင့်သာ 'ဩဇာရိပ်' ကိန်းအောင်းနေနိုင်ခြင်း ဖြစ်ပေသည်။

၁၉၁၇–ခု ရုရှားပြည်တွင် အောက်တိုဘာ ၁၇ တော်လှန်ရေးကြီး ဖြစ်ပွားသောအခါ နီးစပ်သော ဥရောပသာမက အာရှတိုက် အပါအဝင် တစ်ကမ္ဘာလုံးသို့ ရိုက်ခတ်သွားခဲ့သည်။ ပစ္စည်းမဲ့ဆင်းရဲသားများသည် တော်လှန်ရေးဖြင့် နိုင်ငံရေးအာဏာကို ရရှိလာသည် ဆိုသည်ကို အခြားသော အမျိုးသားနိုင်ငံများရှိ ပစ္စည်းမဲ့ ဆင်းရဲသားများကလည်း ခံစားလာခဲ့ပေသည်။ အလုပ်သမားလူတန်းစားက အာဏာသိမ်းကာ အလုပ်သမားနိုင်ငံတော်ကြီး ထူထောင်သည်ဆိုသော အောက်တိုဘာ တော်လှန်ရေး၏ နိုင်ငံရေးအသိကို တစ်ကမ္ဘာလုံးရှိ အလုပ်သမားထုကြီးက နားလည်ခံစားသိရှိနေကြပေသည်။ ဇာဘုရင်ပြုတ်ကျသွားသည်ကို ကြားသောအခါ အစိုးရများသည် တုန်လှုပ်သွားကြသည်။

ပစ္စည်းမဲ့ ဆင်းရဲသားများသည် မည်သည့်နိုင်ငံမှာပင်ဖြစ်စေ သွေးစုပ်ခံ၊ အဖိနှိပ်ခံရသော ဘဝခံစားမှုဒွိကား အတူတူပင်ဖြစ်ပေသည်။ ခေါင်းပုံအဖြတ်ခံရသည်မှာလည်း ထပ်တူထပ်မျှပင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် "ကမ္ဘာ့အလုပ်သမားများ ညီညွတ်ကြလော့" ဟူသော ကြွေးကြော်သံသည် ကမ္ဘာပေါ်ရှိ အလုပ်သမားများအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး ဆွဲငင်နိုင်စွမ်းရှိခြင်းဖြစ်ပေသည်။ "လူမျိုးပေါင်းစုံတို့" ဟူသော ပဲရစ်ပုန်ကန်ထကြွမှုမှ ပေါ်ပေါက်လာသည့် တေးသီချင်းကို တစ်ကမ္ဘာလုံးရှိ အလုပ်သမားအဖွဲ့အစည်းများက သီကျူးလျက်ရှိပေသည်။ ထို့ကြောင့်ပင်လျှင် ပစ္စည်းမဲ့ လူမျိုးပေါင်းစုံ ချစ်ကြည်သွေးစည်းရေးဝါဒဟူသော အဘိဓမ္မာသည် ပေါ်ထွန်းလာခြင်းဖြစ်ပေသည်။

၁၉၃၀–က ပေါ်ပေါက်ခဲ့သော ခေတ်စမ်းစာပေသည် အနောက်မှ ဩဇာရိပ်

mgyoe.com

mgyoe.com


မကင်းသလိုပင် စစ်ပြီးခေတ်၌ ပေါ်ပေါက်လာသော "စာပေသစ်" အမည်ရှိ စာပေလှုပ်ရှားမှုသည်လည်း မတ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းတို့၏ ဆိုရှယ်လစ် အဘိဓမ္မာများမှ ဩဇာရိပ်မကင်းဟု ဆိုနိုင်ပေသည်။ ယင်း ဆိုရှယ်လစ် အတွေးအခေါ် ဝင်ရောက်လာနိုင်ခြင်းမှာလည်း လိုအပ်ချက်ကြောင့် ဖြစ်ပေသည်။ စစ်ပြီးခေတ်၌ တက်ကြွလာသော ပြည်သူ့တော်လှန်ရေးများကြောင့်လည်း တော်လှန်ရေးအဘိဓမ္မာများ မည်သည့်နိုင်ငံကဖြစ်စေ ဝင်ရောက်ကိန်းအောင်းနိုင်ခြင်း ဖြစ်ပေသည်။ ယင်း ပြည်သူ့တော်လှန်ရေးဟူသော နိုင်ငံရေးလိုအပ်ချက်မရှိလျှင်လည်း မည်သည့်နိုင်ငံကမှ တော်လှန်ရေးအဘိဓမ္မာများ ဝင်လာနိုင်မည်မဟုတ်ပေ။ အမြစ်တွယ်နိုင်မည်မဟုတ်ပေ။ အခြားနိုင်ငံမှ အဘိဓမ္မာသည် အဓိကမဟုတ်။ မိမိနိုင်ငံတွင်းမှ ဖြစ်ပေါ်နေသော အခြေအနေကသာလျှင် အခြေအနေတူ၊ ဘဝတူကို တင်စား ဟပ်မိသောအဘိဓမ္မာကို ဖိတ်ခေါ်ခြင်းမည်သည် ဖြစ်ပေသည်။ ပြည်တွင်း အခြေ အနေကသာလျှင် အဓိကဖြစ်ပေသည်။ တစ်ကမ္ဘာလုံးသို့ ဆိုရှယ်လစ်ဝါဒများ ပျံ့နှံ့နေသည်မှာ ယင်းအကြောင်းတရားများကြောင့် ဖြစ်၍ မဆန်းပေ။

မြန်မာ့ရိုးရာ အစဉ်အလာ စာပေနှင့် အနောက်နိုင်ငံ စာပေများနှင့် တွေ့ကြုံရင်းနှီးသော တက္ကသိုလ်ကျောင်းသားများသည် ခေတ်စမ်းစာပေကို ရေးသားကြသကဲ့သို့ပင် စစ်နှင့်တော်လှန်ရေး (ဝါ) နိုင်ငံရေးတိုက်ပွဲ အတွေ့အကြုံများကြားထဲမှ ထွက်ပေါ်လာသူ လူငယ်စာပေသစ်သမားများသည် ဆိုရှယ်လစ် သရုပ်ဖော် စာပေဘက်သို့ ဦးတည်သော အဖွဲ့အနွဲ့များကို ရေးသားလာကြပေသည်။

❐

mgyoe.com

mgyoe.com

# ၄။ စာပေသစ်နှင့် လှိုင်းဂယက်

## (၁)

## လွတ်လပ်စ ပျိုမျစ်သော အမျိုးသားနိုင်ငံတော်နှင့် စာပေ

၁၉၄၈–သည် မြန်မာ့နိုင်ငံရေးသမိုင်း၌ မှတ်တိုင်တစ်တိုင် ဖြစ်ပေသည်။ နိုင်ငံရေးလှုပ်ရှားမှု၌ အရေးကြီးသကဲ့သို့ပင် စာပေလှုပ်ရှားမှု၌လည်း အရေးကြီးလှပေသည်။

၁၉၄၈–၌ မြန်မာနိုင်ငံသည် နှ–အက်တလီ စာချုပ်အရ လွတ်လပ်ရေးကြေညာလိုက်သည်။ ဝိတိုရိယ ဗိသုကာဆန်သော ယခင် ဘုရင်ခံအိမ်တော် (ဖဆပလခေတ်၌ သမ္မတအိမ်တော်၊ ယနေ့ခေတ်၌ အစိုးရဂေဟာ) မှ ယူနီယံဂျက်အလံသည် မြေသို့လျှောကျကာ မြန်မာပြည်ထောင်စုအလံသည် တလူလူလွင့်ခဲ့သည်။

မြန်မာနိုင်ငံ၏ အမျိုးသား လွတ်လပ်ရေးတိုက်ပွဲကဏ္ဍသည် တစ်ခန်းရပ်ခဲ့သည်။ သို့ဖြစ်၍ နိုင်ငံရေးတိုက်ပွဲတို့သည် ကုန်ဆုံးသွားပြီလော။ မကုန်ဆုံးသွားခဲ့ပေ။ မကုန်ဆုံးသွားရုံမက ပို၍ပင် များပြားရှုပ်ထွေးလာသည်။ ပို၍ပင် နက်ရှိုင်းကျယ်ပြန့်လာသည်။ ပို၍ပင် အရည်အချင်းအရ ကြီးမားလာတော့သည်။

မြန်မာနိုင်ငံသည် နိုင်ငံရေးအရ လွတ်လပ်သော်လည်း စီးပွားရေးအရ မလွတ်လပ်ခဲ့ပေ။ စီးပွားရေးမလွတ်လပ်လေသောအခါ နိုင်ငံရေးတွင် အကျိုးသက်ရောက်လေတော့သည်။ ယင်းသို့ စီးပွားရေးလွတ်လပ်မှုနှင့် နိုင်ငံရေးလွတ်လပ်မှုသည် အပြန်အလှန်မှီတွယ်နေကြပေသေးသည်။

mgyoe.com

လွတ်လပ်ရေးပြဿနာကို ဖြေရှင်းတန်သလောက် ဖြေရှင်းနိုင်ခဲ့သော်လည်း ဒီမိုကရေစီပြဿနာကိုကား မဖြေရှင်းနိုင်ပေ။ သို့ဖြစ်ခြင်းကြောင့် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ပျက်ပြားခဲ့သည်။ လွတ်လပ်ရေးကြေညာပြီး (၂) လအကြာတွင် ပြည်တွင်းစစ်မီးကြီး တောက်လောင်လေတော့သည်။ တိုင်းရင်းသားလူမျိုးစုအချို့က လည်း ဖဆပလ အစိုးရကို တော်လှန်ကြကုန်သည်။

လွတ်လပ်ရေးကြေညာစဉ်က "ဆိုရှယ်လစ်နိုင်ငံတော် တည်ထောင်မည်" ဟု ကြေညာခဲ့ပေသည်။

အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွင် ရှေ့တန်းက ပါဝင်ခဲ့သော လူငယ်ခေါင်းဆောင်များသည် လူထုလှုပ်ရှားမှု အတွေ့အကြုံနှင့် မတ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ လေ့လာမှုရှိသူများ ဖြစ်ကြသည်။ သူတို့၏ရည်မှန်းချက်မှာ ဆိုရှယ်လစ်လောက တည်ထောင်ရေးဖြစ်ခဲ့ကြသည်။ ဆိုရှယ်လစ်ဝါဒကျမ်းများမှာ သူတို့ လေ့လာမှတ်သားခဲ့ရာ ကျမ်းများဖြစ်ခဲ့ကြသည်။

၁၃၀၀ ပြည့် အရေးတော်ပုံခေတ်ကာလ ပတ်ဝန်းကျင်လောက်ကစ၍ တက်ကြွသော လူငယ်များ၏ နှုတ်ဖျား၌ "ဆိုရှယ်လစ်ဝါဒ" ဟူသော ဝေါဟာရသည် ခေတ်စားခဲ့သည်။ ယင်း လူငယ်များပါဝင်ဆောင်ရွက်သော နိုင်ငံရေးအဖွဲ့အစည်းများကလည်း ဆိုရှယ်လစ်စနစ်ကို ရည်မှန်းချက်အဖြစ် ပြဋ္ဌာန်းကြသည်။ ယင်းလူငယ်များ ခေါင်းဆောင်သော နိုင်ငံရေးအဖွဲ့အစည်းများ နိုင်ငံရေးအာဏာရသောအခါမူကား လုပ်ငန်းစဉ်နှင့် သဘောတရားဝါဒတို့သည် ကွဲပြားခြားနားလာကြတော့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ ဆိုရှယ်လစ်ဆန်သော ဝေါဟာရများ သုံးစွဲရေးသားခဲ့ကြသည်။ ဆိုရှယ်လစ်စနစ်တွင်ပါသော သမဝါယမ၊ ပြည်သူပိုင် လုပ်ခြင်း၊ ၄–နှစ်စီမံကိန်း စသည်များ ဆောင်ရွက်ကြသည်။ ဖဆပလသည် "ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒ" စသည်ဖြင့် သူတို့ကျင့်သုံးပုံကို ဖော်ပြကြသည်။

ဆိုရှယ်လစ်ဝါဒမျိုးစေ့သည်ကား အမျိုးသားလွတ်လပ်ရေးကြိုးပမ်းသည့် စစ်မဖြစ်မီခေတ်ကပင် ပျိုးခဲ့သည်မဟုတ်ပေလော။

၁၃၀၀–ပြည့် အရေးတော်ပုံဟု ထင်ရှားသော ၁၉၃၈–၃၉ အထွေထွေသပိတ်ကြီးမှ အရေးတော်ပုံတပ်သားများသည် အလုပ်သမား၊ လယ်သမား၊ ပညာရှင်များ၏ မဟာမိတ် ပြည်သူ့တပ်ပေါင်းစုဖြင့် အင်္ဂလိပ်နယ်ချဲ့စနစ်ကို တုန်လှုပ်သွားအောင် ပြုလုပ်နိုင်သည်ဟူသော နိုင်ငံရေးအသိကို ရရှိခဲ့ကြသည်။ သူတို့လေ့လာ ဖတ်ကြား